The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL . 16, NO . 34 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | September 12 , 2016

# ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ တရုတ်၊ ထိုင်းနဲ့ အိန္ဒိယဆိုင်ကယ်များ ပိုမိုတင်သွင်း

|စာမျက်နှာ-၁၆|

# တတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ထုပ်ပိုးမှုဆိုင်ရာ ကုန်စည်ပြပွဲ ပြသမည်

|စာမျက်နှာ-၂၀|

# MPT က စမတ်ဖုန်းများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးမည့် အပြင်အထူးလက်ဆောင်များကိုလည်း ထည့်သွင်းပေးမည်

|စာမျက်နှာ-၂၁|



# အသွင်ပြောင်းပဲဆီ တင်သွင်း/ ဖြန့်ဖြူး/

# p|;o|fdif|fu|&Sl|fu0fufzl

တရုတ်-မြန်မာ နယ်စပ်မှတစ်ဆင့် မြန်မာနိုင်ငံသို့ တရုတ်နိုင်ငံမှ စားသောက်ကုန်ပစ္စည်းအမျိုးမျိုး ဝင်ရောက်လျက်ရှိရာ စားသုံးရာမှာ အရေးအကြီးဆုံးဖြစ်သည့် မီးဖိုချောင်သုံး စားသုံးဆီ သည်လည်း တရားမဝင်နည်းလမ်းမျိုးစုံနဲ့ ဝင်ရောက်တာကို သိရှိနေရပါတယ်။

တရုတ်နိုင်ငံမှ တရားမဝင်ဝင်ရောက်နေသည့် စားသုံးဆီ အမျိုးမျိုးရှိသော်လည်း အဓိက ဝင်ရောက်နေသည့် ဆီအမျိုးအစားနှစ်မျိုး ရှိတယ်လို့ သိရှိရပါတယ်။

|စာမျက်နှာ-၂၆|

# အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၁၅ အောင်မြင်မှုနှင့် အနာဂတ်တွင် အကောင်အထည်ဖော်ရမည့် အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅




မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် အရှေ့တောင်အာရှနိုင်ငံများ အသင်း-အာဆီယံသို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါသည်။ ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည့်

|စာမျက်နှာ-၁၂|

# t&nftaoG&m

ap;EIbfy|[ efcs u fn DS m

|စာမျက်နှာ-၁၅|

Top-Kick Multi - Crop Thresher
စပါး နှင့် ပဲအမျိုးမျိုး ခြွေလှေ့စက်
စပါး၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ပဲကြီး၊ ကုလားပဲ၊ စားတော်ပဲ၊ ပဲပိစပ်၊ ပဲလွန်းနီ၊ ဂျုံ၊ နေကြာ၊ မြေပဲ၊ ပြောင်းအစရှိသည့် သီးထပ်၊ သီးညှပ် ပဲအမျိုးမျိုးတို့ကို ခြွေလှေ့စက် တစ်လုံးတည်းဖြင့် လွယ်ကူစွာခြွေလှေ့နိုင်ပါသည်။
သီးနှံ တစ်မျိုးပြောင်း၍ ခြွေလှေ့တိုင်း မည်သည့်နေရာဒေသသို့မဆို လိုက်လံ ခြွေလှေ့ပြသပေးပါသည်။
စပါးတင်းတစ်ထောင်ခြွေလှေ့ပါက အလေအလွင့် အနေဖြင့် (၄) ပြည်သာလျော့မည်။
ရိုးမဘဏ် (ပြည်ဘဏ်ခွဲ) ဖြင့် ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့်ဝယ်ယူနိုင်ပါသည်။



Ko Zaw Moe Aung
(Electronic Service Engineer)
Top-Kick Engineering Group
No.(14), Mekkheyar
Min Thar Gyi Mg Phyo Street,
Industrial Zone(1), Pyay.
Ph : 09-5409513,
09-253100337, 09-253149075
ဆက်သွယ်ရန်၊ ကိုဇော်မိုးအောင် (09-5409513)
အမှတ်(၂၀)၊ ဦးလှကြီးလမ်း၊ စက်မှုဇုန်(၁)၊ ပြည်မြို့။




DENNIS MARTIN WATCH GROUP,NFC Co., LTD
PHONE : (09)73022249, (01)256494, 373022, (02)72992, (02)67354, (02)67364.







Hot Line Contact -01 248189,373347

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ASEAN Business and Investment Summit 2016 နှင့် Business Brunch with CLMVT Heads of States and Government / Economic Ministers အခမ်းအနားများသို့ တက်ရောက်



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် စက်တင်ဘာ ၅ ရက်မှ ၆ ရက်အထိ လာအိုနိုင်ငံ၊ ဗီယန်ကျင်းမြို့တွင် ကျင်းပပြုလုပ်သော ASEAN Business and Investment Summit 2016 နှင့် Business Brunch with CLMVT Heads of States and Government / Economic Ministers အခမ်းအနားများသို့ တက်ရောက်ခဲ့သည်။

ထို့နောက်စက်တင်ဘာ ၅ ရက်တွင် Regional and Global Free Trade Agreements ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သော ဝန်ကြီးများအဆင့် စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်သို့ တက်ရောက်ခဲ့ပြီး အာဆီယံ စီးပွားရေးအသိုက်အဝန်း ပေါ်ပေါက်လာမှုကြောင့် ဒေသတွင်း နိုင်ငံများအတွက် ဖြစ်ပေါ်လာနိုင်သော အလားအလာများ၊ စိန်ခေါ်မှုများ၊ အာဆီယံစီးပွားရေး အသိုက်အဝန်းအပေါ် သဘောထားအမြင်များ၊ အာဆီယံနှင့် အာဆီယံနိုင်ငံ ပြင်ပနိုင်ငံများအကြား စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အလားအလာများ၊ စိန်ခေါ်မှုများနှင့် Trans-pacific Par-tnership (TPP) အပေါ် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သဘောထားအမြင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ One Belt, One Road Initiative နှင့်စပ်လျဉ်း၍ အာဆီယံနိုင်ငံများ၏ သဘောထားအမြင်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ၎င်းနေ့ ညနေပိုင်းတွင် ကျင်းပပြုလုပ်သည့် အာဆီယံစီးပွားရေးလုပ်ငန်းဆု (ASEAN Business Awards-2016) ချီးမြှင့်သည့် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ အဆိုပါဆုချီးမြှင့်ပွဲတွင် ဆု အမျိုးအစား ပေါင်းကိုးမျိုး ချီးမြှင့်ခဲ့ပြီး ဆုရရှိသူပေါင်း ၅၃ ဦးခန့်ရရှိခဲ့ရာ မြန်မာနိုင်ငံမှ ကုမ္ပဏီများနှင့် အသင်းအဖွဲ့များမှ ၁၃ ဦး ဆုလက်ခံရရှိခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၆ရက်တွင် ပြုလုပ်သည့် Business Brunch with CLMVT Heads of States and Government/ Economic Ministers အခမ်းအနားနှင့် မိတ်ဆုံစားပွဲဝိုင်းသို့ CLMVT နိုင်ငံများမှ ခေါင်းဆောင်များ၊ ကုန်သွယ်ရေး ဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ နယူးဇီလန်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

## မန္တလေးမြို့တွင် ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၁/ ၂၀၁၆)ကို ဖွင့်လှစ်




စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန၏ ကုန်သွယ်မှု အခြေခံသင်တန်း အမှတ်စဉ် ၁/ ၂၀၁၆ (မန္တလေး) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၅ ရက်က ပို့ကုန်သွင်းကုန်ရုံး (မန္တလေး) သင်တန်းခန်းမတွင် ကျင်းပခဲ့ရာ သင်တန်းဖွင့်ပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ မန္တလေးတိုင်းဒေသကြီးမှ ဖိတ်ကြားထားသော တိုင်းအဆင့်ဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကုန်သည်အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ခဲ့ပါသည်။

သင်တန်းဖွင့်ပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ယခုဖွင့်လှစ်သည့် သင်တန်းတွင် ကုန်သွယ်မှုဆိုင်ရာ ပညာရပ်များဖြစ်တဲ့ ကုန်သွယ်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ၊ ငွေကြေးဆိုင်ရာ လုပ်ငန်းများ၊ အကောက်ခွန်ဆိုင်ရာ လုပ်ငန်းများ၊ ကုန်ပစ္စည်း အရည်အသွေးဆိုင်ရာ လုပ်ငန်းများ၊ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများ စသည့် လုပ်ငန်း နယ်ပယ်အသီးသီး၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းများအပြင် နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို သင်ကြားပို့ချပေးသွားမည်ဖြစ်ပါကြောင်း၊ ယခုသင်တန်းမှာ သင်ကြားမည့် ဘာသာရပ်များကို မိမိတို့ဝန်ကြီးဌာနအပြင် ကုန်သွယ်မှုနှင့် သက်ဆိုင်သော အခြားဝန်ကြီးဌာနများ၏ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ အရာထမ်းများ၊ ပြင်ပဘာသာရပ်ကျွမ်းကျင်သူ ပညာရှင်များဖြင့် သင်ကြားပို့ချပေးသွားမှာ ဖြစ်ပါကြောင်း၊ သင်တန်းသူ၊ သင်တန်းသားများအနေဖြင့် သင်တန်းမှာ ပို့ချပေးတဲ့ ဘာသာရပ်များအပြင် မိမိတို့ လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းအတွေ့အကြုံများအရ ကုန်သွယ်မှုနှင့် ပတ်သက်ပြီး နိုင်ငံတော်အတွက် ပိုမိုဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါကြောင်း ပြောကြားခဲ့ပါသည်။

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကုန်သွယ်မှုပမာဏ မြင့်မားလာစေရေး၊ ကုန်သွယ်မှုချောမွေ့စေရေးနှင့် ပို့ကုန် သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် နည်းပညာများ ပေးရေးအတွက် ကုန်သွယ်ရေး ဦးစီးဌာနအနေဖြင့် အဘက်ဘက်မှ ကြိုးစားဆောင်ရွက်လျက်ရှိရာ အဓိကမောင်းနှင်အားဖြစ်သော ပုဂ္ဂလိကကဏ္ဍ စီးပွားရေး ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့် သက်ဆိုင်သော လူ့စွမ်းအားအရင်းအမြစ်များ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်အသစ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ မန္တလေးမြို့တွင် ယခုကဲ့သို့ ကုန်သွယ်မှု အခြေခံသင်တန်းအမှတ်စဉ်(၁)ကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၅၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်း ကာလမှာ စက်တင်ဘာ ၅ ရက်မှ ၂၃ ရက် အထိ ရက်သတ္တပတ်သုံးပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ပါကြောင်း သိရှိရပါသည်။

**AMT (မန္တလေး)**

■


Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလိှုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလိှုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊ မြင့်ဆွေ

**ကွန်ပျူတာ**
လဲ့လဲ့မွန်၊ သင်းသီရိအောင်
ခိုင်ဇော်မင်း

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 16, No.34 Monday September 12 2016

# ဆန်အဝင်များပြီး ဆန်ဈေးကျ

ရန်ကုန်မြို့ ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဆန်စပါး ဈေးကွက်မှာ စက်တင်ဘာ ၈ ရက် လက်ကား ဈေးနှုန်းအရ ဆန်ချောရော ဆန်ကြမ်းဈေးပါ အနည်းငယ် ကျဆင်းကြောင်း သိရပါတယ်။ ဆန်ချောဖြစ်တဲ့ ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ကျပ် ၃၅၅၀၀နဲ့ လတ်စတစ်အိတ် ကျပ် ၃၃၀၀၀၊ ပုသိမ်/မြောင်းမြ ပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ကျပ် ၃၆၅၀၀နဲ့ လတ်စတစ် အိတ် ကျပ် ၃၄၀၀၀နဲ့ ဈေးငြိမ်နေပါတယ်။ နယ်စုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ကျပ် ၃၃၀၀၀၊ လတ်စတစ်အိတ် ကျပ် ၃၁၅၀၀ ဖြစ်ပြီး ထိပ်စတစ်အိတ်ကို ယခင်တစ်ပတ်ထက် ကျပ် ၅၀၀ ဈေးကျလာတာ တွေ့ရပါတယ်။ ရွှေဘိုပေါ်ဆန်း ဆန်ကတော့ တစ်အိတ်ကို ကျပ် ၄၃၀၀၀ မှ ၄၅၅၀၀ ထိရှိပြီး ယခင်တစ်ပတ်ဈေးအတိုင်း ပြောင်းလဲမှုမရှိပါဘူး။ ဆန်အဝင်များပေမယ့် အရောင်းအဝယ် ခပ်အေးအေးပဲ ရှိနေတယ်လို့ ဝါးတန်းဆန်ဈေးကွက်မှ သိရှိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန် ထိပ်စတစ်အိတ် ကျပ် ၂၀၈၀၀၊ လတ်စတစ်အိတ် ကျပ် ၂၀၂၀၀၊ နှံသီးထပ်ရှယ် တစ်အိတ် ကျပ် ၁၉၅၀၀မှ ကျပ် ၂၀၃၀၀၊ မနောသုခ တစ်အိတ် ကျပ် ၂၆၀၀၀ မှ ကျပ် ၂၇၀၀၀၊ နှံ့ဆန် ရက် ၉၀ တစ်အိတ် ကျပ် ၂၀၀၀၀မှ ကျပ် ၂၁၅၀၀ ဈေးရှိပြီး ဧည့်မထဆန် ထိပ်စတစ်အိတ်ကို ကျပ် ၇၀၀ ခန့် ယခင်တစ်ပတ်ထက် ဈေးကျကြောင်း သိရှိရပါတယ်။

နှံ့ဆန်ရက်၉၀က တစ်အိတ်ကို ကျပ်၅၀၀ခန့် ဈေးကျပြီး ဆန်ချောရော ဆန်ကြမ်းပါ ပတ်လည်ဈေးကျကြောင်း သိရပါတယ်။ ဆန်က အခြားဈေးကွက်ကို ထွက်ပေါက်မရှိဘဲ ရန်ကုန်ဈေးကွက်ကိုပဲ ဦးတည်နေတဲ့အတွက် ဈေးကျတာလည်း ဖြစ်တယ်လို့ သိရပါတယ်။ ပြည်ပပို့မယ့်အိတ်စပို့ ဧည့်မထ ၂၅မှတ် ဆန်ကတော့ တစ်အိတ်ကို ကျပ် ၁၇၂၀၀မှ ကျပ် ၁၇၅၀၀ အထိ ရှိပြီး ဈေးအတက်အကျ မရှိဘဲ ဈေးငြိမ်နေကြောင်း သိရပါတယ်။

ရန်ကုန်ဆန်ဈေး ကျသလို မူဆယ်ဆန် ဈေးကွက်မှာလည်း ဈေးကျပါတယ်။ ဧည့်မထ ၅မှတ် မှော်ဘီ တစ်အိတ် ၁၃၈ မှ ၁၄၀ ယွမ်၊ စူပါတစ်အိတ် ၁၄၀မှ ၁၄၃ယွမ်၊ ဧည့်မထ ၁၀မှတ် မှော်ဘီတစ်အိတ် ၁၃၃ မှ ၁၃၅ ယွမ်၊ စူပါတစ်အိတ် ၁၃၈ မှ ၁၃၉ ယွမ်၊ မနောသုခ ၂၅မှတ် တစ်အိတ် ၁၂၅ မှ ၁၂၈ ယွမ်၊ ငစိန် ၅မှတ် တစ်အိတ် ၁၃၉ မှ ၁၄၀ ယွမ်၊ ၂၅မှတ် တစ်အိတ် ၁၃၀ မှ ၁၃၂ ယွမ်၊ ၁၅မှတ် တစ်အိတ် ၁၃၄ မှ ၁၃၇ ယွမ် အသီးသီး ဈေးရှိပြီး တစ်အိတ်ကို ၅ယွမ်မှ ၆ယွမ်အထိ ဈေးကျကြောင်း သိရှိရပါတယ်။ ပြည်တွင်း နယ်စုံမှ မူဆယ်ကုန်စည်ဒိုင်သို့ ဆန်အဝင်မှာ စက်တင်ဘာ ၁ရက်မှ ၇ရက်အထိ တန်ချိန် ၆၈၀၈ ရှိပါတယ်။ အရောင်းအဝယ်က ပုံမှန်ပဲရှိပေမယ့် ဆန်သစ်ပေါ်တော့မယ်ဆိုတော့ လှောင်သမားတွေက လက်ကျန်ဆန်တွေ ပို့တော့ ဆန်အဝင်ကောင်းပြီး ဆန်တွေပုံနေတယ်လို့ မူဆယ် ဆန်ဈေးကွက်က သတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး**

# ကသာခရိုင်၊ ဗန်းမော် ဆင်း-၃ဆန်ကို တရုတ်နိုင်ငံသို့တင်ပို့

ကသာခရိုင် ပြည်ပပို့ကုန် ဆင်း-၃ ဆန်ဟာ ဒေသတွင်းဈေးထက် တရုတ်ဝယ်လက် ဈေးလျော့လို့ ကသာဆိပ်ကမ်းမှ ဗန်းမော် တရုတ်ဆန်တင်ပို့မှု ဩဂုတ်လဆန်းပိုင်းကစပြီး အေးသွားရာမှ စက်တင်ဘာ ဒုတိယပတ်မှာ ပြန်လည်တင်ပို့လာတာ တွေ့ရ ပါတယ်။

ကသာခရိုင်အတွင်း ဆန်စပါး ဈေး ပုံမှန်ဖြစ်ပေမယ့် ကသာဆိပ်ကမ်း ဈေး ဆင်း-၃ ဆန် ၁၀၈ပေါင် တစ် အိတ်ကို ၃၀၅၀၀ ကျပ်နဲ့ အဝယ်လိုက် လာပါတယ်။ လက်ရှိ ဆင်း-၃ စပါးဈေး က တင်းတစ်ရာကို ကျပ် ၇၈၀၀၀၀၊ စက်ကြိတ် ဆန်အတွက်က စပါးတင်း တစ်ရာမှာ ၂၅အိတ်နဲ့ ဆန်စက် လုပ်ငန်းရှင်များ ဆန် တင်ပို့မှုအတွက် အကျိုးအမြတ် မရပေမယ့် ဆန်ကွဲ၊ ဖွဲနုဈေးမြင့်လာလို့ စက်ပိုင်ကုန်သည် များ အရှုံးမရှိနိုင်ဘူးလို့ စုရည် စက်ပိုင် ဦးကြင်စိန်ထံမှ သိရပါတယ်။

ဆန်စပါးလက်ကျန် နည်းလာချိန် လှောင်လက်စက်ပိုင်ကုန်သည်များသာ ကြိတ်ခွဲလည်ပတ်လျက်ရှိနေပါတယ်။ တိရစ္ဆာန် မွေးမြူရေးလုပ်ငန်း၊ မုန့်လုပ်ငန်း၊ အရက်ဖိုများက ဝယ်ယူမှု မြင့်တက်နေလို့ ဖွဲ၊ ဆန်ကွဲ ဈေးမြင့်လာတာဖြစ်ပါတယ်။ စက်တင်ဘာ ၈ ရက်က ဆန်ကွဲ တစ်တင်း ကျပ် ၁၅၀၀၀၊ ဖွဲတစ်တင်း ကျပ် ၅၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဖွဲ၊ ဆန်ကွဲဈေး မြင့်လာလို့ ဗန်းမော်တရုတ် ဆန်ကုန်သည်များကပေးတဲ့ကသာ ဆိပ်ကမ်းချဈေး ကျပ် ၃၀၅၀၀ နဲ့ တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခုရက်ပိုင်းအတွင်း တစ်ရက်တင်ပို့မှုက တန်သုံးရာကျော် ပုံမှန်တင်ပို့ နိုင်တယ်လို့ ဆန်စပါးဈေးကွက်က သိရပါတယ်။

**ကြည်နိုင်ဦး (အင်းတော်)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၈-၉-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၈၈ | ၃၉၈ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၆၃ | ၃၇၆ | △ | ၃၄၂ | ၃၄၅ | △ | ၃၈၀ | ၃၆၀ | ▽ | ၃၃၅ | ၃၃၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၃၆၀ | ၃၇၁ | △ | ၃၃၆ | ၃၃၅ | ▽ | - | - | - | ၃၅၀ | - | - |
| ဆန်ဖြူ ၂၅% | ၃၆၅ | ၃၇၅ | △ | ၃၃၃ | ၃၃၂ | ▽ | ၃၄၅ | ၃၄၀ | ▽ | ၃၁၅ | ၃၁၅ | □ |
| ပေါင်းဆန် | ၃၇၃ | ၃၈၆ | △ | - | - | - | ၃၆၀ | ၃၆၅ | △ | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၉-၉-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၇၀၀ | □ | ၂၂၀၀၀ | □ | ၈၇၄၀ | □ | ၃၇၀၀၀ | □ |
| ပုသိမ် | ၆၁၆၀ | ▽ | ၂၄၀၀၀ | ▽ | ၈၀၀၀ | □ | ၃၄၀၀၀ | ▽ |
| ပဲခူး | ၅၆၀၀ | □ | ၂၁၀၀၀ | □ | ၇၄၀၀ | △ | ၃၃၀၀၀ | △ |
| ရွှေဘို | ၅၀၀၀ | □ | ၂၀၀၀၀ | □ | ၁၂၃၀၀ | □ | ၄၁၀၀၀ | □ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၈၀၀၀ | □ | ၃၃၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၅၀၀ | ▽ | ၂၀၂၀၀ | □ | - | - | ၃၁၀၀၀ | □ |
| မန္တလေး | ၇၆၀၀ | □ | ၃၀၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| မကွေး | ၈၅၀၀ | □ | ၂၇၅၀၀ | ▽ | - | - | ၃၈၀၀၀ | □ |
| မော်လမြိုင် | ၆၄၀၀ | □ | ၂၂၅၀၀ | □ | ၈၀၀၀ | □ | ၃၂၀၀၀ | □ |
| လှိုင်ကော် | ၇၆၆၀ | □ | ၂၇၀၀၀ | □ | - | - | ၄၈၀၀၀ | □ |
| မြိတ် | ၅၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| ဘားအံ | ၅၀၀၀ | ▽ | ၂၃၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၃၅၀၀ | □ | - | - | ၄၀၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှံ့(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဆန်စပါးဈေးကွက် အရောင်းအဝယ်အေးပြီး ဈေးကျဆင်း

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ဆန်စပါးဈေးကွက်များတွင် အရောင်းအဝယ်အေးလျက်ရှိပြီး ပုံမှန်ရောင်းဝယ်နေတဲ့ ဧရာဝတီပေါ်ဆန်း၊ ပေါ်ဆန်းရင်နဲ့ မိုးဧည့်မထအုပ်စုဝင် မနောသုခ၊ မျိုးပွား၊ မီးတောက်ရွှေသွယ် ဆန်များမှာလည်း ဒေသတွင်း အရောင်းအဝယ် နည်းပါးလျက် ရန်ကုန်၊ ပြည်၊ မန္တလေးအညာ ဈေးကွက်များသို့ တင်ပို့မှုမှာလည်း လျော့နည်းလျက်ရှိကြောင်း ဈေးကွက်မှသိရပါတယ်။

ယခင်က အရောင်းအဝယ်သွက်ပြီး ဈေးတန်းနိမ့်တဲ့ နှံ့သီးထပ်ရင် စပါးဈေးနှုန်းမှာ ဈေးကွက်ကြီးမားတဲ့ ပုသိမ်မြို့တွင် စပါးဈေးမှာ ၄၆ ပေါင် တင်း ၁၀၀ ကို ယခင်က ၅၂၆၀၀၀ ကျပ်ဈေးမှ ယခုအခါ ၅၀၆၀၀၀ ကျပ်ဈေးရှိပြီး မြောင်းမြမြို့တွင် တင်း ၁၀၀ ကို ၅၀၁၀၀၀ ကျပ်မှ ယခု ၄၆၉၀၀၀ ကျပ်သို့ ဈေးကျဆင်းသွားကြောင်း သိရပါတယ်။

ယခုအချိန်တွင်မူ လှောင်လက်များအနေဖြင့် ရောင်းချရာမှာ အခက်အခဲရှိနေ၍ ဝယ်ယူသူ ဈေးကွက်ဖြစ်လျက်ရှိပြီး စပါးဈေးမှာ ကြိတ်ခွဲမှုနည်းပါးချိန်၌သာ ဈေးနှုန်းအနည်းငယ် မြင့်တက်သွားကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှ သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

# ဩဂုတ်လအတွင်း ဆန်ပိုမိုတင်ပို့

ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၂ ရက်အထိကာလအတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၄၈ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၁၂၁၂၂ တန်နီးပါး တင်ပို့ခဲ့ရာ ယခင်တစ်ပတ် တင်ပို့မှုထက် ၃၈၈၃ တန်ပိုမိုခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၄၀၇၁ တန်၊ ဧည့်မထဆန်တန် ၂၂၅၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၂၉၂ တန် ကျော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၅၅၀၉ တန်ခန့် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ထက်စခန်းတိုင်းမှ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဩဂုတ်တစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၈၂၂ သန်းတန်ဖိုးရှိ ဆန် ၆၂၃၃၀ တန်ကျော် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံးဇူလိုင်လထက် ၁၀၃၆၆ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဆန်ကွဲတင်ပို့မှုအနေနဲ့ ဩဂုတ်လနောက်ဆုံးပတ်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၇၉ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၁၇၈၀ ခန့် တင်ပို့ခဲ့ပြီး ဩဂုတ်တစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၈၆ သန်းတန်ဖိုးရှိဆန်ကွဲတန် ၈၂၅၀ တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံး ဇူလိုင်လထက် တန် ၄၃၀၀ ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပြီး ဩဂုတ်လအတွင်းမှာ ကုန်သွယ်ရေးစခန်းများမှ ဆန်ရော ဆန်ကွဲပါ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၅၀ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ပေါင်းဆန် ၂၀၂၈ တန် တင်ပို့ခဲ့ပါတယ်။ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန် ၁၂၅ တန်၊ ပေါင်းဆန်တန် ၅၀ နဲ့ ပေါ်ဆန်းဆန် ၂၄ တန်၊ တရုတ်နိုင်ငံသို့ ငစိန်ဆန် တန် ၅၀နဲ့ ဧည့်မထဆန်တန် ၁၀၀၀၊ အီးယူနိုင်ငံများ သို့ ဧည့်မထဆန် ၅၀၄ တန်နဲ့ ငစိန်ဆန် ၂၇၅ တန်တင်ပို့ခဲ့ပါတယ်။

ဩဂုတ်လတစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၅၃ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၂၀၄၅၅ တန်တင်ပို့ပြီး အနီးစပ်ဆုံးဇူလိုင်လထက် ဆန် ၃၅၅၂ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဩဂုတ်နောက်ဆုံးပတ်မှာ သုည ဒသမ ၄၆၇ သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၆၉၅ တန် တင်ပို့ခဲ့ရာ စင်ကာပူနိုင်ငံသို့ တန် ၅၀နဲ့ အီးယူနိုင်ငံများသို့ ၁၆၄၅ တန် တင်ပို့ခဲ့ပါတယ်။ ဩဂုတ်လတစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၇၄ သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၆၄၅ တန်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဇူလိုင်လထက် ၇၅၂၆ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။

ယခုဘဏ္ဍာနှစ်စ ဧပြီ ၁ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ဆန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၂၂ ဒသမ ၇၅၆ သန်းဖိုးနဲ့ တန်ချိန် ၃၄၂၂၈၀ ကျော်ဖြစ်ပြီး ဆန်ကွဲတင်ပို့ မှုမှာ အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၉၄၂ သန်းဖိုးနဲ့တန်ချိန် ၁၁၉၃၃၀ ကျော် တင်ပို့ထားပြီးဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၉-၉-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂/၉ | ၉/၉ | ပြောင်းလဲမှု | ၂/၉ | ၉/၉ | ပြောင်းလဲမှု | ၂/၉ | ၉/၉ | ပြောင်းလဲမှု | ၂/၉ | ၉/၉ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၂၂၂ | ၂၁၉၅ | ▼ | ၂၂၅၀ | - | - | ၁၈၅၀ | - | - | ၂၀၀၀ | ၂၃၅၀ | ▲ |
| ၂ | ပဲစင်းငုံ | ၁၇၆၅ | ၁၇၆၄ | ▼ | - | ၁၁၈၃ | - | - | - | - | ၁၅၀၀ | ၁၈၅၀ | ▲ |
| ၃ | ပဲတီစိမ်း | ၁၂၀၀ | ၁၃၀၀ | ▲ | - | ၁၁၅၆ | - | ၁၂၁၇ | ၁၁၈၄ | ▼ | ၁၁၀၅ | ၁၀၃၀ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၂၅၀၀ | ၂၅၀၀ | ■ | - | - | - | - | - | - | ၁၈၉၅ | ၂၀၀၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၀၆၅ | ၁၀၆၅ | ■ | - | - | - | - | - | - | ၁၃၉၅ | ၁၄၂၀ | ▲ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၆၀ | ▼ | ၆၀၄ | ၆၀၄ | ■ | - | - | - | ၆၁၅ | ၆၁၅ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၉-၉-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၁/၉ | ၈/၉ | ပြောင်းလဲမှု | ၁/၉ | ၈/၉ | ပြောင်းလဲမှု | ၁/၉ | ၈/၉ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၄၀ | ၁၁၃၀ | ▼ | ၁၁၆၅ | ၁၀၈၄ | ▼ | ၁၀၄၆ | ၁၀၅၄ | ▲ |
| ၂ | ပဲစင်းငုံ | ၉၀၀ | ၉၄၀ | ▲ | ၉၇၁ | ၁၀၀၈ | ▲ | - | ၁၀၃၉ | - |
| ၃ | ပဲတီစိမ်း | ၇၅၀ | ၇၅၀ | ■ | ၆၅၇ | ၆၇၇ | ▲ | ၇၃၂ | ၆၉၂ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၁၀၅၀ | ၁၀၀၀ | ▼ | ၁၀၆၀ | ၁၁၀၉ | ▲ | ၁၀၉၈ | ၁၂၄၉ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၇၊၈၊၁၆)ထိ | ယခုတစ်ပတ် (၃၊၉၊၁၆)ထိ | (၁၊၁၊၁၆) မှ (၃၊၉၊၁၆) ထိ |
| မတ်ပဲ | ၃၉၇၁ | ၃၁၀၄ | ၃၈၆၄၂၉ |
| ပဲတီစိမ်း | ၂၂၄၆ | ၁၈၁၀ | ၁၄၇၅၂၅ |
| ပဲစင်းငုံ | ၉၇၂ | ၁၆၇၄ | ၁၇၇၇၄၁ |
| ကုလားပဲ | ၈၇ | ၅၉ | ၂၅၇၆၅ |
| ပဲလွန်းဖြူ | ၁၉၀ | ၂၀၉ | ၁၅၄၂၉ |
| မြေထောက်ပဲ | ၁၅ | ၃၆၄ | ၉၉၈၀ |



## ပြည်ပဲတီစိမ်းဈေး ယခင်နှစ်အောက် ထက်ဝက်ကျဆင်းခဲ့

ပြည်ပဲဈေးကွက်မှာ ပဲတီစိမ်းသီးနှံ ဝင်ရောက်မှုအနေဖြင့် ပန်းတောင်း၊ ကံမ၊ မင်းတုန်းမြို့နယ်များ အပြင် ပေါင်းတလည်၊ ပေါက်ခေါင်းဘက်မှလည်း နေ့စဉ် အိတ် ၃၀၀ကျော် ဝင်ရောက်ကာ မန္တလေးဝယ်လက်ကလည်း ဝယ်လိုအား ကောင်းတာကြောင့် ဝင်လာသမျှ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ပဲ ဈေးနှုန်းမှာ မတ်ပဲ၊ ပဲစင်းငုံသီးနှံများကဲ့သို့ ဈေးကောင်းမရတဲ့အတွက် တစ်တင်း ၁၉၅၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ဈေးအောက်ကို ထပ်မံလျော့နည်းသွားခဲ့ပါတယ်။ ပဲတီစိမ်းသီးနှံဈေးဟာ ယခင်နှစ်က တစ်တင်း ကျပ် လေးသောင်းနီးပါးရရှိလို့ ယခုလို စက်တင်ဘာလဆန်းတွင် တစ်တင်း ၃၇၅၀၀ ကျပ် ရရှိခဲ့ပေမယ့် ယခုနှစ်မှာတော့ ထက်ဝက်နီးပါး ကျဆင်းသွားလို့ ပဲစိုက်တောင်သူများ အကျိုးအမြတ်နည်းခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

# ပြည်ပဲမျိုးစုံဈေးကွက် စက်တင်ဘာ ဒုတိယပတ်အတွင်း ပဲဈေးအချို့ ဈေးပြန်လှုပ်လာ

ပြည်ပဲမျိုးစုံ ဈေးကွက်မှာ လဆန်းရက်က ပဲဈေးအားလုံးလိုလို ဈေးလျော့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုတစ်ပတ်မှာတော့ မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲသီးနှံများ ဈေးမြင့်တက် လာခဲ့ကြောင်း သိရပါတယ်။ ပဲလက်ကျန် ရှိနေကြသော်လည်း ပဲဝင်ရောက်မှု နည်းနေလို့ မတ်ပဲနှင့် ပဲစင်းငုံသီးနှံမှာ ရန်ကုန်ဝယ်လက်က အိတ် ၂၀၀ ကျော် ရက်ခြား ဝယ်ယူခဲ့ကြတယ်လို့ သိရပါတယ်။ ဒါကြောင့် ၎င်းပဲ နှစ်မျိုးစလုံး ဈေးမြင့်လာခဲ့ပြီး၊ မတ်ပဲသီးနှံမှာ ယခင်တစ်ပတ်ကထက် တစ်တင်း ကျပ် ၁၅၀၀ ခန့် ပိုရလာသလို ပဲစင်းငုံသီးနှံမှာ တစ်တင်း ကျပ်ခြောက်ထောင်ကျော် ပြန်လည်မြင့်တက်ခဲ့တဲ့ အတွက် ယခုတစ်ပတ်မှာ တစ်တင်း ၃၈၅၀၀ကျပ် ရရှိခဲ့ပါတယ်။ ယခင်လကလဆန်းရက်မှာ မတ်ပဲ တစ်တင်း ကျပ်ငါးထောင်ကျော် ရရှိနေခဲ့ပေမယ့် ယခုလမှာတော့ တစ်တင်း ကျပ်ငါးသောင်းအောက် လျော့နည်းခဲ့ကာ ၄၃၅၀၀ ကျပ်ဖြင့်သာ ရောင်းဝယ်မှုရှိလို့ လက်ကျန်ရှိသော်လည်း ထုတ်ရောင်းချသူ နည်းပါးနေခဲ့ပါတယ်။ ဒါကြောင့် ရက်ခြားသာ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။

ပဲစင်းငုံသီးနှံမှာလည်း ယခင်လက လဆန်းရက်မှာ တစ်တင်း ကျပ်လေးသောင်းကျော် ရရှိခဲ့ပေမယ့် ယခုလမှာတော့ တစ်တင်း ၃၄၇၀၀ ကျပ်မှ ၃၈၅၀၀ ကျပ်အတွင်းသာ ရရှိပြီး အရောင်းအဝယ် အေးနေခဲ့ပါတယ်။ ပဲစင်းငုံသီးနှံရဲ့ ယခင်နှစ် စက်တင်ဘာက ရရှိခဲ့တဲ့ ဈေးနှုန်းမှာ တစ်တင်း ၅၃၀၀၀ ကျပ်အထိရရှိနေခဲ့ပြီး မတ်ပဲသီးနှံ ဈေးထက်ပင် စက်တင်ဘာအတွင်း ဈေးမြင့်ရရှိနေခဲ့ပေမယ့် ယခုနှစ် မှာတော့ ယခင်နှစ်ဈေးကို မမီသလို မတ်ပဲသီးနှံထက်လည်း ဈေးလျော့နည်းရရှိခဲ့ကြပါတယ်။

ကုလားပဲသီးနှံသည်လည်း ပန်းတောင်း၊ မင်းတုန်း၊ ကံမမြို့နယ်များမှ နေ့စဉ် ဝင်ရောက်နေတဲ့အတွက် အိတ် ၂၀၀ ကျော် ၃၀၀ အဝင်ရှိပြီး ဝယ်လက်အနေဖြင့် ခွဲစက်သမားက အဓိကထား ဝယ်ယူခဲ့ကြပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်း ၄၀၅၀၀ ကျပ် ရရှိလာလို့ ယခင်တစ်ပတ်က ဈေးထက် ဈေးပိုလာခဲ့သလို ယခင်နှစ်က ဈေးထက်လည်း ဈေးပိုရရှိနေခဲ့ပါတယ်။ ယခုနှစ်တွင် ကုလားပဲသီးနှံ ဈေးကောင်း ရရှိနေတဲ့အတွက် ပဲစင်းငုံသီးနှံထက်ပင် ဈေးပိုရရှိနေပြီး မေလမှစ၍ ကျပ် လေးသောင်းနဲ့အထက် ရရှိနေခဲ့ကာ ဩဂုတ်လကုန်ပတ်မှသာ ကျပ် လေးသောင်းအောက် လျော့နည်းသွားခဲ့ ပါတယ်။ ယခုလ ဒုတိယပတ်မှာတော့ ပဲဈေးအားလုံးလိုလို ဈေးပြန်လှုပ်လာလို့ ကုလားပဲသီးနှံဈေးမှာလည်း လေးသောင်းကျော် ပြန်လည်ရရှိခဲ့ပါတယ်။

ပဲကြီးသီးနှံကတော့ အခြားပဲများ ဈေးအတက်အကျဖြစ်နေသော်လည်း ဈေးငြိမ်ငြိမ်နဲ့ ပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲကြော်ဖိုသမားများ ဝယ်ယူကြပြီး ပဲဝင်ရောက်မှုမှာလည်း နယ်စုံမှ ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ဝင်လာသမျှ ပဲများအပြင် လက်ကျန်ပဲအချို့လည်း အရောင်းအဝယ်ဖြစ်ကာ တစ်ရက် အိတ် ၂၀၀ တစ်ပတ်လည် ရောင်းချရပြီး ပဲကြီး (ရွှေကျွန်း) တစ်တင်း ၂၇၅၀၀ ကျပ် (ကမ်းနား) တစ်တင်း ၂၃၅၀၀ ကျပ်ဖြင့်သာ လဆန်းရက်က ဈေးအတိုင်း ရရှိခဲ့ကြပါတယ်။ ပဲနီပြား၊ ထောပတ်ပဲနှင့် ပဲပုပ်သီးနှံများက ဆက်လက် ဈေးငြိမ်နေခဲ့ပြီး ပဲနီပြား တစ်တင်း ၂၄၅၀၀ ကျပ်၊ ထောပတ်ပဲ တစ်တင်း ၂၄၀၀၀ ကျပ်၊ ပဲပုပ် တစ်တင်း ၂၂၀၀၀ကျပ်ဖြင့် လက်လီဝယ်ယူမှု ရှိလို့ နေ့စဉ် အိတ် အနည်းငယ် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။**ခင်ဆွေဝင်း**

# ရှမ်းပဲပုပ် ရောင်းလိုအားထက်ဝယ်လိုအားများ



ရှမ်းပြည်နယ်လို့ ပြောလိုက်တာနဲ့ ပဲပုပ်လို့ လူသိများခဲ့ပါတယ်။ ပဲပုပ်ကို ရှမ်းပြည်နယ်မှာနေထိုင်တဲ့ လူမျိုးစုတွေ တော်တော်များများက ရိုးရာဟင်းလျာအဖြစ် စားသုံးကြပါတယ်၊ ရှေးယခင်ကတည်းက စိုက်ပျိုးထုတ်လုပ်ခဲ့ကြပေမယ့် လွန်ခဲ့တဲ့ ခြောက်နှစ်၊ ခုနစ်နှစ်ကစပြီး ဈေးကွက်ပျက်လာပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း) မှာ စိုက်ပျိုးတဲ့ သီးနှံတွေထဲမှာမှ အစေ့ထုတ်ပြောင်း သီးနှံကလွဲရင် ကျန်သီးနှံတွေအားလုံး အရှုံးတွေနဲ့သာ ရင်ဆိုင်ခဲ့ရပါတယ်။ ဒါကြောင့် စိုက်ပျိုးတဲ့တောင်သူတွေကလည်း ကိုယ့်အတွက် ဝင်ငွေရရှိဖို့သေချာတဲ့ အစေ့ထုတ်ပြောင်းတွေကိုသာ ပြောင်းပြီး စိုက်ပျိုးခဲ့ကြလို့ ရှမ်းပြည်ရဲ့ အဓိကသီးနှံတွေဖြစ်တဲ့ ကြက်သွန်ဖြူ ပဲပုပ် စတဲ့သီးနှံတွေ စိုက်ဧကနည်းခဲ့ပြီး အထွက်နှုန်းလည်း လျော့ခဲ့ပါတယ်။ မနှစ်က အထိ ဈေးကွက်မှာလည်း များများစားစားမရှိခဲ့ပါဘူး။

တောင်ကြီးမှာစိုက်တဲ့ ပဲပုပ်တွေက ဩဂုတ်လ နောက်ဆုံးပတ်မှစပြီး ဈေးကွက်ကိုဝင်လာပါတယ်။ ဒီနှစ်မှာတော့ မိုးက ဇွန်လကတည်းက တောက်လျှောက် ကောင်းလာခဲ့ပါတယ်။ ပဲပုပ်တွေရိတ်သိမ်းချိန် ရောက်နေပေမယ့် မိုးကမပြတ်တာကြောင့် မရိတ်နိုင်သေးဘဲထားရလို့ မိုးမိပြီး ပျက်စီးခဲ့တာတွေလည်း ရှိတယ်လို့ သိရပါတယ်။

အခုနောက်ပိုင်းမှာ လူတွေက ကျန်းမာရေးအတွက် မြေပဲဆီ၊ စားအုန်းဆီတွေအစား နေကြာဆီ၊ ပဲပုပ်ဆီတွေကို အသုံးပြုလာကြပါတယ်။ ပဲပုပ်ကိုလည်း ပဲပြားလုပ်တာရယ်၊ ပဲငံပြာရည်လုပ်တာရယ်၊ ဒေသတွင်းမှာ အစိုကို ဟင်းလျာအဖြစ် အသုံးပြုတာရယ်၊ ရှမ်းလက်ဆောင်အဖြစ် ပဲပုပ်စေ့လှော်လုပ်တာရယ်ကြောင့် အဝယ်ပြန်လိုက်လာတယ်လို့ သိရပါတယ်၊ အခုတော့ဈေးကွက်မှာ ဝယ်လိုအားများပြီး ရောင်းလိုအားက နည်းနေတယ်လို့ သိရပါတယ်။ တောင်ကြီးဈေးကွက်မှာတော့ ပဲပုပ်စေ့က အစိုဆိုရင် ကျပ် ၈၀၀၊ ၈၅၀ ကျပ် ဈေးရှိပြီး အခြောက်ဆိုရင် ကျပ် ၁၀၀၀၊ ၁၀၅၀ ကျပ် ဈေးရတယ်လို့ ဈေးကွက်မှသိရှိရပါတယ်။

**ဧခိုင်(တောင်ကြီး)**

## ပြည်ဘိုကိတ် လက်လီသာ အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်မှာ ပဲအဝင် မရှိတော့ပေမယ့် လက်ကျန်ပဲများရှိလို့ လက်လီရောင်းဝယ်သူများနဲ့ တစ်ရက် အိတ် ၅၀ ကျော် အရောင်းအဝယ် ဖြစ်နေခဲ့တာကို တွေ့ရပါတယ်။ ပဲဈေးမှာ တစ်တင်း ၂၅၀၀၀ ကျပ်ဖြင့် လဆန်းရက်က ဈေးထက်လည်း အနည်းငယ်ပိုလာခဲ့ပါတယ်။ ဘိုကိတ်ပဲ သီးနှံဈေးနှုန်းက ယခင်နှစ် စက်တင်ဘာတွင် တစ်တင်း ၂၄၀၀၀ ကျပ်သာရခဲ့လို့ ယခုနှစ်ဈေးမှာ ယခင်နှစ်ရရှိခဲ့တဲ့ဈေးနဲ့ သိပ်မကွာခြားဘဲ တစ်တင်း ကျပ်တစ်ထောင်ခန့်သာပိုရရှိခဲ့လို့ အခြားပဲ ဈေးများ ဈေးအတက်အကျ မြန် သော်လည်း ဘိုကိတ်ပဲသီးနှံကတော့ ဈေးအပြောင်းအလဲ သိပ်မရှိတဲ့ပဲ ဖြစ်နေခဲ့ပါတယ်။

**ခင်ဆွေဝင်း**

Vol: 16, No.34 Monday September 12 2016



# မန်းကုန်စည်ဒိုင်မှာ ဈေးအေးအရောင်းအဝယ်အေးပြီး မတ်ပဲနဲ့ မြေပဲ (S1) လုံးဆန် ပဲမျိုးစုံဈေးကွာဟမှုကြီးမား

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း)မှာ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ပထမပတ်မှာ အရောင်းအဝယ်ဖြစ်တဲ့ လယ်ယာထွက်ကုန် သီးနှံ(ပဲ၊ ပြောင်း၊ နှမ်းနှင့်မြေပဲ) များရဲ့ ဈေးနှုန်းနဲ့ ယခင်လ ကာလတူဈေးနှုန်းများကို နှိုင်းယှဉ်ပါက-

**တစ်ပိသာ-ကျပ်**

| သီးနှံအမည် | ၈/၂၀၁၆ | ၉/၂၀၁၆ |
|---|---|---|
| ပဲတီစိမ်း | ၁၃၅၁ | ၁၂၄၄ |
| ပဲကြီး | ၁၅၃၈ | ၁၅၃၈ |
| ပဲနီပြား | ၁၂၆၇ | ၁၂၆၇ |
| ပဲပုပ်(ရှမ်း) | ၁၀၃၃ | ၉၇၇ |
| ပဲပုပ်(ဗမာ) | ၁၀၁၄ | ၉၃၉ |
| ပဲယင်း | ၇၅၀ | ၇၁၇ |
| ထောပတ်ပဲ | ၉၇၈ | ၁၀၃၁ |
| မြေထောက်ပဲ | ၁၁၈၅ | ၁၂၂၂ |
| မတ်ပဲ | ၂၇၅၀ | ၂၂၃၃ |
| ကုလားပဲဖြူကြီး | ၂၀၆၂ | ၂၀၂၆ |
| ကုလားပဲထိုင်ဝမ် | ၂၀၆၂ | ၁၉၅၆ |
| ပြောင်းဖူးစေ့(ရှမ်း) | ၃၉၈ | ၃၉၈ |
| ပြောင်းဖူးစေ့(ဗမာ) | ၃၇၀ | ၃၅၂ |
| ပြောင်းဖူးစေ့(စီပီ) | ၄၀၇ | ၄၂၆ |
| အထွက်တိုးပြောင်း | ၅၂၈ | ၅၀၉ |
| ဆန်ပြောင်း | ၅၄၉ | ၅၂၃ |
| နှမ်းဖြူ | ၂၁၇၈ | ၂၁၃၃ |
| နှမ်းညို | ၁၆၆၇ | ၁၄၆၇ |
| နှမ်းနက် | ၂၂၂၂ | ၂၆၆၇ |
| နှမ်းနက် (စမုံ) | ၃၆၆၇ | ၃၄၈၉ |
| ပန်းနှမ်း | ၂၀၄၄ | ၂၀၀၀ |
| မြေပဲဆန် ( S1လုံးဆန်) | ၂၄၀၀ | ၁၉၀၀ |

၂၀၁၆ ခုနှစ် စက်တင်ဘာလ ပထမရက်သတ္တပတ်မှာ ပဲတီစိမ်း တစ်ပိသာ ၁၂၄၄ ကျပ်(တစ်တန် ၇၆၁၈၁၃ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူ ဈေးနှုန်းအောက် တစ်ပိသာ ၁၀၇ ကျပ်(တစ်တန် ၆၅၅၂၆ ကျပ်)နဲ့ဈေးအေး ပေမယ့် ယခုတစ်ပတ်အတွင်း နေ့စဉ်သုံးတင်းအိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ပါတယ်။ ပဲကြီးနဲ့ပဲနီပြားမှာ ယခင်လ ကာလတူဈေးနှုန်းအတိုင်း အပြောင်းအလဲမရှိဘဲ ပဲကြီးတစ် ပိသာ ၁၅၃၈ ကျပ်(တစ်တန် ၉၄၁၈၅၆ ကျပ်)၊ ပဲနီပြားတစ် ပိသာ ၁၂၆၇ ကျပ်(တစ်တန် ၇၇၅၈၉၈ ကျပ်)နဲ့ အဆိုပါ ပဲနှစ်မျိုးနေ့စဉ်သုံးတင်းအိတ် ၂၅၀ ခန့်နဲ့ အရောင်းအဝယ် ဖြစ်ပါတယ်။ ယခင်လရဲ့ဈေးနှုန်းအောက်မှာ အရောင်းအဝယ် ဖြစ်တဲ့ ပဲပုပ်ရဲ့ဈေးနှုန်းမှာ တစ်ပိသာ ကျပ် ၆၀ နဲ့ ဈေးအေး သွားပြီး ယခုတစ်ပတ်မှာ ပဲပုပ် (ရှမ်း) တစ်ပိသာ ၉၇၇ ကျပ် (တစ်တန် ၅၉၈၃၀၅ ကျပ်)၊ ပဲပုပ်(ဗမာ) တစ်ပိသာ ၉၃၉ ကျပ်(တစ်တန် ၅၇၅၀၃၄ ကျပ်)နဲ့နေ့စဉ်သုံးတင်းအိတ် ၄၅၀ ခန့်၊ ပဲယင်းတစ်ပိသာ ၇၁၇ ကျပ်(တစ်တန် ၄၃၉၀၈၄ ကျပ်) နဲ့နေ့စဉ်သုံးတင်းအိတ် ၁၀၀ခန့်၊ ထောပတ်ပဲတစ်ပိသာ ၁၀၃၁ ကျပ်(တစ်တန် ၆၃၁၃၇၄ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၂၀၀ ခန့်၊ မြေထောက်ပဲတစ်ပိသာ ၁၂၂၂ ကျပ်(တစ်တန် ၇၄၈၃၄၁ ကျပ်)နဲ့ သုံးတင်းအိတ် ၂၅၀ ခန့် အရောင်းအဝယ်ဖြစ် ကြောင်း သိရပါတယ်။

ယခင်လကာလတူဈေးနှုန်းအောက် တစ်ပိသာ ၅၁၇ ကျပ် (တစ်တန် ၃၁၆၆၀၆ ကျပ်) ဈေးအေးသွားတဲ့ မတ်ပဲက ယခုတစ်ပတ်မှာ တစ်ပိသာ ၂၂၃၃ ကျပ်(တစ်တန် ၁၃၆၇၄၆၇ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၁၀၀၀ ကျော်၊ ကုလားပဲဖြူလုံးကြီးတစ်ပိသာ ၂၀၂၆ ကျပ်(တစ်တန် ၁၂၄၀၇၀၂ ကျပ်)၊ ကုလားပဲထိုင်ဝမ်တစ်ပိသာ ၁၉၅၇ ကျပ် (တစ်တန် ၁၁၉၇၈၃၅ ကျပ်)နဲ့ ကုလားပဲနှစ်မျိုးနေ့စဉ် သုံးတင်းအိတ် ၆၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရ ပါတယ်။

ယခုတစ်ပတ်ပြောင်းဖူးစေ့ ဈေးနှုန်းများမှာ ပြောင်းဖူး စေ့(ရှမ်း)တစ်ပိသာ ၃၉၈ ကျပ်(တစ်တန် ၂၄၃၇၃၁ ကျပ်)၊ ပြောင်းဖူးစေ့(ဗမာ) တစ်ပိသာ ၃၅၂ ကျပ်(တစ်တန် ၂၁၅၅၆၁ ကျပ်)၊ ပြောင်းဖူးစေ့ CP တစ်ပိသာ ၄၂၆ ကျပ် (တစ်တန် ၂၆၀၈၇၈ ကျပ်) အထွက်တိုးပြောင်း တစ်ပိသာ ၅၀၉ ကျပ်(တစ်တန် ၃၁၁၇၀၇ ကျပ်)၊ ဆန်ပြောင်းတစ်ပိသာ ၅၂၃ ကျပ်(တစ်တန် ၃၂၀၂၈၀ ကျပ်)နဲ့ အဆိုပါပြောင်းဖူးစေ့ ငါးမျိုးပေါင်း နေ့စဉ်သုံးတင်းအိတ် ၂၅၀ ခန့် အရောင်းအဝယ် ဖြစ်ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံတစ်မျိုးဖြစ်တဲ့ နှမ်းရောင်စုံများရဲ့ ယခု တစ်ပတ်အရောင်းအဝယ်ဖြစ်တဲ့ဈေးနှုန်းများမှာ နှမ်းဖြူတစ် ပိသာ ၂၁၃၃ ကျပ်(တစ်တန် ၁၃၀၆၂၂၈ ကျပ်)နှမ်းညိုတစ် ပိသာ ၁၄၆၇ ကျပ်(တစ်တန် ၈၉၈၃၇၆ ကျပ်)၊ နှမ်းနက် တစ်ပိသာ ၂၆၆၇ ကျပ်(တစ်တန် ၁၆၃၃၂၄၄ ကျပ်)၊ နှမ်းနက် (စမုံ) တစ်ပိသာ ၃၄၈၉ ကျပ်(တစ်တန် ၂၁၃၃၆၂၉ ကျပ်)၊ ပန်းနှမ်းတစ်ပိသာ ကျပ် ၂၀၀၀ (တစ်တန် ၁၂၂၄၇၈၀ ကျပ်) နဲ့ အဆိုပါ နှမ်းငါးမျိုးနေ့စဉ်သုံးတင်းအိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး မြေပဲ S1 လုံးဆန် တစ်ပိသာ ၁၉၀၀ ကျပ် (တစ်တန် ၁၁၆၃၅၄၁ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

ယခုတစ်ပတ် မန္တလေးကုန်စည်ဒိုင်မှာ သီးနှံအများစု ဈေးအေးနဲ့ အရောင်းအဝယ်အေးလျက်ရှိကြောင်း၊ ထို့အတူ ပြောင်းဖူးစေ့များ၊ နှမ်းရောင်စုံများလည်းဈေးအေးကြောင်း၊ မြေပဲဆန်မှာ တစ်ပိသာလျှင် ကျပ် ၅၀၀ဈေးအေးသွားကြောင်း၊ ပြည်ပ(တရုတ်) ဝယ်လက်အပေါ်များစွာမူတည်နေကြောင်း၊ မိမိတို့အနေဖြင့် တရုတ်ဈေးကွက်အပြင် အခြားဈေးကွက် များကို ချဲ့ထွင်သင့်နေပြီဖြစ်ကြောင်း ကုန်သည်ကြီးတစ်ဦးက ပြောကြားပါတယ်။

**စိုးအောင်-မန္တလေး**

# စက်တင်ဘာပထမပတ်မုံရွာပဲဈေးကွက်၊ ငုံနီအဆင်းအတက်ကြမ်းနေ

မုံရွာကုန်စည်ဒိုင် စက်တင်ဘာလပထမပတ်ပဲမျိုးစုံ ဈေးကွက်မှာ ပြည်ပ ပို့ကုန်ပဲတွေ ဝယ်လိုအားအေးနေချိန်မှာ စိမ်းကြီးနဲ့မတ်ပဲတို့ ကျဈေး အသီးသီးနဲ့ ငြိမ်ခဲ့သလောက် ငုံနီကတော့ တစ်ရက်တစ်ဈေး အတက်အကျ နဲ့ ကမောက်ကမ ဖြစ်နေဆဲလို့ ကုန်သည်ရပ်ကွက်ကဆိုပါတယ်။

ပြီးခဲ့တဲ့လကုန်ပတ်က တစ်တင်း ၂၇၅၀၀ ကျပ်အထိ အနိမ့်ဆုံးဖြစ် သွားခဲ့တဲ့ ငုံနီဟာ ယခုတစ်ပတ်မှာတော့ တစ်တင်း ၃၉၀၀၀ ကျပ်အထိ၊ ဒိုင်ပေါက်ဈေးဖွင့်နိုင်ခဲ့ပြီး နယ်ဝယ်လက်ထက် ဒေသတွင်းကုန်သည် အချင်းချင်းသာ အရောင်းအဝယ်ဖြစ်ခဲ့ကာ တစ်ရက် အိတ် ၂၀၀၊ ၃၀၀ ဖြစ်နိုင်တယ်လို့ သိရပါတယ်။

စိမ်းကြီးဈေးကွက်အနေနဲ့ တစ်တင်း ၂၃၀၀၀ ကျပ်အထိသာ အမြင့်ဆုံးဈေးပေါက်ခဲ့ပြီး၊ မန်းလက်အဝယ် အနည်းငယ် ကြာဆန်သမား အဝယ်နဲ့ ဒေသခံကုန်သည်လှောင်လက်အဝယ်ရှိခဲ့ကာ တစ်ရက်အိတ် ၃၀၀ မှ ၄၀၀ အကြားအရောင်း အဝယ် ပုံမှန်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

မတ်ပဲဈေးကွက်မှာတော့ ပဲအဝင်လည်းနည်းလာသလို ဈေးကလည်း တစ်တင်းကို၃၇၀၀၀ ကျပ်အထိကျဆင်းခဲ့လို့ အရောင်းအဝယ်အေးကာ တစ်ရက်အိတ် ၁၀၀၊ ၂၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ကုန်သည်ရပ်ကွက်ကသိရပါ တယ်။

ကုလားပဲမျိုးစုံဈေးကွက်အနေနဲ့ ယခုတစ်ပတ်မှာ ဈေးအနည်းငယ် ငြိမ်ခဲ့ရာ ကုလားပဲဖြူလုံးကြီး တစ်တင်း ၃၉၀၀၀ ကျပ်၊ ထိုင်ဝမ်တစ်တင်း ၃၈၀၀၀ ကျပ်၊ 929 တစ်တင်း ၃၇၃၀၀ ကျပ်အသီးသီးအမြင့်ဈေးပေါက်ခဲ့ ပြီး၊ ဒေသတွင်းလုပ်ငန်းသုံးအဝယ်အတွက် တစ်ရက်အိတ် ၄၀၀ မှ ၅၀၀ ခန့်ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်ကလေ့လာသိရှိရပါ တယ်။

**ထွန်းလှိုင်-မုံရွာ**

# ယခင်လကာလတူ ဈေးနှုန်းအောက် အနည်းငယ် ရောက်ပေမယ့် ပုံမှန်အရောင်းအဝယ် ဖြစ်နေတဲ့ မန်းသကြားကုန်စည်ဒိုင်

မန္တလေးမြို့ သကြားကုန်စည်ဒိုင် (မြန်မာနိုင်ငံ သကြား၊ သကာရည် လုပ် ငန်းရှင်များ ကထိန်တော်အသင်း) ကို အနယ်နယ်အရပ်ရပ်မှ သကြား သကာ ရည် လုပ်ငန်းရှင်များ၊ ပွဲစား၊ စက်ပိုင်များ နေ့စဉ် (ဥပုသ်နေ့မှအပ) လာ ရောက်ပြီး အရောင်းအဝယ် ပြုလုပ်လျက်ရှိရာ ၂၀၁၆ ခုနှစ် စက်တင် ဘာ ပထမပတ် အရောင်းအဝယ်ဖြစ်တဲ့ သကြားနဲ့ သကာရည်ဈေးနှုန်းနဲ့ ၂၀၁၆ ခုနှစ် ဩဂုတ် ပထမပတ် ကာလတူဈေးနှုန်းကို နှိုင်းယှဉ်ပါက သကာ ပွက်ရည် ဈေးအေးသွားသလို သကြားဈေးလည်း အနည်းငယ်အေးသွား ကြောင်း သိရ ပါတယ်။

၂၀၁၆ ခုနှစ် စက်တင်ဘာ ပထမ ပတ်တွင် အရောင်းအဝယ်ဖြစ်တဲ့ သကာပွက်ရည် ဈေးနှုန်းမှာ တစ်ပိသာ ၈၆၀ကျပ်မှ ၈၈၀ကျပ်နဲ့ အရောင်း အဝယ်ဖြစ်လို့ ယခင်လ ကာလတူ ဈေးနှုန်းအောက် တစ်ပိသာ ၂၀ ကျပ် ဈေးအေးသွားပြီး သကြား A တစ် ပိသာ ၁၂၄၅ကျပ်နဲ့ အရောင်းအဝယ် ဖြစ်လို့ ယခင်လကာလတူ ဈေးနှုန်းအောက် တစ်ပိသာ ၄၀ ကျပ် ဈေးအေး သွားပါတယ်။ ထို့အတူ သကြား B ၁၂၄၀ ကျပ်၊ သကြား C ၁၂၃၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ် လို့ ယခင် ကာလတူ ဈေးနှုန်းအောက် တစ်ပိသာ ၄၀ ကျပ်ခန့် ဈေးအေးသွား ပြီး နေ့စဉ်သကြား ၆၅၀၀ အိတ် (ပိသာ ၃၀ ဝင်အိတ်) အရောင်းအဝယ် ဖြစ်ကြောင်း သိရပါတယ်။

ကုန်ကြမ်း (သကာပွက်ရည်) ဈေးကို အခြေခံတဲ့ ကုန်ချော (သကြား) ဈေးလည်း ကုန်ကြမ်းဈေး မြင့်ရင် ကုန်ချော ဈေးတက်ပြီး ကုန်ကြမ်းဈေး အေးရင် ကုန်ချောဈေး အေးပေမယ့် ယခု သကြားဈေး အနေအထားအရ ရောင်းရဝယ်ရတာ အဆင်ပြေကြောင်း၊ အမြတ်များများ မရသော်လည်း အရှုံးမပေါ်ကြောင်း၊ ဒေသတွင်း ဝယ်လက်တွေနဲ့ မုန့်လုပ်ငန်း၊ နို့ချက် လုပ်ငန်း၊ အချိုရည်လုပ်ငန်းစတဲ့ လုပ်ငန်းတွေက ပုံမှန်ဝယ်ယူမှုရှိကြောင်း၊ ပြည်ပ (တရုတ်) မှလည်း အမှာရှိပါက တင်ပို့ ကြောင်း ကုန်သည်ကြီး တစ်ဦးက ပြော ကြားခဲ့ကြောင်း သိရပါတယ်။

**စိုးအောင် (မန္တလေး)**

## ချင်း



### ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်းစိုတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ စစ်တွေနဲ့ မောင်တောကုန်သွယ်ရေး စခန်းများမှ ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၂ ရက်အတွင်း အမေရိကန်ဒေါ်လာ ၇၆၀၄၀ တန်ဖိုးရှိ ချင်းစို ၁၇၉ တန် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တာကတော့ မောင်တောမှ တန်၁၅၀နဲ့ စစ်တွေမှ ၂၉တန် ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မောင်တောမှ ၁၄၂တန်ခွဲနဲ့ စစ်တွေမှ ၃၂တန်၊ မူဆယ်မှ ချင်းခြောက် ၁၇တန်ကျော် တင်ပို့နိုင်ခဲ့ပြီး ယခုတစ်ပတ် မူဆယ်မှ ချင်းတင်ပို့မှု မရှိခဲ့ပါဘူး။ ဩဂုတ် ၂၇ရက်မှ စက်တင်ဘာ ၂ ရက်အတွင်း စစ်တွေ၊ မောင်တောမှ ချင်းစို တစ်တန် (မိမိဘက် ပေါက်ဈေး) ၉၀၃၁၁၀ ကျပ် ဈေးခန့်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### ပြည်ချင်းဈေးကွက် ဈေးငြိမ်အရောင်းသွက်

ပြည်ချင်း(ဥမ) ဈေးမှာ ယခုတစ်ပတ်တွင်လည်း တစ်ပိဿာကို ကျပ် ၆၀၀ မှ ၁၂၀၀ ကျပ်တို့နဲ့ ရောင်းဝယ်လျက်ရှိပြီး ယခင်တစ်ပတ် ဈေးအတိုင်းမပြောင်းလဲဘဲ ဈေးငြိမ်နေသလို ချင်းခားလှီးသမားများနဲ့ အရောင်းအဝယ်သွက်လျက်ရှိနေပါတယ်။ အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်း(ဥမ) များစီးဝင်မှုမှာ ပိဿာ ၃၀ ဝင် အိတ်၁၅၀ ခန့်ရှိ၍ ဈေးကွက်အတွင်း ပွဲရုံများ၌ ချင်းခားလှီးသမားများနှင့် လက်လီလက်ကားဝယ်သူများ အပါအဝင်တစ်ရက်ကို ပိဿာချိန် ၅၀၀ ခန့် အရောင်းအဝယ်ရှိနေပါတယ်။ ပုံမှန်စီးဆင်းတင်ပို့မှုအနေနဲ့ကတော့ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်ဘက်သို့ ယခုတစ်ပတ်အတွင်း ပိဿာချိန်ပျမ်းမျှ ၆၀၀ ခန့် တင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်**

### ပြည်ပဝယ်လက်မရှိပေမယ့် ရှမ်းချင်းဈေးကွက် အရောင်းအဝယ်သွက်

ဒီတစ်ပတ်မှာ ချင်းဈေးကွက်က ပုံမှန်ထက်နည်းနည်းပိုကောင်းလာတယ်လို့သိရတယ်။ ပြည်တွင်းဈေးကွက်သာရှိပေမယ့် အရောင်းအဝယ်အနည်းငယ် ပြန်သွက်လာပါတယ်။ ချင်း(ဥမ)က ချင်းတက်ထက်လှီးရတာ ပိုကောင်းတာကြောင့် ချင်းသုပ်လုပ်ဖို့အတွက်ရယ် ချင်းခားလှီးလုပ်ဖို့ရယ်အတွက် အဝယ်လိုက်လာတယ်လို့သိရပါတယ်။ တပ်ကုန်းဝယ်လက်တွေကလည်း ခားလှီးဖို့အတွက် ဝယ်ယူထားတယ်လို့ဆိုပါတယ်။ ပြည်ပဝယ်လက်ကတော့အခုထိမရှိသေးပါဘူး။ ရန်ကုန်ဝယ်လက်နဲ့ တပ်ကုန်းဝယ်လက်တွေကပဲ ဝယ်ယူနေတာကြောင့် တစ်ပတ်အတွင်း ချင်းပိဿာချိန် ပေါင်း ၁ ဒသမ ၃ သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဒီတစ်နှစ်မှာ ချင်း(စို)ဈေးက ထင်သလောက်မကောင်းခဲ့သလို ချင်းခြောက်လုပ်ဖို့အတွက်လည်း အဆင်မပြေဘူးလို့ သိရပါတယ်။

ချင်း(ဥမ)တွေ အဝင်လှိုင်ချိန်ကစလို့ မိုးလည်းကောင်းခဲ့တာကြောင့် အခြောက်လှန်းဖို့အဆင်မပြေ၊ ထိုးချင်းခြောက်လည်း လုပ်လို့မရဘူးလို့ ဒေသခံတွေထံက သိရပါတယ်။ ချင်းခြောက်ကိုတော့ ရန်ကုန်ဝယ်လက်တွေက အမှာစာနဲ့မှာယူတာကြောင့် စုပုံထားပြီး ကားတစ်စီးစာပြည့်မှသာ သယ်ယူတယ်လို့လည်း သိရပါတယ်။

ယခင်လနောက်ဆုံးပတ်မှ ယခုတစ်ပတ်အထိ ချင်းခြောက်ပိဿာချိန် (လေးသောင်း)ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်းသိရပါတယ်။ အောင်ပန်းဈေးကွက်မှာ ဒီ တစ်ပတ်ချင်း (စို) ပေါက်ဈေးက တစ်ပိဿာ ၂၅၀ ကျပ်၊ ကျပ် ၃၀၀ ဈေးရှိပြီး ချင်းခြောက်တစ်ပိဿာ ၁၇၀၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

ဟိုပုံးဈေးကွက်မှာတော့ ရာသီဥတုကြောင့် (ဥမ)တွေကို မဖော်တော့ဘူးလို့ သိရပါတယ်။ ဒေသတွင်းလက်လီစားဖို့အတွက်သာ အရောင်းရှိပြီး တစ်ပိဿာကို ၂၃၀ မှ ၂၅၀ ကျပ်ဈေးရှိတယ်လို့ သိရှိရပါတယ်။

**ဧခိုင်(တောင်ကြီး)**

### ဩဂုတ်လအတွင်း ချင်း တန် ၅၀ ကျော်တင်ပို့

ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၃ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ချင်းတင်ပို့မှုရပ်နားခဲ့တယ်လို့ သိရပါတယ်။ လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇူလိုင်လအတွင်း ချင်းစုစုပေါင်း တင်ပို့တန်ချိန် မှာ၂၈ တန် ကျော်ရှိခဲ့ပြီး ဩဂုတ်လမှာ စုစုပေါင်း ၅၄ တန်ကျော်တင်ပို့နိုင်ခဲ့တာကြောင့် ဩဂုတ်လမှာ ချင်း တင်ပို့မှုပိုခဲ့တယ်လို့ သိရပါတယ်။ ဩဂုတ်လအတွင်း ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၈၄၀၄၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

## နနွင်း

### မူဆယ်၊ စစ်တွေနဲ့ မောင်တောစခန်းများမှ နနွင်းတက်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၂ ရက်အတွင်း အမေရိကန်ဒေါ်လာ ၄၈၉၆၀ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၆၄ တန်ကိုလည်းကောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၁၂၀၀ တန်ဖိုးရှိနနွင်းတက် (ကျောက်ဆည်) ၇ တန်နဲ့ မောင်တော ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄၄၁၃၉ တန်ဖိုးရှိ နနွင်းတက် (ကျောက်ဆည်) ၃၂တန် ကျော်ကိုလည်းကောင်း အသီးသီး တင်ပို့ခဲ့ပါတယ်။ ရှမ်းနနွင်းက ပုံမှန်အရောင်းအဝယ်ရှိပြီး ဟိုပုံးနနွင်းကတော့ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်မှ ဝယ်လက်တွေက ဝယ်ယူကြတာလို့သိရပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ အရည် အသွေးပေါ် မူတည်ပြီး နနွင်းဈေးတွေ ကွာခြားကြတယ်လို့ ပွဲရုံတွေက သတင်းရရှိပါတယ်။

**မော်မော်အောင်**

### ရှမ်းနနွင်း အရောင်းအဝယ်ပုံမှန်ရှိ

ရှမ်းနနွင်းအရောင်းအဝယ်က ပုံမှန်ရှိနေပါတယ်။ ပြည်ပဝယ်လက်အနေနဲ့ဝယ်ယူမှုနည်းနေပါသေးတယ်။ အရင်နှစ်တွေကတော့ နယ်စပ်စခန်းတွေမှတစ်ဆင့် တင်ပို့ဖို့အတွက် မူဆယ်ဝယ်လက်နဲ့ တောင်ကုတ်ဝယ်လက်တွေကဝယ်ယူနေပေမယ့် ဒီနှစ်တော့နှစ်စပိုင်းလောက်မှာ မူဆယ်ဝယ်လက်တွေက အနည်းငယ်သာဝယ်ယူပြီး မိုးတွင်းကာလကစလို့အဝယ်လည်းနည်းသွားတယ်လို့သိရပါတယ်၊ ပြည်တွင်းသုံးအတွက်သာဝယ်ယူနေသလို ဒီတစ်ပတ်လည်း ရန်ကုန်နဲ့နေပြည်တော် ဝယ်လက် တွေပဲ အဝယ်ရှိနေပါတယ်၊ အောင်ပန်းဈေးကွက်ကို ကလော၊ ပင်လောင်း စတဲ့ မြို့နယ်ကထွက်တဲ့ နနွင်းတွေဝင်ပါတယ်။ ရှမ်းနနွင်းမှာ အကောင်းဆုံးနနွင်းဖြစ်တဲ့ ဆင်တောင်နနွင်းကတော့ အရည်အသွေးကောင်းလို့ နာမည်ကြီးပါတယ်။ ဒီတစ်ပတ်လည်း ရန်ကုန်ဝယ်လက်တွေက ဆင်တောင်နနွင်းကို ဝယ်ယူနေတယ်လို့သိရပါတယ်၊ ပြည်တွင်း သုံးအတွက်တော့ အောင်ပန်းစလို့ခေါ်တဲ့ တောင်ပို့လစတွေက အရောင်းအဝယ်ဖြစ်နေတယ်လို့သိရပါတယ်။ တစ်ပတ်အတွင်း နနွင်းပိဿာချိန် ငါးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်းသိရပါတယ်။ အောင်ပန်းဈေးကွက်မှာ နနွင်းတစ်ပိဿာပေါက်ဈေးမှာ ညှံ့စက ၁၇၀၀ကျပ်၊ လတ်စ က ၁၈၅၀ကျပ်နဲ့ဆင်တောင်နနွင်းက ၂၈၀၀ ကျပ် ဈေးရှိတယ်လို့သိရပါတယ်။

**ဧခိုင်(တောင်ကြီး)**

### နနွင်း တန် ၄၀ တင်ပို့

ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ဩဂုတ်၂၈ ရက်မှ စက်တင်ဘာ ၃ ရက် သီတင်းပတ်အတွင်း စင်ကာပူနိုင်ငံသို့ နနွင်း တန် ၄၀ တင်ပို့ခဲ့ပါတယ်။ယခင်သီတင်းပတ်နနွင်းတင်ပို့မှုမှာ တန်ချိန်၁၉၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်ပို့မှုနဲ့ ယှဉ်ရင်တန်ချိန်၁၅၀ ကျော်တင်ပို့မှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၃၁၀၀၀ ဝင်ငွေ ရရှိခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇူလိုင်လ နနွင်းတင်ပို့မှုမှာ တန်ချိန် ၆၄၀ ကျော်ရှိခဲ့ပြီး ဩဂုတ်လတင်ပို့မှုမှာ တန်ချိန်၁၀၉၀ ကျော်ရှိခဲ့တာကြောင့် ဩဂုတ်လမှာ နနွင်း တန် ၄၅၀ ကျော်တင်ပို့မှုပိုခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**



## သီဟိုဠ်

### မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင် ကုန်သွယ် ရေးဇုန်မှ ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၃၄၂ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၅၇ တန်ကို တစ်ဖက်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၂၀ နီးပါး တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ ၃၇ တန်ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ ကုန်သွယ်ရေးဇုန်မှ သိရပါတယ်။

ယခုတစ်ပတ် မြဝတီကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ တင်ပို့နိုင်ခြင်းမရှိဘူးလို့ သိရပါတယ်။ မြဝတီကုန်သွယ်ရေးဇုန်မှ ဩဂုတ်လအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၃ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၆ တန် တင်ပို့နိုင်တယ်လို့ ကုန်သွယ်ရေးဇုန်မှ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## မန်ကျည်း

### ဒီတစ်ပတ် မန်ကျည်း တင်ပို့မှုလျော့နည်း

ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၃ ရက် သီတင်းပတ်အတွင်း မန်ကျည်း ၃၈ ဒသမ ၈တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဘယ်လ်ဂျီယံသို့ ၁၄ ဒသမ ၄ တန်၊ ဘရူနိုင်းသို့ ၁၄ ဒသမ ၄ တန်နဲ့ စင်ကာပူသို့ ၁၀ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က မန်ကျည်း တန်ချိန် ၃၀၀ အထိ တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ် မန်ကျည်းတင်ပို့မှု တော်တော်လေး လျော့နည်းခဲ့ပါတယ်။ မန်ကျည်း တင်ပို့မှုမှ ကန်ဒေါ်လာ ၄၄၄၀၀ ဝင်ငွေရရှိခဲ့တယ်။ လချုပ်အနေနဲ့ ကြည့်မယ်ဆိုရင် ဇူလိုင်လ မန်ကျည်း စုစုပေါင်းတင်ပို့မှုမှာ တန်ချိန် ၆၀ ကျော်ရှိခဲ့ပြီး ဩဂုတ်လမှာ တန်ချိန် ၅၇၀ ကျော် တင်ပို့နိုင်ခဲ့တာကြောင့် ဩဂုတ်လမှာ မန်ကျည်း တန်ချိန်၅၀၀ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ကြက်သွန်

### နယ်စပ်စခန်းများမှ ကြက်သွန်နီပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်နှင့်တာချီလိတ်ကုန်သွယ်ရေး စခန်းနှစ်ခုမှ ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၂ ရက်အတွင်း အမေရိကန်ဒေါ်လာ ၂၆၅၁၄၄ တန်ဖိုးရှိ ကြက်သွန်နီ တန် ၈၂၀ ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

စခန်းအလိုက် တင်ပို့ခဲ့တာကတော့ မြဝတီမှ တန် ၅၂၀ ကျော်နဲ့ တာချီလိတ်မှ တန် ၃၀၀ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မြဝတီမှ ၂၃၉ တန်နဲ့ တာချီလိတ်မှ တန် ၁၀၀ သာတင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ အဆိုပါစခန်းများမှ ကြက်သွန်နီပိုမိုတင်ပို့လာတာ တွေ့ရပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်ကတော့ အမေရိကန် ဒေါ်လာ ၁၄၃၀၀၀ တန်ဖိုးရှိ ကြက်သွန်နီတန်ချိန် ၅၅၀ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၈၀၀ အောက်တန် ၂၅၀ ကျဆင်းခဲ့တာကို တွေ့ရပါတယ်။

ကြက်သွန်နီ ရာသီချိန် ကုန်ဆုံးခါနီးဖြစ်သဖြင့် တင်ပို့မှုလျော့နည်းရတာဖြစ်ကြောင်း မူဆယ်စခန်းမှ တစ်ဆင့်သိရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ကြက်သွန်နီတစ်တန်ကို မိမိဘက်ပေါက်ဈေး (ငွေလဲနှုန်းအရ) ၃၁၄၆၀၀-၃၂၀၆၅၀ ကျပ်ဈေးရှိပြီး မြဝတီကုန်စည်ဒိုင်မှာ ၂၄၀၁၉၂-၄၃၆၆၄၄ ကျပ်ဈေးရှိတယ်လို့ သတင်းရရှိပါတယ်။

**မော်မော်အောင်**

*“ ကျွန်တော်ပြုခဲ့တဲ့ အရာတိုင်းကို တစ်ဦး တစ်ယောက်ဆီက အတုယူမှီငြမ်းပြုပြီး ဆောင် ရွက်ခဲ့တာပါ။ ”*

*ဆမ်ဝေါ်လ်တန် (Sam Walton)*




# Walmart pl;gm;uufudk wnfxmifevf;Dl(o)atmifjrifaom vufvDa&mif;oma;qrf0:vwef

|မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)|

ဆမ်ဝေါ်လ်တန်သည် ကမ္ဘာပေါ်တွင် နာမည်အကြီးဆုံး စူပါမားကက်ဖြစ်သည့် Walmart ကို တည်ထောင်ခဲ့သည့် အလုပ်အမှုဆောင် အရာရှိချုပ် (CEO) ဟောင်းတစ်ဦးဖြစ်သည်။ ကမ္ဘာပေါ်တွင် အကောင်းဆုံးစီအီးအိုများတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ၂၀၀၂ ခုနှစ်၊ Forbes မဂ္ဂဇင်း၏ ကမ္ဘာ့ အချမ်းသာဆုံး ပုဂ္ဂိုလ် ၄၀၀ စာရင်းတွင် ဆမ်ဝေါ်လ်တန် (Sam Walton) လည်းပါဝင်သည်။ သူသည် ၂၀ ရာစုတွင် အကြီးဆုံးစွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ဦးဖြစ်သည်။ သူသည် ကြီးမားသော ယှဉ်ပြိုင်ဘက်များနှင့်ပြိုင်ဆိုင်ရန် နှစ်သက်သော သဘောဖြူစင်ရိုးစင်းသည့် ရောင်းဝယ်ဖောက်ကားသူတစ်ဦးလည်းဖြစ်သည်။

စင်စစ် ဆမ်ဝေါ်လ်တန်၏ ဘဝခရီးကား စိတ်ဝင်စားဖွယ်အတိ ဖြစ်သည်။ ဆမ်ဝေါ်လ်တန်၏ ဖခင်ဖြစ်သူ သောမတ်စ်ဝေါ်လ်တန်ကို အိုကလာဟိုးမားမြို့ ကင်းဖစ်ရှာတွင် မွေးဖွားခဲ့သည်။ သူသည် လယ်သမားတစ်ဦးဖြစ်သည်။ သောမတ်စ်က သူ့ကလေးများကိုပြောခဲ့သော အောင်မြင်မှု၏ လျှို့ဝှက်ချက်မှာ ‘အလုပ်၊ အလုပ်၊ အလုပ်’ ဟူ၍ဖြစ်သည်။ သူ့သား ဆမ်ဝေါ်လ်တန်သည် အဆိုပါသင်ခန်းစာကို ကောင်းစွာလေ့လာသိရှိခဲ့သည်။ ကလေးငယ်တစ်ဦးအနေဖြင့် ဆမ်ဝေါ်လ်တန်သည် လက်လီရောင်းချခြင်း (Retailing ) အရသာကို ပထမဦးဆုံးရရှိခဲ့သည်။ သူ့မိသားစု အားလပ်ရက်များတွင် စတိုးဆိုင်များသို့ လည်ပတ်ခြင်းလည်း ပါဝင်ရာ ဆမ်သည် ဖောက်သည်ဘက်ကအမြင်ကို ခံစားသိရှိခဲ့ရသည်။

၁၉၄၅ ခုနှစ်တွင် ဆမ်ဝေါ်လ်တန်သည် သူ့ကိုယ်ပိုင် ပထမဆုံး စတိုးဆိုင်ကို ဖွင့်လှစ်ခဲ့သည်။ သည့်နောက်သူ့ဘဝ၏ ကျန်သောအချိန် များစွာကို စတိုးဆိုင်များသို့ သွားရောက်လည်ပတ်ခြင်းဖြင့် ကုန်လွန် စေခဲ့သည်။ လျင်မြန်စွာ ရွေ့လျား ပြောင်းလဲလာသော လက်လီ အရောင်းလုပ်ငန်းအကြောင်းကို သိရှိနားလည်ရန် ယင်းလည်ပတ် ခြင်းများသည် ဆမ်အတွက် ဉာဏ်ပညာပါရှိသော အလေ့အကျင့် တစ်ခုဖြစ်ခဲ့သည်။ သူသည် နောက်ကျကျန်ရစ်ခဲ့သူ မဟုတ်ချေ။ သူ သည် သူ့ကုန်ပစ္စည်းများနှင့် သူ့ပြော ဆိုတင်ပြမှုများအတွက် နေရာ ပေါင်းစုံသို့ စဉ်ဆက်မပြတ်လှည့် လည်သွားလာနေသည်။ သူ၏စောစောပိုင်းဖွင့်လှစ်သော စတိုးဆိုင်များသည် အောင်မြင်သော်လည်း ဆမ်ဝေါ်လ်တန်သည် သူ့လက်လီအရောင်းဖော်မြူလာကို ဆန်းသစ်သော ပြောင်းလဲမှုပြုလုပ်ရန် လက်မနှေးခဲ့ချေ။

ဆမ်ဝေါ်လ်တန်သည် ၁၉၆၂ ခုနှစ်တွင် လက်လီရောင်းခြင်း ၏ အနာဂတ်ကို တွေ့မြင်ခဲ့သည်။ ယင်းသည် သူ၏အာရုံစိုက်မှုကို လျှော့ဈေးရောင်းမှုဆီသို့ ရွှေ့ပြောင်းရန်ဦးတည်ခဲ့သည်။ ၁၉၆၂ ခုနှစ် တွင် Kmart, Woolco နှင့် Target စသည့် စတိုးဆိုင်ကြီးများ လုပ်ငန်း စတင်နေချိန်တွင် ဆမ်ဝေါ်လ်တန်သည်လည်း သူ၏ပထမဦးဆုံး Walmart စတိုးဆိုင်ကြီးကို ဖွင့်လှစ်ခဲ့သည်။ ထို့နောက် အမေရိကန် တစ်နိုင်ငံလုံးတွင် လျှော့ဈေးဖြင့် ရောင်းချခြင်းကို သူပြုလုပ်ခဲ့သည်။ ဤဆန်းသစ်သော အံ့သြဖွယ်လက်လီရောင်းချခြင်းလုပ်ငန်းစဉ်ကို ဆမ်ဝေါ်လ်တန် အလိုရှိခဲ့သည်။

ဆမ်ဝေါ်လ်တန်သည် အောင်မြင်သော လက်လီအရောင်း သမားဖြစ်ခဲ့သော်လည်း သူ၏ မော်ဒယ်ပုံစံကို ပြောင်းလဲရန် နားလည်ခဲ့သည်။ ဆမ်ဝေါ်လ်တန်၏ ဘဝခရီးလမ်းကား ထူးခြားလှသည်။ Walmart စူပါမားကက်ကို မဖန်တီးခင် ဆမ်ဝေါ်လ်တန်သည် လူဦး ရေ ၁၅၀၀ ခန့်သာရှိသော မစ်ဆူရီမြို့၊ စိန့်ရောဘတ်တွင် Walton's Family Center အမည်ရှိ စတိုးဆိုင်ကို ထူထောင်ခဲ့သည်။ အဆိုပါ စတိုးဆိုင်၏အောင်မြင်မှုသည် Walmart စတင်ထူထောင်ရာတွင် အဆုံးအဖြတ်ပေးသောအချက်အဖြစ် သက်သေပြခဲ့သည်။ ရောင်လှခ်နှင့် အာကင်ဆက်စ်မြို့များရှိ သူ၏ ပထမဆုံးလျှော့ဈေးစတိုးဆိုင်သည် မွှေနှောက်လှန်ရှာဖွေသည့် အရောင်းဆိုင်နှင့် ပိုမိုဆင်တူသည်။ သူ့စတိုးဆိုင်များသည် သူ့ပြိုင်ဖက်များလောက်မကောင်းလှသည် မှာ အကြောင်းမဟုတ်ချေ။ သော့ချက်အနေဖြင့် ဝေါ်လ်တန်သည် လျှော့ဈေးပေးခြင်း၏ အနာဂတ်ကို မီးမောင်းထိုးပြခဲ့ပြီး သူ့ကိုယ်ပိုင် အမြင်ကို ပြသခဲ့သည်။

သေချာသည်ကတော့ သူ့ကုမ္ပဏီသည် ဒုတိယကမ္ဘာစစ်ပွဲကြီး နောက်ပိုင်း၌ အမေရိက စီးပွားရေးတွင် ကြီးမားစွာအကျိုးဖြစ်ထွန်းခဲ့ခြင်းပင်။ ဝေါ်လ်တန်သည် လက်လီရောင်းချခြင်း ဖော်မြူလာကို မြင့်မားတိုးတက်အောင် ဆောင်ရွက်၍ အနာဂတ်ကို မကြည့်ခဲ့လျှင် Walmart သည် ဘယ်တော့မှ ထင်ရှားလာလိမ့်မည်မဟုတ်ချေ။ ဆမ်ဝေါ်လ်တန်သည် ကွဲပြားခြားနားသော ဆောင်ရွက်မှု တစ်စုံတစ်ရာပြုလုပ်ရန် ကြိုးစားရာတွင် ဘယ်တော့မှ ရပ်နားခဲ့ခြင်းမရှိကြောင်း သူ့ညီဘတ်ဒ်က တစ်ခါတုန်းက ပြောခဲ့သည်။

ခေါင်းဆောင်များသည် သူတို့၏ မူလအိုင်ဒီယာများနှင့် စပ်လျဉ်း၍ အကောင်းဆုံးအိုင်ဒီယာများကို အကောင်အထည်ဖော်ကြသည်။ ယင်းခေါင်းဆောင်များတွင် Walmart တည်ထောင်သူ ဆမ်ဝေါ်လ်တန်လည်း ပါဝင်ပါသည်။ ယင်းသည် သာမန်မဟုတ်သော ခေါင်းဆောင်များ၏ ထူးခြားသော လက္ခဏာသွင်ပြင်တစ်ခုဖြစ်သည်။ ယင်းသည် လေ့လာမှု၊ ယဉ်ကျေးမှု၏ အဓိကကျသော ဝိသေသ လက္ခဏာဖြစ်သည်။ လေ့လာမှုအဖွဲ့အစည်းတစ်ခုတွင် ခေါင်းဆောင်များသည် အရင်းအမြစ် တစ်စုံတစ်ရာမှ အကောင်းဆုံး အိုင်ဒီယာများကို ကောက်သင်းကောက်ရန် သူတို့၏ မန်နေဂျာများနှင့်ဝန်ထမ်းများကို အားပေးကြသည်။ ဆမ်ဝေါ်လ်တန်သည် သူ၏ပထမဦးဆုံး Walmart ကို မဖွင့်လှစ်ခင် အခြားစတိုးဆိုင်များအား လေ့လာခဲ့သည်။ ဝေါ်လ်တန်သည် သူ့ပြိုင်ဘက်စတိုးဆိုင်များတွင် အချိန်များစွာယူ၍ လေ့လာခဲ့ကြောင်း သူ့ဇနီးဖြစ်သူ ဟယ်လင်က ဆိုသည်။ တစ်စုံတစ်ဦးထံမှ သူအတုယူခဲ့သည့် အချက်အလက်များကို သူ့စတိုးဆိုင်များတွင် ကြိုးပမ်းလုပ်ဆောင်ကြောင်း သူတစ်ခါက ဝန်ခံခဲ့သည်။

ဆမ်ဝေါ်လ်တန်သည် သူ၏ပထမဦးဆုံး Walmart ကို ၁၉၆၂ ခုနှစ်တိုင်အောင် မဖွင့်လှစ်နိုင်ခဲ့ချေ။ ၁၉၆၀ ပြည့်နှစ်တွင် သူသည် E.J.Korvette စတိုးဆိုင်များကို စစ်ဆေးကြည့်ရှုရန် အရှေ့ဘက်ကမ်းခြေဒေသသို့ ခရီးများစွာ ထွက်ခဲ့သည်။ Spartans နှင့် Zyare ကဲ့သို့သော လျှော့ဈေးပေးရောင်းချမှုကို အစကနဦး ဆောင်ရွက်သူများနှင့် တွေ့ဆုံ ရန်ဖြစ်သည်။ သူ့ဘဝတစ်လျှောက်လုံးတွင် သူ့ ရင်ထဲ စွဲမြဲစေခဲ့သော သင်ခန်းစာတစ်ခုမှာ လမ်းပေါ်တွင် တွေ့သော ယှဉ်ပြိုင်ဘက် တစ်ဦးဦးထံမှ ဖြစ်စေ၊ သူလေ့လာနိုင်ခြင်းပင်ဖြစ်သည်။ အဆိုပါစိတ်ဓာတ်ကြောင့် သူသည် စိတ်ကူးကောင်းများရရှိခဲ့ပြီး သူ့လုပ်ငန်း တိုးတက်ခဲ့သည်။

ဆမ်ဝေါ်လ်တန်သည် လေ့လာဆည်းပူးခြင်းကို ထက်မြက်နိုးကြားစွာ ဆောင်ရွက်မှုကြောင့် ယင်း လေ့လာမှုမှာ မန်နေဂျာအားလုံးအတွက် တစ်စုံတစ်ခု အထောက်အကူ ရယူနိုင်ခြင်းပင်ဖြစ်သည်။ သူ့ အိုင်ဒီယာမှာ စွမ်းအားရှိသော အမြင် (ဥပမာ- နေ့တိုင်း အနည်းဆုံး ဈေးနှုန်းများ) သည် ဆမ်ဝေါ်လ်တန်၏ အနာဂတ်မျိုးဆက်များအတွက် လေးနက်နက်ရှိုင်းသော သတင်းအချက်အလက်ကို သယ်ဆောင်နိုင်ခြင်းပင်ဖြစ်သည်။

အများနှင့်မတူသော ခေါင်းဆောင်များ၏ ကြန်အင်လက္ခဏာ၊ လိမ္မာပါးနပ်ကျွမ်းကျင်မှုများကို Walmart တည်ထောင်သူ ဆမ်ဝေါ်လ်တန်ကဲ့သို့သော အကောင်းဆုံးစီအီးအိုများတွင် တွေ့ရသည်။ ယင်းတို့မှာ-

- ပြင်ပမှ စိတ်ကူးအိုင်ဒီယာကို မိမိအဖွဲ့အစည်းအတွင်းသို့ ချဉ်းကပ်သော ရှုထောင့်၊
- ခေါင်းဆောင်မှု မျိုးရိုးဗီဇရှိခြင်း၊
- ယဉ်ကျေးမှု၏ အရေးပါသော အခန်း ကဏ္ဍကို နားလည်ခြင်း၊
- နောက်ထပ်မျိုးဆက်ကုန်ပစ္စည်းများ၊ လုပ်ငန်းစဉ်များ သို့မဟုတ် အဖြေများကို ဖန်တီးခြင်း၊
- မူလစိတ်ကူးစိတ်သန်းအပေါ်တွင် အကောင်းဆုံး အိုင်ဒီယာများကို အကောင်အထည်ဖော်ခြင်းနှင့်
- အသိပညာ ဗဟုသုတ၏ ခေါင်းဆောင်မှုကိုယ်ထည်ကို ကြီးထွားတိုးတက်စေခြင်း တို့ပင်ဖြစ်ပါသည်။

Walmart CEO ဟောင်းဖြစ်သူ ဒေးဗစ်ဂလပ်စ်သည် ဆမ်ဝေါ်လ်တန်နှင့် နှစ်အတော်ကြာကြာ အလုပ်လုပ်ခဲ့သည်။ တစ်စုံတစ်ရာ တိုးတက်ရန် နေ့စဉ်မောင်းနှင်သူတစ်ဦးအဖြစ် သူက ဆမ်ကို မှတ်ယူခဲ့သည်။ ဤသည်မှာ ဒဿနိကဆိုင်ရာ ရပ်တည်ချက်ထက် ပိုမိုသည်။ ယင်းသည် လက်တွေ့ကျသော လိုအပ်ချက်သာလျှင်ဖြစ်သည်။ သူ၏ပထမဦးဆုံးစတိုးဆိုင်များသည် သူ့ပြိုင်ဘက်များ၏ စတိုးဆိုင်များလောက်မကောင်းချေ။ “ အစပထမမှာတော့ ကျွန်တော်တို့ဟာ လုပ်ငန်းသိပ်မကျွမ်းကျင်တော့ နောက်မှာကျန်ရစ်ခဲ့တယ်” ဟု နောက်ပိုင်းတွင် ဆမ်ဝေါ်လ်တန် ဝန်ခံပြောဆိုသည်။ သို့သော်လည်း နောက်ပိုင်းနှစ် ၄၀ အကြာတွင် ဆမ်ဝေါ်လ်တန် တည်ထောင်ခဲ့သည့် ကုမ္ပဏီသည် ကမ္ဘာ့အကြီးမားဆုံး ကုမ္ပဏီလည်းဖြစ်ခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် Walmart သည် Fortune 500 ကုမ္ပဏီများစာရင်းတွင် ထိပ်ဆုံးက နေရာယူခဲ့သည်။

ဆမ်ဝေါ်လ်တန် မည်သို့လုပ်ဆောင်ခဲ့ပါသနည်း။ Walmart CEO ဟောင်း ဒေးဗစ်ဂလပ်စ်က “ ဆမ်ရဲ့ ဒဿနိကအတွေးအခေါ်တွေဟာ အမှန်တကယ်ပဲ အခြေခံကျပြီး ရိုးစင်းလှတယ်။ ရှေ့ကိုတည့်တည့်သွားတယ် ” ဟုဆိုသည်။ ဆမ်ဝေါ်လ်တန်သည် လက်လီ အရောင်းလောကသို့ မမျှော်လင့်ဘဲ ရောက်ရှိလာသူဖြစ်သည်။ ကောလိပ်မှ ဘွဲ့ရပြီးနောက် သူသည် တစ်လလျှင် ၇၅ ဒေါ်လာရရှိသော J.C ပင်နီစီမံခန့်ခွဲမှု အလုပ်သင်တစ်ဦးအနေဖြင့် စတင်အလုပ်လုပ်ခဲ့သည်။ သည့်နောက်တွင် သူသည် သူပထမဦးဆုံး စတိုးဆိုင် ဖွင့်လှစ်ရန် လိုအပ်သော ငွေကိုချေးယူခဲ့ရသည်။

အာကန်ဆက်စ်နယူးပို့တွင် ဖွင့်လှစ်သော သူ့ဆိုင်နာမည်မှာ ဘင်နဲ်ဖရန်ကလင် (Ben Franklin) ဖြစ်သည်။ ယင်းတွင်ရှိသော သူနှင့် ယှဉ်ပြိုင်ဖက်တစ်ဦးမှာ Steering ဆိုင်ဖြစ်သည်။ ယင်း Steering ဆိုင်သည် ဝေါ်လ်တန်၏ စတိုးဆိုင်ဖြစ်သော Ben Franklin ကဲ့သို့သေးငယ်သော်ငြားသော်လည်း လုပ်ငန်းနှစ်ဆ လုပ်ရသည်။ ထို့ကြောင့် ဝေါ်လ်တန်သည် Steering စတိုးဆိုင်တွင် အချိန်အတော်ကြာဖြုန်းပြီး လေ့လာခဲ့ရသည်။ ယင်းဆိုင်၏ အခင်းအကျင်းများ၊ နှိုင်းယှဉ်ရမည့် ဈေးနှုန်းများ စသည်တို့ကို လေ့လာခဲ့သည်။

ထိုစဉ်က Butler Brother ကုမ္ပဏီသည် Federated စတိုးဆိုင်များနှင့် Ben Franklin စတိုးဆိုင်များကို ကုမ္ပဏီပစ္စည်းများ ရောင်းချရန် လုပ်ပိုင်ခွင့်များပေးထားသည်။

စာမျက်နှာ ၂၄ သို့ ➲

## ခတ်ဆီ/ဒီဇယ်

### ဒီတစ်ပတ်ဒီဇယ်တန်ချိန် တစ်သောင်းကျော်ဝင်

ဩဂုတ် ၂၈ ရက်မှစက်တင်ဘာလ ၃ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၅၃၄၁၆၁၄၅ တန်ဖိုးရှိ ဒီဇယ် ၁၂၇၉၁ ဒသမ ၈၃၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံမှ အဆင့်မြင့်ဒီဇယ်များတင်သွင်းခဲ့တာဖြစ်ပါတယ်။ ယခင်သီတင်းပတ်ဒီဇယ်အဝင်မှာ တန်ချိန် ၂၁၃၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်တန်ချိန် တစ်သောင်းကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ခတ်ဆီတင်သွင်းမှုမရှိခဲ့ဘူးလို့ သိရပါတယ်။ လချုပ်အနေနဲ့ ကြည့်မယ်ဆိုရင် ဇူလိုင်လမှာ ခတ်ဆီ၊ ဒီဇယ် စုစုပေါင်းတန်ချိန် ၈၈၀ ကျော် တင်သွင်းခဲ့ပြီး ဩဂုတ်လမှာ တန်ချိန် ၁၆၁၀၀ ကျော်တင်သွင်းခဲ့တာကြောင့် ဩဂုတ်လမှာ ခတ်ဆီ၊ ဒီဇယ်တန်ချိန်၁၅၂၀၀ ကျော်တင်သွင်းမှုပိုခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ တာချီလိတ်စခန်းမှ ကန်ဒေါ်လာ ၂၃၈၇၅ တန်ဖိုးရှိ ဒီဇယ် ၅၄ တန် တင်သွင်းခဲ့သလို မြဝတီစခန်းမှ ကန်ဒေါ်လာ ၂၂၉၈၇ တန်ဖိုးရှိ ခတ်ဆီ ၄၁ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ် ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း(92)နဲ့ အောက်တိန်း (95) ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ်၅၄၀ ကျပ်၊ အောက်တိန်း (92) ၅၄၀ ကျပ်၊ အောက်တိန်း (95) ၆၂၀ ကျပ်၊ အဆင့်မြင့် ဒီဇယ် ၅၇၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ စက်တင်ဘာ ၅ ရက်၊ ဒီဇယ်ဝယ်ဈေး ၁၀၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ခတ်ဆီဈေးမှာ စက်တင်ဘာ ၅ ရက်တွင် ဝယ်ဈေး ၁၂၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ စက်တင်ဘာ ၇ ရက်မှစပြီး ဝယ်ဈေး ၁၂၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ တစ်ဂါလန်ဈေးမှာ မပြောင်းဘဲ ဒီဇယ်ရောခတ်ဆီပါ ယခင်တစ်ပတ်ဈေးဖြစ်တဲ့ တစ်ဂါလန် ၂၈၀၀-၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ခတ်ဆီ၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေပြီး ဒီဇယ်မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ခတ်ဆီတစ်လီတာ ၆၄၅ ကျပ်၊ ဒီဇယ် ၅၃၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၈၀ ကျပ်၊ အောက်တိန်း (92) ၅၈၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ စက်တင်ဘာ ၅ ရက် ဒီဇယ်ဝယ်ဈေး ၁၀၇၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၉၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၈ ရက်မှစပြီး ဝယ်ဈေး ၂၅၀၀ကျပ်၊ရောင်းဈေး ၂၀၀၀ကျပ် ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ခတ်ဆီဈေးမှာ စက်တင်ဘာ ၅ ရက်တွင် ဝယ်ဈေး ၁၃၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ပြင်ပလက်လီ ဆိုင်များတွင် တစ်ဂါလန် ဈေးမှာဒီဇယ် ၂၆၀၀ကျပ်၊ ခတ်ဆီ ၃၀၀၀ ကျပ်နဲ့အရောင်း အဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ဒီတစ်ပတ် ခတ်ဆီ၊ ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ ဈေးများမှာ ခတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၅၆၅ ကျပ် ၊အောက်တိန်း တစ်ဂါလန် ၂၄၇၅ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလန် ၃၁၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၆၀၀ ကျပ်၊ အောက်တိန်း တစ်ဂါလန် ၂၅၀၀ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။-

**တောင်ကြီးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ခတ်ဆီ၊ ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလန်ဈေးနှုန်းများမှာ ခတ်ဆီတစ်ဂါလန် ၂၅၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၆၀၀ ကျပ်နဲ့ ရောင်းချတယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီ တစ်ဂါလန် ၂၆၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၇၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

### ပြည်တွင်းငွေလဲနှုန်းများ အမြင့်ဆုံးဈေးသို့ရောက်ရှိပြီး ဈေးငြိမ်လျက်ရှိ

ယခုတစ်ပတ်တွင်ပြည်တွင်းငွေလဲနှုန်းများသည် ဆက်လက်မြင့်တက်လျက်ရှိကာအမြင့်ဆုံးဈေးသို့ ရောက်ရှိခဲ့ပြီး ဈေးငြိမ်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့ဈေးကွက်တွင် အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းများ မြင့်တက်ကာဒေါ်လာအားကောင်းလာမှုကြောင့် ပြည်တွင်းငွေလဲနှုန်းများလည်းမြင့်တက်လာရခြင်းဖြစ်ကြောင်း၊ အမေရိကန် ဗဟိုဘဏ်ကလည်း အတိုးနှုန်းများကို မြှင့်တင်ပေးမည်ဟုသည့်သတင်းမှာ ဖြစ်နိုင်ခြေနည်းသွားသော်လည်း အခြားသောစီးပွားရေးလုပ်ငန်းများ အားကောင်းနေသဖြင့် အမေရိကန်ဒေါ်လာ အားကောင်းလာခဲ့ကာ နိုင်ငံတကာတွင် အမေရိကန်ဒေါ်လာနှင့်လဲလှယ်နှုန်းများ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း ငွေလဲဈေးကွက်အတွင်း ရောင်းဝယ်နေသူတစ်ဦးက ဆိုသည်။

"ဒီတစ်ပတ်ကတော့ ပြီးခဲ့တဲ့တစ်ပတ်ထက်ဈေးက မြင့်တက်လာတယ်။ ကမ္ဘာမှာလည်း အမေရိကန်ဒေါ်လာက အားကောင်းလာတယ်။ ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်ပေးဖို့ကိစ္စကဖြစ်နိုင်ဖို့ ရာနှုန်းအတော်လေးကို နည်းသွားပြီ။ ဒါပေမယ့် သူ့ရဲ့တခြားသောစီးပွားရေးလုပ်ငန်းတွေက အားကောင်းနေတဲ့အတွက် ဒေါ်လာက မာနေတာပါ။ နိုင်ငံတကာမှာလည်း အမေရိကန်ဒေါ်လာနဲ့ ဖလှယ်နှုန်းတွေ ဆက်တိုက်မြင့်တက်နေတာကြောင့်ပြည်တွင်းမှာလည်း ငွေလဲနှုန်းတွေ မြင့်တက်နေရတာပါ"ဟု ငွေလဲစင်တာတစ်ခုမှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ပြည်တွင်းငွေလဲစင်တာများတွင် စက်တင်ဘာ ၅ ရက်က ရောင်းဈေး ၁၂၁၅ ကျပ်၊ ဝယ်ဈေး ၁၂၁၂ ကျပ်ဖြင့် ဈေးဖွင့်ခဲ့သော်လည်း ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၂၁၉ ကျပ်၊ ဝယ်ဈေး ၁၂၁၆ ကျပ်သို့ မြင့်တက်ခဲ့သည်။

သို့သော် စက်တင်ဘာ ၇ ရက်မှစတင်ကာ ၉ ရက်အထိ ဈေးအတက်အကျနည်းခဲ့ပြီး ဈေးအမြင့်ဖြင့်ပင် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ စက်တင်ဘာ ၇ ရက်တွင် ရောင်းဈေး ၁၂၂၂ ကျပ်၊ ဝယ်ဈေး ၁၂၁၉ ကျပ်ရှိခဲ့ပြီး စက်တင်ဘာ ၉ ရက်တွင် ရောင်းဈေး ၁၂၂၃ ကျပ်၊ ဝယ်ဈေး ၁၂၂၀ ကျပ်ရှိခဲ့သည်။

**မယ်သီတာ**

### ကမ္ဘာ့ရွှေဈေးရော ငွေလဲနှုန်းပါ မြင့်တက်လာမှုကြောင့် မြန်မာ့ရွှေဈေး ဆက်လက်မြင့်တက်

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေး မြင့်တက်မှုနှင့်အတူ ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်လာခဲ့သဖြင့် ပြည်တွင်းရွှေဈေးများ ဆက်လက်မြင့်တက်ခဲ့ ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ အမေရိကန်ဗဟိုဘဏ်၏ အတိုးနှုန်းမြှင့်တင်မည့်ကိစ္စကြောင့် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ရွှေဈေးအနည်းငယ်ငြိမ်သက်ခဲ့ရာမှ ယခုတစ်ပတ်တွင် အတိုးမြှင့်တင်မည့်ကိစ္စမှာ မသေချာတော့သဖြင့် ကမ္ဘာ့ရွှေဈေးများ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း ရွှေဈေးကွက်ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ခဲ့သည်။

"ကမ္ဘာ့ရွှေဈေးကလည်း မြင့်တက်လာတယ်။ အဓိကကတော့အမေရိကန်ဗဟိုဘဏ်ပဲ။ သူက အတိုးနှုန်းကို မြှင့်တင်မယ်ဆိုတော့ ရွှေဈေးက နည်းနည်းငြိမ်နေတယ်။ အခုလည်းကျရော တိုးမယ့်ကိစ္စက မသေချာတော့ဘူးဆိုတော့ ကမ္ဘာ့ရွှေဈေးက လိုက်ပြီးတက်လာတယ်။ ပြည်တွင်းမှာငွေလဲနှုန်းကလည်း လိုက်ပြီးမြင့်တက်လာတော့ ရွှေဈေးနှုန်းလည်း မြင့်တက်လာရတာပါ။ ဈေးကွက်ထဲမှာတော့ အရောင်းအဝယ်ပြန်ဖြစ်လာတယ်လို့ ဆိုရမယ်။ ဈေးနည်းနည်းကျတုန်းကဝယ်ထားတဲ့သူတွေ အခုဈေးပြန်တက်တော့ ပြန်ရောင်းကြတာ။ ဈေးကွက်ထဲမှာ နည်းနည်းတော့ ပြန်လှုပ်လာတယ်။ အထည်ပိုင်းမှာတော့ တော်တော်လေးကို အရောင်းအေးသွားတယ်"ဟု ရွှေဈေးကွက်ကျွမ်းကျင်သူ ဦးလှမြင့်က ဆိုသည်။

ပြည်တွင်းရွှေဈေးသည် စက်တင်ဘာ ၅ ရက်က ကျပ် ၈၅၅၀၀၀ရှိခဲ့ ရာမှ စက်တင်ဘာ ၇ ရက်တွင်ကျပ် ၈၆၇၀၀၀ သို့ မြင့်တက်ခဲ့သည်။ စက်တင်ဘာ ၉ ရက်တွင် ကျပ် ၈၆၅၀၀၀ သို့ အနည်းငယ်သာကျဆင်းခဲ့သည်။

**မယ်သီတာ**

### မြန်မာနိုင်ငံသားများဘဏ်၏ရှယ်ယာဈေးနှုန်းများ ပြန်လည်ကျဆင်း

ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ခဲ့သည့် သုံးပတ်မြောက်ကာလတွင် မြန်မာနိုင်ငံသားများဘဏ်၏အစုရှယ်ယာဈေးနှုန်းများမှာ ယခုတစ်ပတ်တွင် ဈေးမြင့်တက်နေရာမှ ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသားများဘဏ်၏ အစုရှယ်ယာဈေးများသည် စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၀၀၀၀ရှိခဲ့ရာမှ စက်တင်ဘာ ၈ ရက်တွင် ကျပ် ၉၄၀၀ သို့ကျဆင်းခဲ့သည်။ စက်တင်ဘာလ ၉ ရက်တွင် အနည်းငယ်ပြန်လည်မြင့်တက်ခဲ့ကာ ကျပ် ၉၈၀၀ ရှိခဲ့သည်။

မြန်မာနိုင်ငံသားများဘဏ်၏အစုရှယ်ယာများသည် နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိပြီး စက်တင်ဘာ ၅ ရက်က အစုရှယ်ယာ ၁၈၂၀ ဖြင့် အများဆုံး အရောင်းအဝယ်ဖြစ်ခဲ့သည်။

ကျန်စာရင်းဝင်ကုမ္ပဏီနှစ်ခုဖြစ်သည့် MTSH နှင့် FMI ကုမ္ပဏီတို့၏ ရှယ်ယာဈေးနှုန်းများမှာမူ ကျပ် ၅၀၀ နှင့် ကျပ် ၁၀၀၀ ခန့်သာအတက်အကျရှိနေကြောင်း သိရသည်။

MTSH ၏ ရှယ်ယာဈေးနှုန်းသည် ဈေးပိတ်သည့် နောက်ဆုံးရက်တွင် ကျပ် ၄၂၀၀၀ ရှိခဲ့ပြီး FMI ၏ ဈေးနှုန်းမှာ ကျပ် ၁၉၀၀၀ ရှိခဲ့သည်။

**မယ်သီတာ**

### Currency Exchange Rate

September 9, 2016

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.31 |
| BDT | Bangladesh Taka | 78.55 |
| CAD | Canada Dollars | 1.29 |
| CNY | China Yuan Renminbi | 6.68 |
| EUR | Euro | 0.89 |
| H KD | Hong Kong Dollars | 7.76 |
| I NR | India Rupees | 66.58 |
| I DR | Indonesia Rupiahs | 13094.48 |
| JPY | Japan Yen | 102.20 |
| MYR | Malaysia | 4.07 |
| PKR | Pakistan Rupees | 104.35 |
| PHP | Philippines Pesos | 47.21 |
| RUB | Russia Rubles | 64.16 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1099.85 |
| LKR | Sri Lanka Rupe | 145.72 |
| THB | Thailand Baht | 34.78 |
| GBP | United Kingdom Pounds | 0.75 |
| VND | VietnamDon | 22301.52 |

*Source : xe.com*

### World Gold Price

September, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 5 | 1323 | 1324 | 1324 |
| 6 | 1323 | 1326 | 1325 |
| 7 | 1348 | 1351 | 1350 |
| 8 | 1343 | 1346 | 1346 |
| 9 | 1332 | 1336 | 1336 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 5-9-2016 | 856.00 | 856.00 |
| 6-9-2016 | 861.00 | 860.50 |
| 7-9-2016 | 870.50 | 870.00 |
| 8-9-2016 | 866.50 | 864.50 |
| 9-9-2016 | 865.50 | 865.00 |

### နယ်စပ်ငွေလဲလှယ်နှုန်း

စက်တင်ဘာလ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 5 | 6 .68 | 34.72 | 78.56 | 66.46 |
| 6 | 6. 68 | 34.76 | 78.35 | 66.54 |
| 7 | 6 67 | 34.58 | 78.56 | 66.35 |
| 8 | 6 .67 | 34.67 | 78.50 | 66.45 |
| 9 | 6.68 | 34.78 | 78.55 | 66.58 |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 5 - September | 19.38 | 2409.79 | 1602.27 | 4700.64 | 1066.00 |
| 6 - September | 19.50 | 2380.00 | 1591.30 | 4702.88 | 1076.00 |
| 7 - September | 19.97 | 2364.10 | 1600.26 | 4732.90 | 1101.00 |
| 8 - September | 19.86 | 2348.86 | 1595.55 | 4716.32 | 1090.00 |
| 9 - September | 19.47 | 2339.68 | 1593.98 | 4715.20 | 1079.00 |

Source:kitco.com

### Energy NYMEX

9-9-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 47.10 | -0.52 | -1.09 |
| Brent Crude Futr (USD/bbl) | 49.38 | -0.61 | -1.22 |
| Gasoline Rbob Fut (Cent/gal) | 139.75 | -1.90 | -1.34 |
| Natural Gas Futr (USD/MMBtu) | 2.82 | 0.01 | 0.32 |
| Heating Oil Futr (Cent/gal) | 146.83 | -1.39 | -0.94 |

## ဘိလပ်မြေ

### ဒီတစ်ပတ် ဘိလပ်မြေတန်ချိန် ၁၄၀၀၀ ကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၃ ရက်အတွင်း ကန်ဒေါ်လာ ၁၁၈၀၉၆၂ တန်ဖိုးရှိ ဘိလပ်မြေ ၁၄၂၂၅ဒသမ ၉၆၂တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံမှ ၄ ဒသမ ၉၃၂ တန်နဲ့ ထိုင်းနိုင်ငံမှ ၁၄၂၂၁ ဒသမ ဝ၃ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေတင်သွင်းမှုမှာ တန်ချိန်၅၈၀၀ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၈၄၀၀ ကျော် တင်သွင်းမှု ပိုခဲ့တယ်လို့ သိရပါတယ်။ ကာလတူဖြစ်တဲ့ ၂၀၁၅ခုနှစ် ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၃ ရက်သီတင်းပတ်အတွင်းမှာ ဘိလပ်မြေတန်ချိန် ၇၀၉၀၀ ကျော် တင်သွင်းနိုင်ခဲ့ပြီး ၂၀၁၆ ယခု သီတင်းပတ် ဘိလပ်မြေတင်သွင်းမှုနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ အဝင်တော်တော်လေး လျော့နည်းခဲ့တာတွေ့ရပါတယ်။

### ဘိလပ်မြေဈေးကွက် ရောင်းအားတက်

ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၃ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၄၂၀၀ ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင် တစ်ပတ် ဘိလပ်မြေအဝင်မှာ ၅၈၁၁ တန် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၈၄၀၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ်နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၂၀၆၉၀ တန်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန်၂၄၅၀၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၈၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ရေလမ်းမှအဝင်ပိုခဲ့ပြီးနယ်စပ်လမ်းမှ အဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ ရာသီဥတုလည်း သာယာလာတယ်။ ဆောက်လုပ်ရေးလုပ်ငန်းတွေလည်း လုပ်ကိုင်လာတာကြောင့် အရောင်းအဝယ်က ပုံမှန်လေးရှိနေပေမယ့် ဘိလပ်မြေဈေးက မပြောင်းဘဲ ယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင် ၅၂၂၅ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၈၅၀ ကျပ်နဲ့ စိန် (ထိုင်း) ၅၂၂၅ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** ဆောက်လုပ်ရေးလုပ်ငန်းများနဲ့ ပြုပြင်ရေးလုပ်ငန်းများကြောင့် အရောင်းအဝယ်က ပုံမှန်လေးရှိနေတယ်လို့ သိရပါတယ်။ အရောင်းအဝယ်ပုံမှန်ရှိပေမယ့် ဘိလပ်မြေဈေးက နည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အပါချီက ၃၀၀ ကျပ်၊ ကြံ့က ၁၀၀ ကျပ်နဲ့ ဆင်(ထိုင်း) က ၅၀ ကျပ် ဈေးကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အပါချီ ၄၇၀၀ ကျပ်၊ ဆင် (ထိုင်း) ၆၁၅၀ ကျပ်၊ ကြံ့၄၆၀၀ ကျပ်၊ မြင်းခေါင်း ၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ် ပုံမှန်ရှိတယ်။ ဒီတစ်ပတ်မှာ ဆင်နဲ့ စိန်ဘိလပ်မြေဈေးများ ကျလာတယ်လို့သိရပါတယ်။ မိုးကာလဖြစ်နေတာကြောင့် အရောင်းအဝယ် ပုံမှန်လေးရှိနေတာပဲ ဝမ်းသာရတယ်။ပုံမှန်ဝင်ငွေလေးကြောင့် အလုပ်သမားစရိတ်နဲ့ ဆိုင်စရိတ်ကြေရင်ပဲ တော်လှပြီလို့ အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်မှတာဝန်ရှိသူတစ်ဦးကဆိုပါတယ်။ ဒီတစ်ပတ် ဆင်နဲ့ စိန်က ၁၅၀ ကျပ်ဈေးကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင် ၅၄၅၀ ကျပ်၊ စိန် ၅၂၀၀ ကျပ်၊ ကြံ့နှစ်ကောင် (နီ) ၄၈၀၀ ကျပ်၊ ကြံ့နှစ်ကောင်(စိမ်း) ၄၅၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိပါတယ်။

## ဓာတ်မြေဩဇာ

### ဒီတစ်ပတ် မြေဩဇာအဝင်နည်း

သီတင်းတစ်ပတ်ဖြစ်တဲ့ ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၃ ရက် အတွင်း ကန်ဒေါ်လာ ၁၉၈၆၀၄၃ တန်ဖိုးရှိ မြေဩဇာ ၆၉၃၈ ဒသမ ၇၃၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၄၄၈၁ ဒသမ ၂၃တန်၊အိန္ဒိယမှ ၃၅တန်၊မလေးရှားမှ တန်ချိန် ၃၀၀ ဒသမ ၅၀ တန်၊ ဂျပန်မှ ၂၇ တန်၊ ဆွစ်ဇာလန်မှ တန်ချိန် ၄၅၀၊ ထိုင်းနိုင်ငံမှ ၂၅တန်နဲ့ ဗီယက်နမ်မှ တန်ချိန် ၁၆၂၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ကွန်ပေါင်း၊ ယူရီးယား၊ နိုက်တြိုဂျင်၊ ၁၀၀%ဩဂဲနစ်၊ ဖော့စဖိတ်၊ Jinkai ၊NTA Trisodium ၊Golden Paddy ၊Bulk Blending စတဲ့ အမျိုးအစားများ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မြေဩဇာအဝင်မှာ တန်ချိန် ၁၄၉၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန်၇၉၀၀ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့သိရပါတယ်။

### မြေဆီဈေးကွက် ပုံမှန်အရောင်းအဝယ်ဖြစ်

ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၃ ရက် သီတင်းပတ်အတွင်း ပြည်တွင်း ကို ရေလမ်းမှ မြေဩဇာ ၆၃၉၈ တန်ကျော်အဝင်ရှိခဲ့ပြီး၊ ယခင်တစ်ပတ်မှာ ၁၄၉၃၆ တန်ကျော်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၈၅၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေဩဇာအဝင်မှာ တန်ချိန် ၄၀၇၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ တန်ချိန် ၂၆၈၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၃၉၀၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှအဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေဩဇာက အရောင်းငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မြေဩဇာဈေးနည်းနည်းတက်လာတယ်ပါတယ်။ပုလဲ-အသေးနဲ့ ကွန်ပေါင်းက ၃၀၀ ကျပ်၊ ကွန်ပေါင်း ၁၅ ပတ်လည် (ပန်းရောင်) က ၂၀၀ကျပ်ဈေးမြင့်လာပြီး တီစူပါကဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်)(တရုတ်) ၂၁၃၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း)၁၅း၁၅း၁၅ (Grow How-ထိုင်း) ၃၄၈၀၀ ကျပ်၊ ကွန် ပေါင်း (ပန်းရောင်) ၁၅း၁၅း၁၅ (ထိုင်း) ၂၉၂၀၀ကျပ်၊ကွန်ပေါင်း၁၆း၁၆း၈(မြင်းပျံ-ထိုင်း) ၂၀၈၀၀ကျပ်၊ တီစူပါ ၄၆%(သံကွင်း-တရုတ်)၂၁၀၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဩဇာ အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မြေဆီဈေးတွေ နည်းနည်းကျလာတယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။ ယူရီးယား (ရွှေတောင်-တရုတ်) ၁၀၀ ကျပ်၊ ယူရီးယား(ပန်းဖူး-တရုတ်) ၅၀၀ ကျပ်၊ တီစူပါ ၃၀၀ ကျပ်ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၁၇၇၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၁၇၇၀၀ကျပ်၊ တီစူပါ(၄၆%-တရုတ်) ၁၈၄၀၀ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၅၀၀၀ကျပ်၊ မြွားသီးစုံ ၁၄၄၀၀ ကျပ်၊ ပန်းသီးစုံ ၁၄၉၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါ တယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာများက အရောင်းပါးတယ်လို့ သိရပါတယ်။ အခုချိန်မှာ စပါးအတွက် အသုံးအနည်းငယ်သာ ရှိတာကြောင့် အရောင်းကပါးတယ်။ ဒီတစ်ပတ်မှာတော့ ကုမ္ပဏီဈေး အတက်အကျ အနည်းငယ်ရှိတာကြောင့် မြေဆီဈေး အပြောင်းအလဲ အနည်းငယ်ရှိတယ်လို့ သိရပါတယ်။ ယူရီးယားက ၃၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ က ၈၀၀ ကျပ်၊ မြွားကမ္ဘာက ၆၀၀ ကျပ် ဈေးမြင့်ခဲ့ပြီး ဓာတ်ဆားနဲ့ ပိုတက်က ၅၀၀ကျပ်ဈေး ကျလာခဲ့ပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါ တယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ကမ္ဘာလုံး၊ ရွှေတောင်-တရုတ်) ၁၉၀၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၁၉၂၀၀ကျပ်၊ တီစူပါ ၂၀% (တရုတ်) ၁၂၀၀၀ ကျပ်၊ ပိုးသတ်ဆေး ၁၉၀၀ ကျပ်၊ တီစူ ပါ ၁၅ ပတ်လည်(တရုတ်) ၃၆၅၀၀ ကျပ်၊ တီစူပါ၁၀း၁၀း၅(တရုတ်) ၁၆၀၀၀ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၄၅၀၀ကျပ်၊ ပိုတက်(တရုတ်) ၂၃၅၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၁၉၀၀၀ ကျပ်၊ မြွားကမ္ဘာ ၁၆၀၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

## နို့မှုန့်

### ဒီတစ်ပတ် နို့ဆီ၊ နို့မှုန့် တင်သွင်းမှုလျော့

ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၃ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၂၇၆၁၅တန်ဖိုးရှိ နို့ဆီ ၂၇၃ ဒသမ ဝ၂၄ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူမှ ၁၂၄ ဒသမ ၂၀ တန်နဲ့ မလေးရှားမှ ၁၄၈ ဒသမ ၈၂၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နို့ဆီအဝင်မှာတန်ချိန် ၄၈၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၂၁၀ကျော်အဝင်လျော့ခဲ့ပါတယ်။

ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၅၃၈၅၅၆ တန်ဖိုးရှိ နို့မှုန့် ၇၈ ဒသမ ဝ၈၆ တန်ကို တင်သွင်းခဲ့ပါတယ်။တင်သွင်းခဲ့တဲ့ နိုင်ငံနဲ့ တန်ချိန်များမှာ နယူးဇီလန်မှ ၂၅ ဒသမ ၅၆၃တန်၊ မလေးရှားမှ ၄၀ ဒသမ ၃၀တန်၊စင်ကာပူမှ ၄ ဒသမ ၈၁၄ တန်နဲ့ဗီယက်နမ်မှ ၇ ဒသမ ၄၀၉ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ် နို့မှုန့်အဝင်မှာတန်ချိန် ၁၇၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၉၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။



**သီတာဝင်း (DOT) စုစည်းသည်**

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၈ မှ ၂/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၈ မှ ၂၆/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၀၈၂·၀၀ | ၉၆၇·၇၅ | (+) ၁၁၄·၂၅ |
| ၂။ | လွယ်ဂျယ် | ၇၇၀·၀၀ | ၈၇၀·၀၀ | (-) ၁၀၀·၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီး | ၂၅၂၃·၀၀ | ၂၆၄၁·၅၀ | (-) ၁၁၈·၅၀ |
| ၅။ | တာချီလိတ် | ၂၃၀·၀၀ | ၁၃၅၀၀·၀၀ | (-) ၁၃၂၇၀·၀၀ |
| ၆။ | မြဝတီ | ၁၁၆၁·၂၀ | ၁၁၇၆·၉၂ | (-) ၁၅·၇၂ |
| ၇။ | ကော့သောင်း | ၁၀၇၇၅·၀၀ | ၅၃၅၀·၀၀ | (+) ၅၄၂၅·၀၀ |
| ၈။ | မြိတ် | ၄၁၅၀·၀၀ | - | (+) ၄၁၅၀·၀၀ |
| | စုစုပေါင်း | ၂၀၆၉၁·၂၀ | ၂၄၅၀၆·၁၇ | (-) ၃၈၁၄·၉၇ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၈ မှ ၂/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၈ မှ ၂၆/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၂၈၉၃၉·၈၇၅ | ၁၈၂၁၆·၆၀၀ | (+) ၁၀၇၂၃·၂၇၅ |
| ၂။ | လွယ်ဂျယ် | ၆၀၄·၅၀၀ | ၆၄၅·၅၀၀ | (-) ၄၁·၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၇၂၃၂·၀၀၀ | ၅၇၈၈·၅၀၀ | (+) ၁၄၄၃·၅၀၀ |
| ၄။ | ကန်ပိုက်တီး | - | ၃၆၃·၈၀၀ | (-) ၃၆၃·၈၀၀ |
| ၅။ | မြဝတီ | ၂၆၉၇·၃၈၀ | ၁၄၄၆·၇၆၁ | (+) ၁၂၅၀·၆၁၉ |
| ၆။ | ကော့သောင်း | ၂၁၂·၀၀၀ | ၇၅·၀၀၀ | (+) ၁၃၇·၀၀၀ |
| ၇။ | မြိတ် | ၂၂၅·၀၀၀ | ၅၀·၀၀၀ | (+) ၁၇၅·၀၀ |
| ၈။ | ရိဒ် | ၈၀၀·၀၀၀ | ၃၀၀·၀၀၀ | (+) ၅၀၀·၀၀ |
| | စုစုပေါင်း | ၄၀၇၁၀·၇၅၅ | ၂၆၈၈၆·၁၆၁ | (+) ၁၃၈၂၄·၅၉၄ |

ခင်မိုးသူ

## နှမ်း/မြေပဲ

### ချင်းရွှေဟော်မှ နှမ်းတင်ပို့မှု လျော့နည်း

ဩဂုတ် ၂၇ရက်မှ စက်တင်ဘာ ၂ ရက်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၆၈ သန်း တန်ဖိုးရှိ နှမ်းရောင်စုံ ၁၁၅၆တန်ကျော် တင်ပို့ခဲ့ရာ နှမ်းဖြူ ၃၄၃တန်ကျော်၊ နှမ်းနက်တန် ၈၀၀နဲ့ နှမ်းညို ၁၃တန်ခွဲ အသီးသီးတင်ပို့ခဲ့ပါတယ်။

ယခင်ရက်သတ္တပတ်က ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၁၇၉၇ တန် ကျော်အထိ တင်ပို့ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တန်ချိန် ၆၄၀ ခန့် လျော့နည်းတင်ပို့ခဲ့ပါတယ်။ ဩဂုတ်လတစ်လလုံး ချင်းရွှေဟော်မှ နှမ်းရောင်စုံ တန်ချိန် ၆၀၀၀ နီးပါး တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၂ ရက်အတွင်း နှမ်းဖြူတစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ ၁၂၄၁၈၇၇ ကျပ်ဖြစ်ပြီး၊ နှမ်းနက် (စမုံ) ဈေးကတော့ ၂၃၂၄၉၁၀ ကျပ်ရှိတယ်လို့ သတင်းရရှိပါတယ်။ **မော်မော်အောင်**

### စက်တင်ဘာပထမပတ် မုံရွာဆီထွက်သီးနှံ ဈေးကွက်တွင် မြေပဲဈေး ဆက်လက်ကျလာ

မုံရွာကုန်စည်ဒိုင် စက်တင်ဘာပထမပတ် ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲ (လုံးဆန်) ဈေးဆက်လက်ကျဆင်းခဲ့ရာ မြေပဲဆန်(နီ) တစ်ပိဿာ ၂၀၀၀ မှ ၂၁၅၀ ကျပ်၊ မြေပဲဆန်(ဖြူ) တစ်ပိဿာ ၁၉၅၀ မှ ၂၀၂၅ ကျပ်နဲ့ ဆီဆန်တစ်ပိဿာ ၁၈၀၀ မှ ၁၈၅၀ ကျပ်အတွင်း ပေါက်ဈေးဖြစ်ပေါ်ခဲ့ပြီး ပြည်ပဝယ်လက်မရှိပေမယ့် ဒေသတွင်းလုပ်ငန်းသုံးဝယ်လက်ကြောင့် တစ်ရက် အိတ် ၄၀၀ မှ ၅၀၀ အထိအရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ကုန်သည်ရပ်ကွက်က သိရပါတယ်။

ယခုတစ်ပတ် နှမ်းမျိုးစုံဈေးကွက်မှာ ပြည်တွင်း၊ ပြည်ပဝယ်လိုအား ကောင်းတဲ့ နှမ်းဖြူက လှောင်လက်အဆွဲလည်းရှိလို့ တစ်တင်း ကျပ် ၃၀၀၀၀ အထိဈေးမာနေခဲ့ပေမယ့် ကျန်နှမ်းမျိုးစုံ ဈေးအနည်းငယ်ကျခဲ့ရာ နှမ်းညိုတစ်တင်း ၂၂၀၀၀ ကျပ်၊ ၂၃၀၀၀ ကျပ်၊ နှမ်းနီ တစ်တင်း ၂၂၀၀၀ ကျပ်၊ ၂၃၀၀၀ ကျပ်၊ နှမ်းဝါတစ်တင်း ၂၄၀၀၀ ကျပ်နဲ့ နှမ်းနက်တစ်တင်း ၄၅၀၀၀ ကျပ်၊ ၄၆၀၀၀ ကျပ် အသီးသီးပေါက်ဈေးအမြင့်ဆုံးရခဲ့ကြပြီး နှမ်းမျိုးစုံတစ်ရက် အိတ် ၅၀၀ မှ ၆၀၀ ကြားအရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။

ယခုတစ်ပတ်မှာ မြေပဲနဲ့ နှမ်းဈေးအေးခဲ့သလို စားဆီဈေးလည်း တစ်ပိဿာ ကျပ် ၁၀၀ စီကျသွားပြီး၊ မြေပဲဆီတစ်ပိဿာ ၃၈၀၀ ကျပ်နဲ့ နှမ်းဆီတစ်ပိဿာ ကျပ် ၃၀၀၀ အသီးသီး ဖြစ်ပေါ်ခဲ့ပါတယ်။ စားအုန်းဆီကတော့ တစ်ပိဿာ ၁၈၁၀ ကျပ်မှ ၁၈၄၀ ကျပ် အတွင်းပေါက်ဈေးဖြစ်ပေါ်ခဲ့တယ်လို့ ဈေးကွက်မှ လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

### ပြည်နှမ်းဈေးကွက် ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းဈေးငြိမ်နေတာ တွေ့ရပါတယ်။ မြန်အောင်၊ ပေါင်းတည်နှင့် နတ္တလင်းဘက်မှ တစ်နေ့လျှင် နှမ်းအိတ် ၉၀၀ခန့် ဝင်ရောက်လာသော်လည်း နှမ်းဈေးငြိမ်နေခဲ့ပါတယ်။ နှမ်းနက်ကို မန္တလေးဝယ်လက်များက အဝယ်ရှိပြီး နှမ်းနီကို မြို့တွင်းဆီစက်များက အဝယ် ရှိနေသော်လည်း နှမ်းဈေးမြင့်တက် မသွားတာကို တွေ့ရပါတယ်။ နှမ်းအဝင်နည်းနေသော်လည်း ဈေးငြိမ်ပြီး အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။ နှမ်းဈေးမှာ နှမ်းနီတစ်တင်းလျှင် ၂၆၆၀၀ ကျပ်၊ နှမ်းနက် (ရိုးရိုး) တစ်တင်းလျှင် ၃၆၆၀၀ ကျပ်နှင့် စမုံနက်နှမ်း တစ်တင်း လျှင် ၄၆၆၀၀ ကျပ်ရှိပြီး နှမ်းဆီဈေးမှာ နှမ်းဦးဆီ တစ်ပိဿာလျှင် ၄၅၀၀ ကျပ်ဖြင့်အရောင်းအဝယ်ဖြစ်လျက် ရှိပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

### ထုတ်လုပ်မှုပမာဏ ပိုမိုမြင့်မားလာမယ်လို့ ခန့်မှန်းချက် ထွက်ပေါ်လာပြီးနောက် မလေးရှားစားအုန်းဆီဈေး ဆက်လက်ကျဆင်း

ထုတ်လုပ်မှုပမာဏ မြင့်တက်မယ်လို့ ခန့်မှန်းချက်ထွက်ပေါ်ပြီးနောက် ဈေးကွက်မှာ စားအုန်းဆီရောင်းချမှု များလာတဲ့အတွက် မလေးရှားနိုင်ငံရဲ့ စားအုန်းဆီ ကြိုရောင်းဈေးက စက်တင်ဘာ ၇ရက် မှာ ဒုတိယမြောက်နေ့အဖြစ် ဆက်လက်ကျဆင်းစေခဲ့ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

မကြာသေးမီက ကောက်ခံခဲ့တဲ့ ရိုက်တာစစ်တမ်းအရ အင်ဒိုနီးရှားပြီးရင် ကမ္ဘာမှာ စားအုန်းဆီ အများဆုံးထုတ်လုပ်တဲ့ မလေးရှားနိုင်ငံရဲ့ ထုတ်လုပ်မှုက ဩဂုတ်မှာ တန် ၁ ဒသမ ၇၄ သန်းအထိ ရောက်ရှိခဲ့ပါတယ်။ ယခုထုတ်လုပ်မှုက ဇူလိုင်ထုတ်လုပ်မှုနဲ့နှိုင်းယှဉ်ရင် ၁၀ ရာခိုင်နှုန်းနီးပါး မြင့်တက်ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာနောက်ပိုင်း အမြင့်ဆုံး ထုတ်လုပ်မှု ဖြစ်ပါတယ်။

ဘာဆာမလေးရှား ကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) မှာ နိုဝင်ဘာလအတွက် အခြေခံစံထားဈေးနှုန်းက စက်တင်ဘာ ၇ ရက်က တစ်တန်ကို ၂၅၉၈ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၄၁) နှုန်းရှိခဲ့ပါတယ်။ နေ့အလိုက် နှိုင်းယှဉ်ရင် ၁ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းတဲ့အတွက် ရက်သတ္တတစ်ပတ်ကျော် ကာလအတွင်း အနိမ့်ဆုံး ကျဆင်းမှု ဖြစ်ခဲ့ပါတယ်။

နေ့စဉ် ရောင်းချရမှုပမာဏက စက်တင်ဘာ ၇ ရက်က ၂၅ တန်ရှိ အတွဲပေါင်း ၄၇၁၀၁တွဲ ရောင်းချ ခဲ့ရာ ၂၀၁၅ ခုနှစ်အတွင်းက ပျမ်းမျှရောင်းချခဲ့တဲ့ အတွဲပေါင်း ၄၄၆၀၀ တွဲထက် မြင့်တက်ခဲ့ပါတယ်။

"ပို့ကုန်ကျဆင်းပြီး ထုတ်လုပ်မှု မြင့်တက်မယ်လို့ ဈေးကွက်က ခန့်မှန်းထားပါတယ်။ ဒါကြောင့် ဈေးမကျမီ အမြတ်ရအောင် ရောင်းချမှု များပြားလာတာကို တွေ့ရပါတယ်" လို့ ကွာလာလမ်ပူအခြေစိုက် အရောင်းတာဝန်ခံတစ်ဦးက ပြောပါတယ်။ ဩဂုတ်မှာ ဝယ်လိုအား ရုတ်တရက်မြင့်တက်လာပြီးနောက် စက်တင်ဘာမှာ တင်ပို့မှု ကျဆင်းမယ်လို့လည်း ခန့်မှန်းထားပါတယ်။

ဩဂုတ်လအတွင်းက တရုတ်နဲ့ အိန္ဒိယနိုင်ငံတို့ရဲ့ ဝယ်လိုအား မြင့်တက်မှုကြောင့် မလေးရှားစားအုန်းဆီ တင်ပို့မှုက ၂၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး တန်ချိန် ၁ဒသမ ၆၈သန်းအထိ ရောက်ရှိခဲ့ပါတယ်။ ဒါကြောင့် သိုလှောင်လက်ကျန်က ငါးနှစ်ကျော်အတွင်း အနိမ့်ဆုံးကျဆင်းခဲ့ကြောင်း စားအုန်းဆီ စိုက်ပျိုးသူ၊ ရောင်းချသူနဲ့ လေ့လာဆန်းစစ်သူ ကိုးဦးကို ရိုက်တာသတင်းဌာနက စစ်တမ်းကောက်ယူချက်အရ သိရပါတယ်။

အောက်တိုဘာမှာ ရောက်ရှိမယ့် ဒီပါဝလီပွဲတော်မတိုင်မီဖြစ်ပေါ်လာမယ့် ဝယ်လိုအားကြောင့် စက်တင်ဘာမှာ ဝယ်လိုအား မြင့်တက်လာနိုင်ကြောင်း CIMB ရင်းနှီးမြှုပ်နှံမှုဘဏ်မှ ဒေသဆိုင်ရာအကြီးအကဲ အိုင်ဗီအင်းက ပြောပါတယ်။

စားအုန်းဆီ အနိမ့်ဆုံးဈေးက တစ်တန်ကို ၂၅၆၁ ရင်းဂစ်နဲ့ အမြင့်ဆုံး တစ်တန်ကို ၂၆၅၀ ရင်းဂစ်နှုန်းအထိ ရောက်ရှိနိုင်ကြောင်း ရိုက်တာသတင်းဌာနမှ ကုန်စည်နဲ့ စွမ်းအင် ကိန်းဂဏန်း လေ့လာစိစစ်ရေးမှူး ဝမ်တောင်းက ပြောပါတယ်။

အခြား ဟင်းသီးဟင်းရွက်ဆီဈေးကွက်ဖြစ်တဲ့ အမေရိကန် ချီကာဂို ကုန်သွယ်ရေးဘုတ်အဖွဲ့မှာ ဒီဇင်ဘာလအတွက် ပဲပုပ်ဆီဈေးက သုညဒသမ ၅ရာခိုင်နှုန်း မြင့်တက်ပြီး တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်မှာ ဇန်နဝါရီအတွက် ပဲပုပ်ဆီဈေးက သုညဒသမ ၄ ရာခိုင်နှုန်းကျဆင်းပါတယ်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၉-၉-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၅၀ | ၁၉၀၀ | ▽ |
| ရန်ကုန် | ၅၂၀၀ | ၄၉၀၀ | ▽ | ၃၅၀၀ | ၃၅၀၀ | □ | ၁၆၉၀ | ၁၆၉၀ | □ |
| မန္တလေး | ၄၀၀၀ | ၃၅၀၀ | ▽ | ၃၂၀၀ | ၃၀၀၀ | ▽ | ၁၈၀၀ | ၁၈၀၀ | □ |
| ပဲခူး | ၄၂၀၀ | ၄၂၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၈၁၀ | ၁၇၆၀ | ▽ |
| မကွေး | ၄၂၀၀ | ၄၂၀၀ | □ | ၃၅၀၀ | ၃၅၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| မုံရွာ | ၃၉၀၀ | ၃၇၀၀ | ▽ | ၃၁၀၀ | ၂၉၀၀ | ▽ | ၁၈၄၀ | ၁၈၄၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

*Source: mirt*



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၉-၉-၂၀၁၆ US$/Ton

| အမျိုးအစား | စက်တင်ဘာပထမပတ် | စက်တင်ဘာဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၇၃၀.၅၀ | ၇၅၀.၀၀ | △ |
| **RBD P.Olein** | ၇၄၁.၅၀ | ၇၄၄.၀၀ | △ |
| **RBD P.Strarin** | ၆၈၆.၀၀ | ၆၇၈.၅၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၉- ၉ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8°CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၄၈.၅၃ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၈၇ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၇၄ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၄၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၄.၉၄ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၄၄.၆၁ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၅.၉၆ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၉၉.၉၃၄ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၉-၉-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8 °C Max ၇၈၀ ဒေါ်လာနှင့် USD ဈေး ၁၂၁၅ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၉-၉-၂၀၁၆ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၂၁၅ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာ သိကောင်းစရာများ

# အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၁၅ အောင်မြင်မှုနှင့်အနာဂတ်တွင် အကောင်အထည်ဖော်ရမည့်အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် အရှေ့တောင်အာရှနိုင်ငံများ အသင်း-အာဆီယံသို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါသည်။ ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည့် ထိပ်သီးအစည်းအဝေးတွင် အာဆီယံအား တည်ငြိမ်သော၊ အောင်မြင်ကြွယ်ဝသော၊ ယှဉ်ပြိုင်မှုစွမ်းအား မြင့်မားသော၊ အချိုးညီညီ စီးပွားရေး ဖွံ့ဖြိုးတိုးတက်သော၊ ဆင်းရဲနွမ်းပါးမှုနှင့် လူမှုစီးပွားရေး ကွာခြားမှု နည်းပါးသော ဒေသကြီး ဖြစ်လာစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း အာဆီယံ ခေါင်းဆောင်ကြီးများက အာဆီယံ၏မျှော်မှန်းချက် ၂၀၂၀ (ASEAN Vision 2020)တွင် ကြေညာခဲ့ပါသည်။

အာဆီယံတွင် လူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်း (ASEAN Socio-Cultural Community)၊ အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်း (ASEAN Political-Security Community) နှင့် အာဆီယံ စီးပွားရေး အသိုက်အဝန်း (ASEAN Economic Community) ဟူ၍ မဏ္ဍိုင်ကြီး သုံးခုဖြင့် မျှော်မှန်း ဆောင်ရွက်ခဲ့ကြပါသည်။ အာဆီယံ၏ မျှော်မှန်းချက် ၂၀၂၀ကို နဂို ရည်မှန်းထားသည်ထက် ရှေ့တိုး၍ ၂၀၁၅ ခုနှစ် တွင် တည်ထောင်ရန် ၁၂ ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် ခေါင်းဆောင်ကြီးများက ကတိကဝတ်ပြုခဲ့ပြီး စီဘူးကြေညာချက်ကို လက်မှတ် ရေးထိုးခဲ့ပါသည်။ အထူးသဖြင့် နိုင်ငံ့ခေါင်းဆောင်ကြီးများက အာဆီယံ စီးပွားရေး အသိုက်အဝန်းကို ၂၀၁၅ ခုနှစ်တွင် တည်ထောင် နိုင်ရေး တွန်းအားပေး ဆောင်ရွက်စေရန်နှင့် အာဆီယံ ဒေသတွင်း ကုန်စည်များ၊ ဝန်ဆောင်မှု များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ ရွှေ့ပြောင်းနိုင်ရန်နှင့် ငွေကြေး အရင်းအနှီးများ လွတ်လပ်စွာ စီးဆင်းနိုင်သည့် ဒေသအဖြစ် ထူထောင်ရန် သဘောတူညီခဲ့ကြပါသည်။

အာဆီယံ စီးပွားရေး အသိုက်အဝန်း ပေါ် ပေါက်ရေးအတွက် အောက်ဖော်ပြပါ အဓိက အချက်များကို မျှော်မှန်းခဲ့ကြပါသည်။

တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှု အခြေခံဒေသ၊ ယှဉ် ပြိုင်နိုင်စွမ်းမြင့်မားသော စီးပွားရေး ဒေသ၊ စီးပွားရေး ဖွံ့ဖြိုးမှု ညီတူမျှ တူရှိသောဒေသ၊ ကမ္ဘာ့စီးပွားရေးတွင် အပြည့်အဝ ပါဝင် ပေါင်းစည်းမှု ရှိသောဒေသ။

တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှု အခြေခံဒေသ ပေါ်ပေါက်ရေးအတွက် အခြေခံ အပိုင်းငါးပိုင်းဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။

ကုန်စည်များ လွတ်လပ်စွာ စီးဆင်းစေနိုင်ခြင်း၊ ဝန်ဆောင်မှုများ လွတ်လပ်စွာ စီးဆင်းစေနိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာ စီးဆင်းစေနိုင်ခြင်း၊ ငွေကြေး အရင်းအနှီးများ ပိုမို၍ လွတ်လပ်စွာ စီးဆင်းစေနိုင်ခြင်း၊ ကျွမ်းကျင် လုပ်သားများ လွတ်လပ်စွာ ပြောင်းရွှေ့စေနိုင်ခြင်း။

ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားသော စီးပွားရေး ဒေသ ပေါ်ပေါက်ရေးအတွက် အခြေခံအပိုင်း ခြောက်ပိုင်းဖြင့် ဆောင်ရွက်ပါသည်။

ယှဉ်ပြိုင်မှု မူဝါဒ၊ စားသုံးသူများကို အကာအကွယ်ပေးခြင်း၊ အသိဉာဏ် ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်၊ အခြေခံ အဆောက်အဦးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ အခွန်စည်းကြပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ အီလက်ထရောနစ် ဆက်သွယ်ရေးနည်းဖြင့် ကူးသန်းရောင်းဝယ်ခြင်း။

စီးပွားရေး ဖွံ့ဖြိုးမှုမျှတသော ဒေသပေါ် ပေါက်ရေးအတွက် အခြေခံအပိုင်း နှစ်ပိုင်းဖြင့် ဆောင်ရွက်ပါသည်။

အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု၊ အာဆီယံ ကနဦး ပေါင်း စည်းရေး အစီအစဉ်။

ကမ္ဘာ့စီးပွားရေးတွင် အပြည့်အဝ ပါဝင် ပေါင်းစည်းမှုရှိသော ဒေသ ပေါ်ပေါက်ရေးအတွက် အခြေခံ အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်ကြပါသည်။

| ဝင်းမင်းဖြိုး |

ပြင်ပစီးပွားရေး ဆက်ဆံမှုများအတိုင်း ကျိုးကြောင်း ဆီလျော်သော နည်းလမ်း၊ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ဖြည့်ဆည်းမှု ကွန်ရက်၌ ပူးပေါင်းပါဝင်မှုတိုးမြှင့်ခြင်း။

သက်ဆိုင်ရာ မျှော်မှန်းချက်များအပေါ် ဖော်ပြပါအတိုင်း အပိုင်းလိုက် သတ်မှတ်၍ ဘာသာရပ်ဆိုင်ရာ ဝန်ကြီးဌာနများက တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ အဖြစ် အာဆီယံ အသိုက်အဝန်းကြီး သုံးခုကို သက်ဆိုင်ရာ ဝန်ကြီးဌာန တစ်ခုချင်းစီမှ ဦးဆောင် ၍ အာဆီယံ ဝန်ကြီးများအဖြစ် တာဝန်ယူ ဆောင်ရွက်ကြပါသည်။ အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ လည်းကောင်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်း ကို(ယခင်)အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ယခု စီမံကိန်းနှင့်ဘဏ္ဍာ ရေးဝန်ကြီးဌာနမှ လည်းကောင်း၊ အာဆီယံ လူမှု ရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်းကို (ယခင်) ယဉ်ကျေးမှုဝန်ကြီးဌာန၊ ယခုသာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနတို့က ဦးဆောင်၍ အာဆီယံ၏ စေ့စပ်ညှိနှိုင်း ဆွေးနွေးသည့် အစည်းအဝေးများသို့ ပါဝင်တက်ရောက်ခြင်း၊ ဆွေးနွေးခြင်း၊ လက်မှတ်ရေးထိုးခြင်းများကို ဆောင်ရွက်ကြပါသည်။

အာဆီယံ စီးပွားရေးအသိုက်အဝန်း ပေါ်ပေါက်ရေးအတွက် မျှော်မှန်းချက်များကို မဟာဗျူဟာမြောက် လုပ်ငန်းစဉ်များ ရေးဆွဲ၍ ၂၀၀၈ ခုနှစ်မှစ၍ ၂၀၁၅ ခုနှစ်အထိ အဆင့် လေးဆင့် (Phase I-IV) အလိုက် အကောင်အထည် ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ ၂၀၀၈ မှ ၂၀၁၁ အထိ အဆင့် ၁ နှင့် ၂ (Phase I and II)အပေါ် မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံ များ၏ ဆောင်ရွက် ပြီးစီးမှုများကို ၂၀၁၂ ခုနှစ်တွင် အစီရင်ခံစာ ထွက်ရှိခဲ့ပါသည်။

အဓိက မျှော်မှန်းချက်ဖြစ်သည့် တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှု အခြေခံ ဒေသကို အကောင်အထည်ဖော်ရန်အတွက် အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘော တူညီ ချက်အား ၂၀၁၀ ခုနှစ် မေ ၁၇ ရက်တွင် သက်ဝင် အကောင်အထည်ဖော် ခဲ့ပါသည်။ ၂၀၁၅ ခုနှစ် အထိ အကောက်ခွန် ဖြေလျှော့ခြင်း များကို အဖွဲ့ဝင်နိုင်ငံများ၏ သတ်မှတ် အချိန်ဇယားများအလိုက် အကောင်အထည်ဖော်ခဲ့ကြရာ ၂၀၁၁ ခုနှစ် နှစ်ကုန်အထိ ကနဦး ခြောက်နိုင်ငံ ဖြစ်သည့် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့သည် အကောက်ခွန် များကို ၂၀၀၀ ခုနှစ်တွင် ၃ဒသမ ၆၄ ရာခိုင်နှုန်းမှ သုညဒသမ ၀၅ ရာခိုင်နှုန်းထိ လျှော့ချနိုင်ခဲ့ပါသည်။ ၂၀၁၀ ခုနှစ် ဇန်နဝါရီတွင် အာဆီယံ လွတ်လပ် သော ကုန်သွယ်မှုနယ်မြေ အပြည့်အဝ ထူထောင်ရေးအရ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးကို ပိုမို အာရုံစိုက်ခဲ့ပါသည်။ ထို့ကြောင့် အကောက်ခွန်မဟုတ်သော အတားအဆီးများ ဖယ်ရှားရေးနှင့် အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှုများ database အား update ပြုလုပ်ရေးတို့ကို ဆောင်ရွက်လျက် ရှိပါသည်။ ကုန်သွယ်မှု လျင်မြန်ချောမွေ့ရေး လုပ်ငန်း အစီအစဉ်၊ ပင်ရင်းဒေသ စည်းမျဉ်းများ၊ အကောက်ခွန် လျင်မြန်ချောမွေ့ရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မှုများ စသည်တို့ကို ကုန်စည်များ လွတ်လပ်စွာ စီးဆင်းစေနိုင်ရေး ကဏ္ဍအတွင်း ဆောင်ရွက်ခဲ့ကြပါသည်။ ဝန်ဆောင်မှုနှင့် ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ စီးဆင်းရေး၊ ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာ စီးဆင်းရေး၊ အရင်းအနှီးများ လွတ်လပ်စွာ စီးဆင်းရေးတို့ကိုလည်း ကဏ္ဍအလိုက် ဖြေလျှော့ပေးခြင်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါသည်။ ဦးစားပေး ပူးပေါင်း ဆောင်ရွက်မှုများတွင် အစားအစာ၊ လယ်ယာကဏ္ဍ၊ သစ်တောကဏ္ဍတို့ကို မူဘောင်များ ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါသည်။ တစ်နိုင်ငံချင်းအနေဖြင့် မဟုတ်ဘဲ အာဆီယံ အသင်းအဖွဲ့တစ်ခုလုံးအနေဖြင့် ၎င်းတို့အပေါ် အကောင်အထည် ဖော်ပြီးစီးမှုနှုန်းမှာ ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ ကာလအတွင်း ၆၅ဒသမ ၉ ရာခိုင်နှုန်း အထိရှိခဲ့ပါသည်။

အဓိကမျှော်မှန်းချက် ဖြစ်သည့် ယှဉ်ပြိုင် နိုင်စွမ်း မြင့်မားသော စီးပွားရေးဒေသကို အဖွဲ့ဝင်နိုင်ငံများ၏ လိုက်ပါဆောင်ရွက် ပြီးစီးမှု အခြေအနေများအရ ယှဉ်ပြိုင်မှု မူဝါဒနှင့် ပတ်သက်၍ အာဆီယံအဖွဲ့သည် လမ်းညွှန်ချက် များ (Guidelines)၊ လက်စွဲစာအုပ် (Handbook) တို့ကို ပြုစုပြီး အဖွဲ့ဝင် နိုင်ငံများ ကိုးကားနိုင်ရေး ပြုစုပေးခြင်း၊ စားသုံးသူ ကာကွယ်ရေးအတွက် အာဆီယံ စားသုံးသူ ကာကွယ်ရေးဆိုင်ရာ ကော်မတီကို အသစ်တည်ထောင်ခြင်း၊ Cross Border Redress Website တည်ထောင်ခြင်း၊ ကနဦးလုပ်ငန်းစတင်ခြင်း၊ အသိဉာဏ်ပညာ မူပိုင်ခွင့် အတွက် ASEAN IPR လုပ်ငန်းအစီအစဉ် ၂၀၁၁-၂၀၁၅ ကို ချမှတ်ခဲ့ခြင်း၊ အခြေခံ အဆောက်အဦ ဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် သယ်ယူ ပို့ဆောင်ရေး လျင်မြန် ချောမွေ့စေခြင်းနှင့် သယ်ယူ ပို့ဆောင်ရေး ဖြေလျှော့ပေးခြင်းများကို ဒေသအတွင်း တွန်းအားပေး ဆောင်ရွက်နိုင်ရန် ၂၀၁၁-၂၀၁၅ အစီအစဉ်များ ရေးဆွဲ ဆောင်ရွက်ခြင်း၊ အာဆီယံ တစ်ခုတည်းသော သဘော်ာ ဈေးကွက် ဖြစ်ပေါ်ရေး၊ အာဆီယံ အဝေးပြေးလမ်း ကွန်ရက် တည်ထောင်ခြင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ မဟာစီမံကိန်း ၂၀၁၅ ရေးဆွဲချမှတ်ခြင်း၊ စွမ်းအင်ပူးပေါင်း ဆောင်ရွက်ရေး လုပ်ငန်းစီမံချက် ၂၀၁၀-၂၀၁၅ တို့ ရေးဆွဲ အကောင်အထည်ဖော်ခြင်းတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

အဓိက မျှော်မှန်းချက်ဖြစ်သည့် စီးပွားရေး ဖွံ့ဖြိုးမှုမျှတသော ဒေသကို အကောင်အထည် ဖော်ရန်အတွက် အာဆီယံ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ လုပ်ငန်းစဉ် (၂၀၁၀-၂၀၁၅) တွင် စီမံကိန်း နှစ်ခုကို အောင်မြင် စွာ အကောင်အထည် ဖော်နိုင်ခဲ့ကြပါသည်။ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ အားလုံးတွင် ထိပ်တန်းအသေးစားနှင့် အလတ်စား လုပ်ငန်း ၈၀၀ ကျော် ရှိပါသည်။ အဆိုပါ အသေးစားနှင့် အလတ်စား လုပ်ငန်းများအား ဆန်းသစ်တီထွင်မှုများ တွန်းအားပေး ဆောင်ရွက်ရန်တို့ကိုလည်း ဆောင်ရွက်ခဲ့ကြပါသည်။ အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးမှု ကွာဟချက်ကို နည်းနိုင်သမျှ နည်းစေရန် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် နိုင်ငံများ အတွက် အာဆီယံ ပူးပေါင်းရေး ကနဦးအစီအစဉ် Initiative for ASEAN Integration (IAI) တွင် မဟာဗျူဟာ မူဘောင်တစ်ခုနှင့် လုပ်ငန်း အစီအစဉ်များ ရေးဆွဲ အကောင်အထည် ဖော်ခဲ့ပါသည်။ အာဆီယံ စီးပွားရေး အသိုက်အဝန်း -၂၀၁၅ အလွန်အထိ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေး အတွက် ၎င်းမျှော်မှန်းချက်အောက်တွင် အာဆီယံ ညီမျှသော စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး မူဘောင်ကို (၁၉) ကြိမ်မြောက် အာဆီယံ ထိပ်သီး ညီလာခံတွင် အာဆီယံနိုင်ငံများ၏ ခေါင်းဆောင်များက သဘောတူ ချမှတ်ခဲ့ကြပါသည်။ အဖွဲ့ဝင် နိုင်ငံများအနေဖြင့် ၎င်းမျှော်မှန်းချက်အတွက် အကောင်အထည်ဖော် ပြီးစီးမှုနှုန်းမှာ ၆၆ ဒသမ ၇ရာခိုင်နှုန်း အထိ ရှိခဲ့ပါသည်။

အဓိက မျှော်မှန်းချက်ဖြစ်သည့် ကမ္ဘာ့စီးပွားရေးတွင် အပြည့်အဝ ပါဝင် ပေါင်းစည်းမှု ရှိသော ဒေသအတွက် အာဆီယံ+ FTAs များကို ဩစတြေးလျနှင့် နယူးဇီလန်၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့နှင့် ကုန်စည် ကုန်သွယ်ရေး၊ ဝန်ဆောင်မှု ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုတို့ကို သီးခြား သဘောတူညီချက်များအလိုက် ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။ ဆွေးနွေး ညှိနှိုင်းပြီးစီးမှုကို တိုင်းတာသည့် နှုန်းထားမှာ ၈၅ဒသမ ၇ရာခိုင်နှုန်း ရှိပါသည်။

အဆင့် (၁) မှ (၄) အထိ မျှော်မှန်းချက်များ အပေါ် ၂၀၀၈-၂၀၁၅ ခုနှစ်အထိ အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများအတွက် ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော အစီရင်ခံစာ "A Blueprint for Growth: ASEAN Economic Community 2015: Progress and Key Achievements" ၌ ဖော်ပြထားရာ မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံများ အားလုံး အနေဖြင့် တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှု အခြေခံဒေသ အတွက် အကောင်အထည် ဖော်ဆောင်နိုင်မှုမှာ ၉၂ဒသမ ၄ ရာခိုင်နှုန်း၊ ယှဉ်ပြိုင် နိုင်စွမ်း မြင့်မားသော စီးပွားရေးဒေသအတွက် ၉၀ ဒသမ ၅ ရာခိုင်နှုန်း၊ စီးပွားရေးဖွံ့ဖြိုးမှု မျှတသော ဒေသအတွက် ၁၀၀ ရာခိုင်နှုန်း၊ ကမ္ဘာ့စီးပွားရေးတွင် အပြည့်အဝ ပါဝင်ပေါင်းစည်းမှု ရှိသော ဒေသအတွက် ၁၀၀ ရာခိုင်နှုန်း အသီးသီးအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

စာမျက်နှာ ၂၄ သို့ ➲

**မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ**

# အမေရိကန်နိုင်ငံပင်ရင်းဖြစ်သည့် ကြက်သား၊ ဘဲသားနှင့်၎င်းတို့၏ ထွက်ကုန်များအား တရုတ်နိုင်ငံမှ ဆက်လက်ကန့်သတ်လျက်ရှိ

အမေရိကန်နိုင်ငံတွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ဖြစ်ပေါ်ခဲ့သည့် Highly pathogenic avian influenza (HPAI) ကြောင့်အမေရိကန်နိုင်ငံ ပင်ရင်းဖြစ်သည့် ကြက်သား၊ ဘဲသားနှင့်၎င်းတို့၏ထွက်ကုန်များအား ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှ စတင်၍ တရုတ်နိုင်ငံအတွင်းသို့တင်သွင်းခွင့်ကန့်သတ်ခဲ့ရာ အမေရိကန် နိုင်ငံအနေဖြင့် ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ (OIE) မှ ဧပြီလ ၂၂ ရက်နေ့တွင် HPAI ကင်းလွတ်နိုင်ငံအဖြစ် အသိအမှတ်ပြုမှု ရရှိခဲ့သော်လည်း တရုတ်နိုင်ငံဘက်မှ အဆိုပါ ကန့်သတ်ချက်အား ယခုနှစ် ဩဂုတ်လ ၁ ရက်အထိ ဖယ်ရှားခြင်းမရှိသေးကြောင်းသိရှိရပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သည် ကမ္ဘာတွင် အသားစားကြက် စားသုံးမှု ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အသားစားကြက် တင်သွင်းမှု ၉၀ ရာခိုင်နှုန်းကျော်သည် အမေရိကန်နိုင်ငံမှ ဖြစ်ကြောင်း အမေရိကန်လယ်ယာ စိုက်ပျိုးရေးဝန်ကြီးဌာန၏ ဖော်ပြချက်တစ်ရပ်အရ သိရှိရပါသည်။ အဆိုပါဌာန၏ ခန့်မှန်းချက်အရ ၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံ၏ အသားစားကြက်စားသုံးမှုသည် မက်ထရစ်တန် ၁၁ ဒသမ ၆ သန်း ခန့်ရှိမည်ဟု ခန့်မှန်းထားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကြက်၊ ဘဲမွေးမြူရေးလုပ်ငန်းသည် မကြာသေးမီနှစ်များမှ စတင်၍တိုးတက်လာခဲ့ပြီး နန်ဒေါင်းပြည်နယ်နှင့်လျောင့်နင်းပြည်နယ်တို့တွင် အသားတိုးမွေးမြူ ရေးနည်းသစ်များ တိုးတက်လာခဲ့သည့် အတွက် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းမှု ထောက်လှမ်းရေးစနစ်များ ကောင်းမွန်လာသဖြင့် မွေးမြူရေးလုပ်ငန်းခွင် စီမံခန့်ခွဲမှုနှင့် တိရစ္ဆာန်အစာတွင် အာဟာရ ပါဝင်မှုတို့ တိုးမြင့်ဆောင်ရွက်လာကြကြောင်း၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံသည် ၂၀၁၃ ခုနှစ်တွင် အသားစားကြက်တင်သွင်းမှု၌ အကောက်ခွန် နှုန်းထား မြင့်မားစွာ သတ်မှတ်ပြဋ္ဌာန်းမှုကြောင့် တရုတ်နိုင်ငံသို့ တင်ပို့သည့် အမေရိကန်နိုင်ငံ၏ အဆိုပါ ကုန်စည်ပို့ကုန် ၈၀ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း၊ တရုတ်နိုင်ငံမှ ယင်းသို့ တန်ပြန် စုပုံခွန် ပြဋ္ဌာန်းမှုနှင့်စပ်လျဉ်းသည့်အငြင်းပွားမှု ဆက်လက်ဖြစ်ပေါ် လျက်ရှိကြောင်း သိရှိရပါသည်။

**ဥမ္မာအေး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# ပထမနှစ်ဝက်အတွင်း တောင်ကိုရီးယားနိုင်ငံ၏ ပြည်ပ တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ၂၂ ရာခိုင်နှုန်းမြင့်တက်

တောင်ကိုရီးယားနိုင်ငံ၏ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ယခုနှစ် ပထမ ခြောက်လအတွင်း ယမန်နှစ်ကထက် ၂၁ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အစိုးရမှ ထုတ်ပြန်သည့်စာရင်းများအရ သိရှိရသည်။ နိုင်ငံ၏ နိုင်ငံရပ်ခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း ၂၁ ဒသမ ၇၅ ဘီလီယံဒေါ်လာရှိခဲ့ပြီး၊ ယမန်နှစ်ကာလတူက ၁၇ ဒသမ ၈၉ ဘီလီယံဒေါ်လာရှိခဲ့ကြောင်း မဟာဗျူဟာနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အချက် အလက်များအရ သိရှိရသည်။ ငွေကြေးဆိုင်ရာ လုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုသည် ယခုနှစ်တွင် ၃၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး၊ ထုတ်လုပ်မှု လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုသည် ၁၁ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ကို တွေ့ရှိရသည်။ ယခုနှစ် ပထမခြောက်လတာ ကာလအတွင်း နိုင်ငံရပ်ခြားတွင် အိမ်ခြံမြေကဏ္ဍ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၃ ဘီလီယံရှိခဲ့ပြီး ယမန်နှစ် ကထက် ၉၁ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။

သို့သော်လည်း သတ္တုတွင်းကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများသည် ယခုနှစ် ပထမနှစ်ဝက်တွင် ၄၉ ရာခိုင်နှုန်းလျော့ကျခဲ့သည်ကို တွေ့ရှိရသည်။ အာရှသည် တောင်ကိုရီးယား၏ အကြီးမားဆုံး ရင်းနှီးမြှုပ်နှံရာနေရာတစ်ခုဖြစ်နေပြီး၊ မြောက်အမေရိကနှင့် လက်တင်အမေရိကတို့သည် ဒုတိယနှင့် တတိယအများဆုံး ရင်းနှီးမြှုပ်နှံရာ ဒေသများဖြစ်သည်။ နိုင်ငံ၏ပြည်ပရင်းနှီးမြှုပ်နှံမှုသည် ကမ္ဘာ့စီးပွားရေး အချိန်ကာလကြာရှည်စွာ ကျဆင်းနေခြင်း၊ နိုဝင်ဘာလတွင် ကျင်းပမည့် အမေရိကန်သမ္မတရွေးကောက်ပွဲနှင့်ဆက်စပ်၍ မသေချာမှုများမြင့်တက်လာခြင်းစသည်တို့ကြောင့် လာမည့်လများတွင် ကျဆင်းနိုင်သည်ဟု ဘဏ္ဍာရေး ဝန်ကြီးဌာနက ခန့်မှန်းခဲ့သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး ၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# တောင်ကိုရီးယားတွင် နည်းပညာတိုးတက်မှုအတွက် အသုံးစရိတ် ဝမ် ၁ ဒသမ ၆ ထရီလီယံခန့် လျာထားသုံးစွဲမည်

အသိဉာဏ်တု ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်း၊ အလိုအလျောက် စက်ပစ္စည်းများနှင့် နည်းပညာများစသည်တို့ကို ရည်ရွယ်ချက်ထား၍ တိုးတက်ဖွံ့ဖြိုးရေး နည်းပညာ နယ်ပယ်ကိုးခုအား ခိုင်မာစွာ အားပေးဆောင်ရွက်နိုင်ရန်အတွက် တောင်ကိုရီးယားအစိုးရ၏ အစီအစဉ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ သမ္မတ ပတ်ဂွင်ဟေး၏ အိမ်ပြာတော်တွင် ကျင်းပပြုလုပ်ခဲ့သည့် သိပ္ပံနှင့် နည်းပညာ မဟာဗျူဟာဆိုင်ရာ အစည်းအဝေး၌ ဖွံ့ဖြိုးစ နည်းပညာနယ်ပယ်များ အတွက် ၁၀ နှစ်ကျော်ကာလအတွက် ဝမ် ၁ ဒသမ ၆ ထရီလီယံကို လျာထား သုံးစွဲသွားရန် သတ်မှတ်ခဲ့သည်။ အစိုးရ အနေဖြင့် အဆိုပါ စီမံကိန်းများတွင် ပုဂ္ဂလိကကဏ္ဍမှ ဝမ် ၆၁၅ ဒသမ ၂ ဘီလီယံ ပါဝင်ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရန် မျှော်လင့်ထားသည်။ အစိုးရ အနေဖြင့် အလိုအလျောက်ယာဉ်၊ ယန္တရားများ၊ ခေတ်မီမြို့သစ်များ၊ အသိဉာဏ်တုဆိုင်ရာ ပစ္စည်းများ၊ ဆေးဝါးသစ်များ၊ ကာဗွန်စုပ်ယူနိုင်သည့် နည်းပညာများ အစရှိသည့် နယ်ပယ်များတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည် ဖြစ်သည်။ ကိုရီးယားနိုင်ငံ၏ စီးပွားရေး အလားအလာများအပေါ် စိုးရိမ်ပူပန်မှုများ မြင့်တက်နေသည့်ကြားမှ အစိုးရ၏ အဆိုပါ စီမံကိန်း ထွက်ပေါ်လာခြင်း ဖြစ်သည်။

အစိုးရအနေဖြင့် ကိုရီးယား ကုမ္ပဏီများသည် ယှဉ်ပြိုင်နိုင်စွမ်းရှိသည်ဆိုသည့် အချက်ကို သေချာစေရန်အတွက် အခြေခံနည်းပညာ ကုမ္ပဏီများကို ပစ်မှတ်ထား ဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့စျေးကွက်တွင် ကြီးမားသည့် ပြောင်းလဲမှုများနှင့်ပတ်သက်၍ စဉ်းစားရာတွင် နိုင်ငံ၏ယှဉ်ပြိုင်နိုင်မှုစွမ်းအားနှင့် လူငယ်များ၏ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်တွင်လည်း များစွာ တည်မှီနေကြောင်း သမ္မတက ပြောကြားခဲ့သည်။ ကိုရီးယားနိုင်ငံ၏ သိပ္ပံ ဆိုင်ရာကဏ္ဍသည် မူဝါဒ၊ မဟာဗျူဟာများ အကြိမ်ကြိမ် ပြောင်းလဲခဲ့သည့်အတွက် သဘောတွေ့စရာ မဖြစ်ခဲ့သည်ကို တွေ့ရသည်။ အစိုးရအနေဖြင့် ၂၀၁၄ ခုနှစ်ဇွန်လတွင် တစ်ကြိမ်၊ ၂၀၁၅ ခုနှစ် မတ်လတွင် တစ်ကြိမ်အစီအစဉ်များကို ကြေညာခဲ့သည်ကို တွေ့ရှိရသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို အစိုးရ၏မူဝါဒများတွင် အရေးပါသည့် အချက်အဖြစ် တရုတ်နိုင်ငံက ထည့်သွင်းမည်

တရုတ်နိုင်ငံအနေဖြင့် အစိုးရ၏ မူဝါဒများရေးဆွဲရာ၌ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုကို အရေးပါသည့် အချက်တစ်ချက်အဖြစ် ထည့်သွင်း ရေးဆွဲရန် ပထမဆုံးအကြိမ် အစိုးရအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး၌ ပြောကြားခဲ့ပြီး Healthy China Strategy ကို အကောင်အထည်ဖော်ရန် တိုက်တွန်းခဲ့ပါသည်။

တရုတ်နိုင်ငံ၏ ရည်မှန်းချက်ဖြစ်သည့် ဘက်စုံ သင့်တင့်မျှတပြီး ကြွယ်ဝချမ်းသာသည့် လူ့ဘောင် အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရန်ဟူသည့် အချက်မှာ ပြည်သူများ၏ ကျန်းမာရေး ပြည့်စုံကောင်းမွန်မှု မရှိပါက အကောင်အထည်မဖော်နိုင်ကြောင်း၊ ကျန်းမာရေးနှင့်ပြည့်စုံသည့် လူ့အဖွဲ့အစည်းကို ဖန်တီးရန် ကျန်းမာရေး ဝန်ကြီးဌာနတစ်ခုတည်းနှင့် ဆောင်ရွက်၍ မရနိုင်ကြောင်း၊ အခြားဆက်စပ်နေသည့် ပညာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစသည့် နိုင်ငံရေးနှင့် လူမှုစီးပွားရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ ဦးဆောင်ကော်မတီ အဖွဲ့ဝင်များ၏ အဆင့်မြင့်အစည်းအဝေး၌ တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်က ပြောကြားခဲ့ပါသည်။

ထို့ပြင် ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်မှုပုံစံ၊ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုလုပ်ငန်းများ၊ ရောဂါ ကာကွယ်ကုသမှုနှင့် အခြား ကျန်းမာရေးနှင့် ဆက်စပ်သည့် လုပ်ငန်းများအား အထူးကြပ်မတ်ဆောင်ရွက်ရန် ၎င်းကထပ်မံပြောကြားခဲ့သည်။ တရုတ်နိုင်ငံ၌ စက်မှုဖွံ့ဖြိုးတိုးတက်လာခြင်း၊ မြို့ပြ ဖွံ့ဖြိုးလာခြင်းစသည့် အချက်များကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူနေမှုပုံစံ၌ အနုတ်သဘောဆောင်သည့် သက်ရောက်မှုများ ဖြစ်ပေါ်လာခဲ့ပါသည်။ ထို သက်ရောက်မှုများကို ထိရောက်စွာအချိန်မီ မတားဆီးနိုင်ပါက ရေရှည်၌ လူမှုစီးပွား ဖွံ့ဖြိုးမှုတွင် များစွာ ထိခိုက်မှုရှိလာနိုင်ကြောင်း သုံးသပ်ထားပါသည်။

ယခင်နှစ်ကတည်းက Healthy China Strategy ကို တင်ပြထားသော်လည်း အသေးစိတ်ဆွေးနွေးနေဆဲဖြစ်ကြောင်း သိရှိရပါသည်။ ယခုအခါ သမ္မတ ရှီကျင့်ဖျင်က National Development Strategy ၌ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို အထူး အလေးပေးစဉ်းစားရန် တိုက်တွန်းခဲ့ခြင်းဖြစ်ပါသည်။ ထို့အပြင် အစားအစာ ထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီများအား အစားအစာဘေးကင်း လုံခြုံမှုနှင့်ပြည့်စုံရန် အရည်အသွေး ကောင်းမွန်သည့် ဘေးအန္တရာယ် ကင်းသည့် အစားအစာများ ထုတ်လုပ်ရန်လည်း အလေးပေး တိုက်တွန်းခဲ့ပါ သည်။

တရုတ်နိုင်ငံတွင် မြို့ပြများရှိ ပြည်သူ့ဆေးရုံများနှင့် ကျေးလက်နေ ပြည်သူ့ဆေးရုံများ၏ ကွာဟချက် ကြီးမားမှုသည် တရုတ်နိုင်ငံ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းစဉ်၏ အဓိက အားနည်းချက်ပင်ဖြစ်ကြောင်း သိရှိရသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၂–၉–၂၀၁၆)

မြင့်ဆွေ



## တောင်ကြီးဈေးကွက်မှာ ပြောင်းသစ်များ ဝင်ရောက်လာပြီး ဈေးအနည်းငယ်ကျ

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်းသစ်များ ဝင်ရောက်လာပြီး ပြောင်းဈေးမှာ ယခင်တစ်ပတ်အတိုင်း တစ်ပိဿာ ၃၆၀ ကျပ်(တစ်တန်ကို ၂၂၀၄၆၀ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပြောင်းများကိုရန်ကုန်ဝယ်လက်နဲ့ တိရစ္ဆာန်အစာစပ်စက်ရုံတွေက ဝယ်ယူပြီး ပိဿာချိန် ၅၀၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဈေးကွက်အတွင်း ပြောင်းသစ်များ ဝင်ရောက်လာပြီး ဈေးကွက်တွင် အရောင်းအဝယ်စတင်နေကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးပြန်တက်လာပြီး ပြောင်းဈေးပုံမှန်ဖြစ်

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲ အဝယ်များလာတာကြောင့် ယခင်တစ်ပတ်က တစ်ပိဿာ ၂၀၃၅ ကျပ်သို့ကျခဲ့တဲ့ မတ်ပဲဈေးက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၁၁၀ ကျပ် (တစ်တန် ကို ၁၂၉၂၁၄၃ ကျပ်)နဲ့ ဈေးမြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အစေ့ထုတ်ပြောင်းကတော့ ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာ ၃၆၅ ကျပ်(တစ်တန်ကို ၂၂၃၅၂၂ ကျပ်)နဲ့ တစ်နေ့ကို အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်နေကြောင်းသိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲရော ပဲစင်းငုံနီပါ ဈေးတက်

ဒီတစ်ပတ်ပြည်ဈေးကွက်မှာ မတ်ပဲဈေးပြန်လည်ဦးမော့လာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၁၀၀ ကျပ်အထိဈေးကျသွားခဲ့ပါတယ်။ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၁၇၅ ကျပ်(တစ်တန်ကို ၁၃၃၁၉၄၈ ကျပ်)အထိ ဈေးပြန်တက်လာပြီး တစ်ရက်ကို အိတ် ၁၅၀ မှ ၂၀၀ ကြား အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၆၂၅ ကျပ် အထိ ဈေးတက်ခဲ့တဲ့ ပဲစင်းငုံနီဟာ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၉၂၅ ကျပ်(တစ်တန်ကို ၁၁၇၈၈၅၁ ကျပ်)အထိ ဈေးတက်လာခဲ့ပြီး တစ်ရက်ကိုအိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ် ကုလားပဲဖြူလုံးကြီး ဈေးနှုန်းက တစ်ပိဿာ ၂၀၂၅ ကျပ်(တစ်တန်ကို ၁၂၄၀၀၉၀ ကျပ်)နဲ့ တစ်ရက်အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ CP ပြောင်းဈေးကျဆင်းပြီး အရောင်းအဝယ်အေး

ယခုတစ်ပတ်ရေစကြိုဈေးကွက်မှာ CP ပြောင်းဈေးကျဆင်းခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၃၆၀ ကျပ်ဈေးကျခဲ့တဲ့CP ပြောင်းဈေး ဆက်လက်ကျဆင်းပြီး တစ်ပိဿာ ၃၃၅ ကျပ်(တစ်တန်ကို ၂၀၅၁၅၁ ကျပ်) အထိ ဈေး ဆက်လက်ကျဆင်းခဲ့ပါတယ်။ ပြောင်းဈေးနှုန်းကျဆင်းလာသလို အရောင်းအဝယ်လည်း တစ်နေ့ကို အိတ် ၅၀၀ ခန့်သာ ရောင်းချနေရတာကြောင့် ယခင်တစ်ပတ်ထက် အရောင်းအဝယ် ကျဆင်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းသစ်ဝင်လာသော်လည်း ဈေးငြိမ်

ဒီတစ်ပတ် မူဆယ်ဈေးကွက်သို့ ပြောင်းသစ်များဝင်ရောက်ခဲ့ပေမယ့် ပြောင်းဈေးကတော့ ယခင်တစ်ပတ်အတိုင်း ၅၀ ကီလိုအိတ်ကို ၈၃ ယွမ်မှ ၈၈ ယွမ် (တစ်တန်ကို ၁၆၆၀ ယွမ်မှ ၁၇၆၀ ယွမ်) ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ တစ်ပတ်အတွင်း တန်ချိန် ၁၂၆၀၀ တင်ပို့နိုင်သဖြင့် ယခင် တစ်ပတ်ထက် တန် ၃၀၀၀ ပိုမိုတင်ပို့နိုင်ကြောင်း သိရှိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်တွင် ပဲတီစိမ်း၊ ပဲစင်းငုံနီနဲ့ ကုလားပဲဖြူလုံးကြီးတို့ဈေးတက်

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်း၊ ပဲစင်းငုံနီနဲ့ ကုလားပဲဖြူလုံးကြီးတို့ ဈေးတက်လာပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၂၀၀ ကျပ်အထိဈေးကျသွားတဲ့ ပဲတီစိမ်းက ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၂၃၀ ကျပ်(တစ်တန်ကို ၇၅၃၂၄၀ ကျပ်)အထိ ဈေးပြန်တက်လာပါတယ်။ တစ်ပတ်အတွင်း အိတ် ၃၅၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဈေးတက်နေတဲ့ ပဲစင်းငုံနီက ဈေးဆက်တက်ပြီး တစ်ပိဿာ ၁၈၃၅ ကျပ်(တစ် တန်ကို ၁၁၂၃၇၃၅ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကာ တစ်ပတ် အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ကုလားပဲဖြူလုံးကြီးလည်း ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၀၅၀ ကျပ် (တစ်တန်ကို ၁၂၅၅၄၀၀ ကျပ်) နဲ့ ဈေးဖွင့်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက် ဈေးမြင့်ခဲ့ပါတယ်။ ဈေးကွက်အတွင်း တစ်ပတ် အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်းဈေးကျပြီး နှမ်းဖြူဈေးတက်

ဒီတစ်ပတ် မကွေးဈေးကွက်မှာ ပဲတီစိမ်းဈေးကျဆင်းခဲ့ပြီး နှမ်းဖြူက ဈေးတက်ခဲ့ပါတယ်။ ပဲတီစိမ်းဈေးတစ်ပိဿာ ၁၀၃၀ ကျပ်(တစ်တန်ကို ၆၃၀၇၆၂ ကျပ်) အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ထက်ဈေးကျခဲ့ပါတယ်။ နှမ်းဈေးကွက်တွင် ယခင်တစ်ပတ်က တစ်ပိဿာ ၁၈၀၀ ကျပ်ဈေးပေါက်ခဲ့တဲ့ နှမ်းဖြူ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၉၁၀ ကျပ်ထိ ဈေးတက်ခဲ့ပါတယ်။ နှမ်းညိုက တစ်ပိဿာ ၁၃၃၅ ကျပ်ဈေးပေါက်ပြီး စမုံက တစ်ပိဿာ ၃၁၅၅ ကျပ်အထိ ဈေးကျဆင်းခဲ့ပါတယ်။ ဒီတစ်ပတ်အတွင်း ပဲတီစိမ်းတစ်နေ့အိတ် ၄၀၀ ခန့် နှမ်းမျိုးစုံ တစ်နေ့အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲဈေး ဆက်လက်ကျဆင်းခဲ့ပြီး၊ ပဲစင်းငုံနီဈေးဆက်လက်မြင့်တက်

ဒီတစ်ပတ်ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲဈေးဆက်လက်ကျဆင်းခဲ့ပြီး ပဲတီစိမ်းဈေး ဆက်လက်မြင့်တက်လာပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ တစ်တန်ကို ၁၃၃၄၀၀၀ ကျပ်နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း ၁၃၃၀၀၀၀ ကျပ်သို့ဆက်လက်ကျဆင်းခဲ့ပါတယ်။ မတ်ပဲ SQ တစ်တန်ကို ယခင်တစ်ပတ်က ၁၃၈၄၀၀၀ ကျပ်ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၁၃၅၀၀၀၀ ကျပ်သာ အရောင်းအဝယ်ဖြစ်ခဲ့တာကြောင့် ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ ပဲစင်းငုံနီ FAQဈေးက ယခင်တစ်ပတ်ကတက်ခဲ့တဲ့ တစ်တန် ၁၀၆၅၀၀၀ ကျပ်ဈေးမှ ယခုတစ်ပတ် ၁၁၃၀၀၀၀ ကျပ်ဈေးဖွင့်ခဲ့တာကြောင့် ဈေးနှုန်းဆက်လက်တက်ခဲ့ကြောင်းသိရပါတယ်။ မတ်ပဲနှင့်ပဲစင်းငုံနီကို အိန္ဒိယမှ အဝယ်ပြန်လည်ရှိလာတာကြောင့် ဈေးနှုန်းပြန်လည်တက်နိုင်တယ်လို့ ဘုရင့်နောင်ကုန်သည်အသိုင်းအဝိုင်းမှ ခန့်မှန်းနေကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ကုလားပဲနဲ့ နှမ်းနက်ဈေး ပိုမိုမြင့်တက်

ယခုတစ်ပတ်အောင်လံဈေးကွက်မှာ ကုလားပဲဟော်လန်နဲ့နှမ်းနက်တို့ဈေးတက်ခဲ့ပြီး ကျန်နှမ်းများ ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၈၂၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ကုလားပဲဟော်လန်ဟာ ယခုတစ်ပတ်တစ်ပိဿာ ၁၉၅၀ ကျပ်(တစ်တန်ကို ၁၁၉၄၁၆၁ ကျပ်)နဲ့ တစ်ပတ်အတွင်း အိတ် ၁၅၀၀ခန့် အရောင်းအဝယ်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ဈေးတက်ခဲ့တဲ့ ပဲတီစိမ်းကတော့ တစ်ပိဿာ ၉၇၅ ကျပ်(တစ်တန်ကို ၅၉၇၀၈၀ ကျပ်) ဖြင့် တစ်နေ့အိတ် ၃၅၀ ခန့်၊ ပဲစင်းငုံနီဈေးက တစ်ပိဿာ ၁၉၀၀ ကျပ် (တစ်တန်ကို ၁၁၆၃၅၄၁ ကျပ်)နဲ့ အသီးသီးအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းမျိုးစုံမှာ နှမ်းနက်တစ်မျိုးတည်း တစ်ပိဿာ ၂၃၃၃ ကျပ်ဖြင့် ဈေးတက်ခဲ့ပြီး နှမ်းနီတစ်ပိဿာ ၁၇၇၈ ကျပ်၊ သိပ္ပံနှမ်းတစ်ပိဿာ ၃၁၇၈ ကျပ်ဖြင့် နှမ်းမျိုးစုံ တစ်နေ့အိတ် ၁၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရ ပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းဈေးကျပြီး ကုလားပဲနဲ့ ပဲစင်းငုံနီဈေးတက်

မုံရွာဈေးကွက်မှာ ယခုတစ်ပတ် ပဲတီစိမ်းဈေးကျခဲ့ပြီး ပဲစင်းငုံနီနဲ့ ကုလားပဲဖြူလုံးကြီးတို့ဈေးတက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၂၆၃ ကျပ်အထိ ဈေးတက်ခဲ့တဲ့ ပဲတီစိမ်းက ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၁၈၄ ကျပ်(တစ်တန်ကို ၇၂၅၁၉၉ ကျပ်)အထိဈေးကျခဲ့ပါတယ်။ ကုလားပဲဖြူလုံးကြီးက ယခင်တစ်ပတ်တစ်ပိဿာကျပ် ၂၀၀၀ မှယခုတစ်ပတ်မှာတစ်ပိဿာ ၂၀၅၃ ကျပ်(တစ်တန်ကို ၁၂၅၇၂၃၇ ကျပ်)နဲ့ ၄င်းပဲစင်းငုံနီဈေးက တစ်ပိဿာ ၁၆၂၅ ကျပ်မှ တစ်ပိဿာ ၁၇၇၅ ကျပ်(တစ်တန်ကို ၁၀၈၆၉၉၂ ကျပ်)အသီးသီး ဈေးမြင့်လာခဲ့ကြောင်းသိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲပြန်တက်၊ ပဲတီစိမ်းဈေးပြန်ကျ

ဒီတစ်ပတ်မန္တလေးဈေးကွက်မှာ မတ်ပဲဈေးပြန်လည်တက်လာခဲ့ပြီး ပဲတီစိမ်းဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၀၈၃ကျပ်ဈေးဖွင့်ခဲ့တဲ့ မတ်ပဲယခုတစ်ပတ်မှာ တစ်ပိဿာ ၂၃၃၃ ကျပ်(တစ်တန်ကို ၁၄၂၈၇၅၀ ကျပ်)ထိ ဈေးမြင့်တက်လာပြီး တစ်ရက်ကိုသုံးတင်းအိတ် ၅၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာကို ၁၃၈၇ ကျပ်အထိ ဈေးတက်ခဲ့တဲ့ ပဲတီစိမ်းကတော့ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၁၉၁ ကျပ်(တစ်တန်ကို ၇၂၉၃၅၆ ကျပ်) ဈေးအထိပြန်လည်ကျဆင်းပြီး တစ်နေ့ကို သုံးတင်းအိတ် ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ပါတယ်။ ယခုတစ်ပတ်မှာ ကုလားပဲဖြူလုံးကြီးက တစ်ပိဿာ ၂၀၆၁ ကျပ် (တစ်တန်ကို ၁၂၆၂၁၃၆ ကျပ်)နဲ့ တစ်နေ့ကိုသုံးတင်းအိတ်၄၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



# [illegible]
# ဈေးနှုန်းပါဟန်ချက်ညီမှသာ

**နီနီမော်**

[ မူဆယ်(၁၀၅)မိုင် ]

သရက်ခြံစိုက်ပျိုးထားတဲ့မိတ်ဆွေတစ်ဦးက မြေဩဇာဝယ်ယူချင်လို့အကူအညီတောင်းခံလာတာကြောင့် တစ်ဖက်တရုတ်နိုင်ငံကနေ မိမိနိုင်ငံအတွင်းသို့ဝင်ရောက်နေတဲ့ မြေဩဇာအမျိုးအစားများနဲ့ ပတ်သက်ပြီး မြေပြင်မှာ လက်ရှိဖြစ်ပေါ်နေတဲ့မြေဩဇာတင်သွင်းမှုအခြေအနေများကို စုံစမ်းမိခဲ့ပါတယ်။ တစ်ဖက် တရုတ်နိုင်ငံက မြေဩဇာအမျိုးအစားပေါင်းများစွာ မြန်မာနိုင်ငံအတွင်းကို နည်းမျိုးစုံနဲ့ ဝင်ရောက်နေပြီး အများဆုံးဝင်ရောက်နေတဲ့မြေဩဇာအမျိုးအစားများမှာ ယူရီးယားမြေဩဇာ၊ ကွန်ပေါင်းမြေဩဇာ၊ ဖော့စဖိတ်မြေဩဇာ သုံးမျိုးဖြစ်ကြောင်း သိရှိရပါတယ်။

တောင်သူများအနေဖြင့် စိုက်ပျိုးသီးနှံအမျိုးအစားအလိုက် သုံးစွဲရမည့်ကာလအလိုက် အာဟာရ တစ်မျိုးသာပါဝင်တဲ့ မြေဩဇာများကို တစ်မျိုးချင်း သီးသန့်ဝယ်ယူအသုံးပြုခြင်းထက် အာဟာရ အားလုံးပါဝင်သော ကွန်ပေါင်းမြေဩဇာကို အသုံးများကြကြောင်းသိရှိရပါတယ်။ ယူရီးယားကဲ့သို့ နိုက်ထရိုဂျင်ပါဝင်မှု ရာခိုင်နှုန်းများတဲ့ မြေဩဇာကို သတ်မှတ်ချက်နဲ့အညီ သုံးစွဲပါက သီးနှံပင်ရဲ့ အရွက်၊ အညွန့် ပင်စည်တို့ကို ကြီးထွားဖွံ့ဖြိုးစေခြင်း (သို့မဟုတ်) နိုက်ထရိုဂျင်ဓာတ်ပါဝင်တဲ့ ဓာတ်မြေဩဇာကို ပိုမိုသုံးစွဲလျှင် အကိုင်းအရွက်များ ကျွတ်ဆတ်ပြီး ဖရဲ သခွားကဲ့သို့သော အသီးများက အပင်ပေါ်မှာ ကွဲအက်စေခြင်း၊ စပါးပင်များ ယိုင်လဲခြင်း၊ အသီးများရဲ့ အချိုဓာတ်လျော့နည်းပြီး သီးနှံမှည့်မှုကို နှောင့်နှေးစေခြင်း၊ အရွက်စားပိုးများ ကြိုက်နှစ်သက်ပြီး မှိုရောဂါကျရောက်မှုပိုဖြစ်စေသဖြင့် ရောဂါဖြစ်လျှင်လည်း အပင်အသေမြန်ခြင်းများ ဖြစ်တတ်ကြောင်းနဲ့ လျော့နည်းသုံးစွဲမိလျှင်လည်း အပင်အရွက်များဝါလာပြီး အသီးအနှံအားလုံး ကြီးထွားမှု နှေးကာ ပင်စည်အကိုင်းအရွက်များ သေး၍ အပင်ပုနေမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့မဖြစ်အောင် ပိုတက်ရှ်ပါဝင်တဲ့ မြေဩဇာနဲ့တွဲစပ် အသုံးပြုရမှာဖြစ်ကြောင်း သိရှိရပါတယ်။

ဖော့စ်ဖော့ရပ်စ်ရာခိုင်နှုန်း အများဆုံးပါဝင်တဲ့ မြေဩဇာများကတော့ အပွင့်အသီး၊ အစေ့များကြီးထွားအောင်မြင်ရေးအတွက် အသုံးပြုကြောင်း၊ ဖော့စ်ဖော့ရပ်စ် သုံးစွဲမှုများရင်တော့ အပင်များ အစာချက်လုပ်မှုကိုမြင့်စေပြီး အသီးအနှံ၊ အစေ့အဆံကောင်းများ ပိုမိုထွက်ရှိကြောင်းနဲ့ စိုက်ပျိုးစဉ်ကပင် တစ်ခါထည့် သုံးပြီးပါက နှစ်တိုစိုက်ပျိုးသီးနှံအတွက် လုံလောက်ကြောင်း၊ လျော့နည်းသုံးစွဲခဲ့မယ်ဆိုရင်တော့ အပင်ပုပြီး စပါး၊ ကြံစတဲ့ အဆစ်ပါတဲ့ အပင်များ၊ အဆစ်များနီးကာ အရွက်ခြင်းကပ်နေမည်ဖြစ်ကြောင်း၊ အမြစ်အထွက်နည်းပြီး အစေ့အဆန်ထွက်သော အပင်များအထွက် နှုန်းညံ့ဖျင်းကြောင်း ဖော့စ်ဖော့ရပ်စ် ချို့တဲ့တဲ့ အပင်ကို မျိုးအဖြစ်ထားမိလျှင်လည်း မျိုးမအောင်ဘဲ ဖြစ်တတ်ကြောင်း သိရှိရပါတယ်။

ပိုတက်စီယမ်ရာခိုင်နှုန်း အများဆုံးပါဝင်တဲ့ မြေဩဇာကို တော့ အပင်ကျန်းမာရေး၊ ဖွံ့ဖြိုးမှု အရည်အသွေးကောင်းမွန်ရေး၊ ဥကြီးထွားနှုန်းမြင့်မားရေးတို့အတွက် အသုံးပြုကြကြောင်း၊ ပိုတက်စီယမ် အသုံးပြုမှုလျော့နည်းမယ်ဆိုရင်တော့ အပင်ရဲ့အရွက်အဖျားအနားများ ခြောက်လိုက် လာမယ်၊ ရောဂါဒဏ်ကို ခံနိုင်ရည်နည်းပြီး ပင်စည်အရွက်များ ပျော့ပျောင်းခြင်း၊ အပွင့်နည်းပြီး အစေ့အဆန်အသီးများ ကြီးထွားမှုနှေးကွေးခြင်းများဖြစ်တတ်ပြီး ပိုတက်စီယမ်မြေဩဇာ လိုအပ်တဲ့ ပမာဏကို ထည့်ကျွေးခြင်းဖြင့် အပင်ကလိုအပ်တဲ့ အာဟာရမှန်သမျှကို ကောင်းမွန်စွာလည်ပတ်စေတယ်၊ ရေကိုပိုမိုစုပ်ယူနိုင်ပြီး ရောဂါဒဏ်ကို ခံနိုင်ရည်ရှိကြောင်း၊ သီးနှံများအောင်မြင်ဖြစ်ထွန်းစေတဲ့အတွက် အသီးစားအပင်တိုင်းကို စတင်စိုက်ပျိုးချိန် တစ်ကြိမ်နဲ့ အပွင့်လိုက်ချိန် တစ်ကြိမ် အသုံးပြုရန်လိုအပ်ကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ အချိုးအစားတူကွန်ပေါင်းမြေဩဇာများကို တောင်သူများ အသုံးပြုမှု ပိုမိုများပြားလာပြီး အပင်ကြီးထွားခြင်း၊ အရွက်အသီးအပွင့်ကြီးထွားခြင်းတို့အတွက် ပြိုင်တူလိုအပ်သောအခြေအနေတွင် အသုံးပြုကြကြောင်း သိရှိရပါတယ်။

ကုမ္ပဏီများအနေဖြင့် မြေဩဇာအတွက် လိုင်စင်လျှောက်မယ်ဆိုရင်တော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနရဲ့ပြည်တွင်းသို့ မြေဩဇာ တင်သွင်းရန်အတွက် ဓာတ်မြေဩဇာမှတ်ပုံတင်အဖွဲ့မှာ မှတ်ပုံတင်ရပါမယ်၊ မှတ်ပုံတင်ခက ကျပ် ၁၁၀၀၀၀ ကျပ်ပေးသွင်းရမှာဖြစ်ပြီး တင်သွင်းမည့် ပစ္စည်း တစ်မျိုးခြင်းစီရဲ့ ထောက်ခံချက်ကတော့ ပစ္စည်း နမူနာနို့ဆီဗူးတစ်လုံး၊ ပစ္စည်းထည့်သွင်းမည့် အိတ်ခွံနမူနာတစ်လုံးနဲ့ အတူလျှောက်ထားရပါတယ်၊ ပစ္စည်းဓာတ်ခွဲခန်းစစ်ဆေးခကတော့ ပါဝင်တဲ့ အချိုးအစားပေါ်မူတည်ပြီး ၂၀၀၀၀ ကျပ်မှ ၄၀၀၀၀ ကျပ်အထိ ကုန်ကျတယ်လို့ စုံစမ်းသိရှိရပါတယ်။ ထောက်ခံစာ တစ်စောင်ရဖို့ ၁၀ ရက် ခန့်ကြာမြင့်ပြီး တင်သွင်းခွင့် ထောက်ခံစာ သက်တမ်းမှာ နှစ်လရရှိတယ်လို့ သိရပါတယ်။ သက်တမ်းနှစ်လအတွင်း မတင်သွင်းနိုင်ပါက သုံးကြိမ် သက်တမ်းတိုးခွင့်ရှိတယ်လို့ သိရပါတယ်။

ကုမ္ပဏီအနေနဲ့ ထောက်ခံချက်ရပြီးလို့ ကုန်သွယ်ရေးဦးစီးဌာနမှာ လိုင်စင်လျှောက်ထားမယ် ဆိုရင်တော့ နိုင်ငံတော်မှ တောင်သူလယ်သမားများ အကျိုးအတွက် လိုင်စင်ကြေးကင်းလွတ်ခွင့်နဲ့ အကောက်ခွန်ဂျူတီ ကင်းလွတ်ခွင့်ပေးထားလို့ပြည်တွင်းအခွန် နှစ်ရာခိုင်နှုန်းနဲ့ ဘဏ်ဆောင်ရွက်ခ သုည ဒသမ ၁၂၅ ရာခိုင်နှုန်းသာ ကုန်ကျမည်ဖြစ်ပြီး၊ ထောက်ခံချက်ပါ ဈေးနှုန်းအတိုင်း လိုင်စင်ခွင့်ပြုပေးလျက် ရှိတယ်လို့သိရပါတယ်။ မူဆယ်မှ မန္တလေးအထိ သယ်ယူစရိတ်၊ အလုပ်သမားခ၊ ဖွင့်ဖောက် စစ်ဆေးခစတဲ့ ကုန်ကျစရိတ်တွေကို ကြည့်မယ်ဆိုရင် မြေဩဇာ တစ်တန်ရဲ့ စုစုပေါင်း ကုန်ကျစရိတ်နဲ့ မန္တလေးမှာ ဝယ်ယူရတဲ့ ဈေးနှုန်းကွာခြားမှုတွေကို လေ့လာနိုင်ဖို့ အောက်ပါဇယားမှာ ဖော်ပြထားပါတယ်။

တစ်ဖက်တရုတ်နိုင်ငံကနေ မြေဩဇာများကို တရားဝင်တင်ပို့ခွင့်မပြုသောကြောင့် ရွှေလီမြစ်ရိုးတစ်လျှောက် ပြည်တွင်းဂိုထောင်များတွင် စုဆောင်းသိုလှောင်ပြီး သယ်ယူကြကြောင်း သိရှိရပါတယ်။ ကုမ္ပဏီအနေဖြင့် လိုင်စင်နဲ့တရားဝင် တင်သွင်းမည်ဆိုပါက တစ်ဖက်ဝယ်ယူဈေးအပါအဝင် စိုက်ပျိုးရေးဦးစီးဌာန ထောက်ခံစာ လိုင်စင်ခွင့်ပြုဈေး ၊ ပြည်တွင်းအခွန်နှစ်ရာခိုင်နှုန်းနှင့် ဘဏ်ဆောင်ရွက်ခ ကုန်တင်၊ ကုန်ချ အလုပ်သမားစရိတ်နဲ့ သယ်ယူစရိတ်တို့သာ ကုန်ကျမည်ဖြစ်ပြီးတင်သွင်းတဲ့အတွက် လိုအပ်တဲ့ မြေဩဇာ အချိုးအစားအတိုင်း ရွေးချယ် တင်သွင်းပါတယ်။ မြေဩဇာများတရားမဝင် ရှောင်ကွင်းလမ်းများမှလည်း ဝင်ရောက်လျက်ရှိပြီး ဒီလိုဝင်ရောက်နေတဲ့ မြေဩဇာများရဲ့အရည်အသွေးကိုတော့ စိုက်ပျိုးရေးဌာနကလည်း စစ်ဆေးထားခြင်းမရှိတဲ့အတွက် အသုံးပြုတဲ့ စိုက်ပျိုးတောင်သူတွေက အကောင်းအဆိုးမသိရှိနိုင်ဘဲ နောက်ဆက်တွဲ ဆိုးကျိုးများနဲ့ ကြုံတွေ့ရသလိုပြည်တွင်းဈေးကွက်မှာလည်း အရည်အသွေးညံ့ ပစ္စည်းများနဲ့ ရောနှော ရောင်းချမှုများကြောင့် စိုက်ပျိုးမြေပျက်စီးခြင်း သီးနှံအထွက်နှုန်းကျဆင်းပြီး အရည်အသွေးနိမ့် သီးနှံများကြောင့် ထိုက်သင့်သည့် ဈေးနှုန်းဖြင့် ဈေးကွက်မရရှိဘဲ တောင်သူများ အကျိုးခံစားသင့်သလောက်မခံစားရခြင်းများ ကြုံတွေ့နေရပါတယ်။ ဒါကြောင့် မြေဩဇာတင်သွင်းသူ ကုန်သည် လုပ်ငန်းရှင်များက အမျိုးအစား မှန်ကန်စွာဖြင့် ကျသင့်တဲ့ ဈေးနှုန်းထက်ငါးရာခိုင်နှုန်း သို့မဟုတ် ၁၀ ရာခိုင်နှုန်းသာ အမြတ်တင်ရောင်းချပေးဖို့နဲ့ တာဝန်ရှိတဲ့ သက်ဆိုင်ရာဌာနအနေဖြင့်လည်း ဓာတ်မြေဩဇာ အရည်အသွေးမှန်၊ မမှန်ကို အလွယ်တကူ စစ်ဆေးလို့မရဘဲ ဓာတ်ခွဲခန်းများတွင် စစ်ဆေးမှသာ အမှန်သိရှိနိုင်မယ်လို့သိရှိရတဲ့ အတွက်အရည်အသွေးစစ်ဆေးသည့် ဓာတ်ခွဲခန်းများအား ရန်ကုန်တစ်မြို့တည်းတွင်သာမက မန္တလေး၊ နေပြည်တော်၊ မူဆယ်မြို့များတွင်ပါ ဓာတ်ခွဲစမ်းသပ်ခန်းများ ဆောက်လုပ်ပေးနိုင်ဖို့နဲ့ အမျိုးအစား မှန်၊ မမှန် စိစစ်ပေးဖို့ လိုအပ်နေတယ်လို့ ထင်မြင်မိပါတယ်။

အဓိကစိုက်ပျိုးထုတ်လုပ်သူ တောင်သူများအနေဖြင့် စက်မှုသီးနှံစိုက်ပျိုးခြင်းဖြင့် နိုင်ငံခေတ်မီဖွံ့ဖြိုးအောင် လုပ်ဆောင်ကြရာတွင် စိုက်ပျိုးရေးအခြေခံကုန်ကြမ်းတစ်ခုဖြစ်သည့် မြေဩဇာဝယ်ယူသုံးစွဲရတဲ့ တန်ဖိုးသက်သာသင့်သလောက်မသက်သာတဲ့အတွက် စိုက်ပျိုးထုတ်လုပ်မှုစရိတ်မြင့်မားနေရကာ ထိုက်သင့်သော အကျိုးအမြတ်ခံစားရမှု နည်းပါးလျက်ရှိနေပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ တာဝန်ရှိဌာနများ၊ ကုန်သည်အသင်းများ၊ မြေဩဇာလုပ်ငန်းရှင်ကုန်သည်များ ညှိနှိုင်းပေါင်းစပ်ပြီး စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအား စာနာသည့်အနေဖြင့် နိုင်ငံတော်ပြောင်းလဲနေချိန်တွင် လိုက်ပါပြောင်းလဲ ဆောင်ရွက်သင့်ပါတယ်။

ဒါ့အပြင် စိုက်ပျိုးတောင်သူများ အရည်အသွေးမီ မြေဩဇာများ ဝယ်ယူသုံးစွဲလိုပါက အသုံးပြုလိုသည့် ဓာတ်မြေဩဇာ အမျိုးအစားအလိုက် ကားခအသင့်အတင့်ဈေးနဲ့သင့်တော်တဲ့ ဈေးနှုန်းများဖြင့် ဝယ်ယူရရှိရန် ချိတ်ဆက်ပေးမည့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေး ဇုန်ရဲ့ Facebook Page ကို ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းပေး တင်ပြလိုက်ရပါတယ်။

ဓာတ်မြေဩဇာ အမျိုးအစားအလိုက် တစ်တန်ကုန်ကျစရိတ်နှင့် ရောင်းချဈေးနှုန်း

| စဉ် | အမျိုးအစား | တစ်ဖက်နိုင်ငံ ဝယ်ဈေး | မူဆယ်-မန္တလေး သယ်ယူစရိတ် ၁ ပိဿာ (၃၁) ကျပ်နှုန်း | အလုပ်သမား ပစ္စည်း တင်/ချနှင့် ဖွင့်ဖောက်စစ်ဆေးခ တွဲကား(၁)စီး (၃၂) တန် (၂၀၀၀၀) ကျပ်နှုန်း | လိုင်စင် ဈေးနှုန်း | ပတခ အခွန် (၂%) (ကျပ်) | ဘဏ်ဆောင်ရွက် ခ (၀. ၁၂၅%) (ကျပ်) | စုစုပေါင်း ကုန်ကျစရိတ် | မန္တလေး ရောင်းချ ဈေး | အကြမ်း အမြတ် ဈေး |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | Urea Fettilizer N≥46.4% | ၁၅၀၀ ယွမ်<br>၂၆၇၀၀၀ ကျပ် | 18972 | 625 | 200 | 4712 | 295 | 291604 | 360000 | 68396 |
| ၂ | Compound Seed (15:5:5) | ၁၁၈၀ ယွမ်<br>၂၁၀၀၄၀ ကျပ် | 18972 | 625 | 135 | 3181 | 199 | 233017 | 294000 | 60983 |
| ၃ | Compound Seed (10:10:5) | ၁၀၈၀ ယွမ်<br>၁၉၂၂၄၀ ကျပ် | 18972 | 625 | 135 | 3181 | 199 | 215217 | 290000 | 74783 |
| ၄ | Compound Seed (15:15:15) | ၂၄၀၀ ယွမ်<br>၄၂၇၂၀၀ ကျပ် | 18972 | 625 | 220 | 5184 | 324 | 452305 | 500000 | 47695 |
| ၅ | Phosphate Fertilizer GTSP P2O5≥46% | ၁၄၆၀ ယွမ်<br>၂၅၉၈၈၀ ကျပ် | 18972 | 625 | 180 | 4241 | 266 | 283984 | 362000 | 78016 |
| ၆ | Granular Rock Phosphate | ၇၀၀ ယွမ်<br>၁၂၄၆၀၀ ကျပ် | 18972 | 625 | 80 | 1885 | 118 | 146200 | 212000 | 65800 |

## မြဝတီကုန်သွယ်ရေးဇုန်ရဲ့ဩဂုတ်လကုန်သွယ်မှု အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ် ကာလတူထက်ပါ တိုးတက်ဆောင်ရွက်

မြဝတီကုန်သွယ်ရေးဇုန်ရဲ့ ဩဂုတ်လအတွင်း ကုန်သွယ်မှုဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၇၅ ဒသမ ၆၀၃ သန်းဖြစ်၍ အနီးစပ်ဆုံး ကာလထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၂၄ သန်းနဲ့ ယမန်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၇၃၄ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်ရဲ့ ဩဂုတ်လကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန်အမေရိကန်ဒေါ်လာ ၁၀ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာသန်း ၇၀ နဲ့ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာသန်း ၈၀ဖြစ်ပြီး ကုန်သွယ်မှုလျာထားချက်အပေါ် အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၅၀ ရာခိုင်နှုန်း၊ သွင်းကုန် ၁၀၀ ရာခိုင်နှုန်းနဲ့ ကုန်သွယ်မှုပမာဏ ၉၄ ရာခိုင်နှုန်း ဆောင်ရွက်နိုင်တယ်လို့သိရပါတယ်။

ဩဂုတ်လအတွင်း အနီးစပ်ဆုံး ကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ကုန်သွယ်မှုပိုမိုရခြင်းမှာ ပို့ကုန်ပိုင်းတွင် လယ်ယာထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်းနဲ့အခြား ပစ္စည်းတို့ ပိုမိုတင်သွင်းခဲ့ခြင်းကြောင့်ဖြစ်ပြီး သွင်းကုန်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုပစ္စည်းများဖြစ်တဲ့ ဘိလပ်မြေ၊ ငါးဖမ်းပိုက်ကွန်များ၊ မော်တော်ယာဉ်ပစ္စည်းများ၊ လယ်ယာသုံးနောက်တွဲယာဉ်နှင့် အခြားယာဉ်များ၊ တယ်လီဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၊ လေအေးပေးစက်များ၊ ဖန်ဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ပစ္စည်းများ သတ္တုကုန်ချော ဆောက်လုပ်ရေးပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ အခြားပစ္စည်းများ၊ ဓာတ်ပုံကင်မရာနှင့် ဆက်စပ်အပိုပစ္စည်းများ ပိုမိုတင်သွင်းခဲ့ခြင်းကြောင့် ဖြစ်တယ်လို့ ကုန်သွယ်ရေးဇုန်မှ သိရပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ဩဂုတ်လအတွင်း အများဆုံးတင်ပို့တဲ့ ကုန်ပစ္စည်းများကတော့ မြေပဲဆန်၊ ငရုတ်သီးခြောက်၊ ကြက်သွန်နီ၊ မတ်ပဲ၊ ငါးမျိုးစုံ၊ သီဟိုဠ်စေ့၊ ကဏန်း၊ ပုစွန်၊ ပဲတီစိမ်းတို့ဖြစ်ပြီး အများဆုံးတင်သွင်းတဲ့ ပစ္စည်းများကတော့ ပြုပြင်ပြီး တိုယိုတာဟိုင်းလပ်၊ ဆိုင်ကယ်အသစ်၊ သကြား၊ စပါးခြွေစက်အသစ်၊ ဓာတ်ငွေ့ရည်၊ ဓာတ်မြေဩဇာ၊ အားဖြည့်အချိုရည်နဲ့ လယ်ထွန်စက်တို့ဖြစ်တယ်လို့ သတင်း ရရှိပါတယ်။

**ခင်မိုးသူ**

## မူဆယ်မှ ရေထွက်ကုန်ပစ္စည်း ပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ် ၂၇ရက်မှ စက်တင်ဘာ ၂ရက်အတွင်း အမေရိကန်ဒေါ်လာ ၁ဒသမ ၉၃၉ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၈၅၆ တန်ကျော် တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ရေထွက် ကုန်တွေကတော့ ကဏန်း၊ ငါးရှဉ့်၊ ငါးဆားနယ်၊ ငါးလေးခြောက်၊ ငါးစီဖောင်း၊ ငွေးပုစွန်ခြောက်၊ ရေငန်ပုစွန်နဲ့ ငါးမျိုးစုံ တို့ဖြစ်ပါတယ်။ ငါးရှဉ့်၊ ငါးကြင်း စီဖောင်းနဲ့ ငွေးပုစွန်ခြောက် တင်ပို့မှုလျော့နည်းခဲ့သော်လည်း ကဏန်း၊ ငါး လေးခြောက်နဲ့ ရေငန်ပုစွန် တင်ပို့မှု ပိုမို ခဲ့တာကြောင့် ရေထွက်ကုန်ပစ္စည်း တင်ပို့မှု ပိုမိုခဲ့ရတာ ဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံ ယွမ်ဈေးအနေဖြင့် ငါးရှဉ့် တစ်တန်လျှင် ၂၂၀၀၀ ယွမ်၊ ကဏန်း တစ်တန် ၄၆၈၇၅ ယွမ်ဈေး ရရှိခဲ့ကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

## ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်၊ ကန်ပိုက်တီးကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ ဩဂုတ်လ ၂၇ ရက်မှ စက်တင်ဘာ ၂ ရက်အထိ အမှန်တင်ပို့ကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ သိန်းကျော်တန်ဖိုးရှိ တစ်သျှူးငှက်ပျော ကီလိုဂရမ်သိန်း ၂၀နှင့် အမေရိကန်ဒေါ်လာ ၂၀၄၅၀ တန်ဖိုးရှိ အစေ့ထုတ်ပြောင်း ၇၁၅၀၀ ကီလိုဂရမ် တင်ပို့နိုင်ခဲ့ပါသည်။ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ဘိလပ်မြေ၊ သံပိုက်လုံး၊ သံပြားလိပ်၊ အိမ်မိုးသွပ်၊ သံယက်မ၊ ဝါယာကြိုး၊ လိမ္မော်သီး၊ ပန်းသီးနှင့် ကလေးကစားစရာအရုပ်များ အမယ် ၁၀ မျိုးတင်သွင်းခဲ့ပြီး တင်သွင်းလာသည့် စုစုပေါင်းတန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၃ ဒသမ ၀၃၁ သိန်းကျော် တင်သွင်းခဲ့ပါသည်။

တစ်သျှူးငှက်ပျောကို ယခင်ရက်သတ္တပတ်များကထက်ပိုမို တင်ပို့မှုကြောင့် သွင်းကုန်ပမာဏထက် ပို့ကုန်ပမာဏကပိုများကြောင်း ကန်ပိုက်တီးကုန်သွယ်ရေးစခန်း၏ စာရင်းများအရ သိရပါသည်။

**ဒွေးလှိုင်-ကချင်**

## မောင်တော ကုန်သွယ်ရေးစခန်းမှ ဩဂုတ်လ ကုန်သွယ်မှု လျာထားချက်ရဲ့ ၈၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်

၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ ပို့ကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၅၆၃သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၅ သန်း၊ စုစုပေါင်း ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ သုညဒသမ ၅၆၈သန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဩဂုတ်လအတွက် ကုန်သွယ်မှု လျာထားချက်မှာ အမေရိကန်ဒေါ်လာ သုညဒသမ ၇၀၀သန်းဖြစ်၍ လျာထားချက်အပေါ် ၈၁ ရာခိုင်နှုန်းကျော်အထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရပါသည်။

မောင်တော ကုန်သွယ်ရေးစခန်း၏ အဓိက တင်ပို့သော ပို့ကုန်ပစ္စည်း အုပ်စုမှာ လယ်ယာထွက်ကုန်၊ ရေထွက်၊ သစ်တောထွက်နဲ့ စက်မှုကုန်ချောတို့ဖြစ်ပြီး၊ လဲမှို့ (အစေ့ပါ)၊ ချင်းစို၊ ဒညင်းသီး၊ နနွင်းတက်၊ ငါးနီတူခြောက်၊ ငါးစုံလေးခြောက်၊ ရေငန်ပုစွန်၊ ငါးသလောက်၊ ငါးမြစ်ချင်း၊ ဆီးယိုထုပ်၊ ထွန်းရွှေဝါနှင့် သနပ်ခါးခဲများ တင်ပို့ခဲ့သည်။ သွင်းကုန်တွင် ရေတံုကင်၊ ဒန်ရေတကောင်း၊ တီရှပ်၊ လူကြီးစီးဖိနပ်၊ ပလပ်စတစ်ပုံး၊ စွပ်ကျယ်ပိတ်စနှင့် ကလေးစီးဖိနပ်များ တင်သွင်းနိုင်ခဲ့ပါသည်။

ကာလတူဖြစ်သော ၂၀၁၅ ခုနှစ် ဩဂုတ်လနှင့် နှိုင်းယှဉ်ပါက ပို့ကုန် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၈၂ သန်း ပိုမိုခဲ့ကြောင်း၊ ပိုမိုရခြင်းမှာ လယ်ယာထွက်ကုန် ပစ္စည်းဖြစ်သည့် ချင်းစို ပိုမိုတင်ပို့နိုင်ခဲ့ပြီး၊ ကာလတူတွင် တင်ပို့နိုင်ခြင်း မရှိခဲ့သော နနွင်းတက်၊ ဒညင်းသီးတို့ကိုပါ တင်ပို့နိုင်ခဲ့ခြင်း၊ ရေထွက်ကုန် ငါးစုံလေးခြောက် ပိုမိုတင်ပို့နိုင်ခဲ့ခြင်း၊ ကာလတူတွင် တင်ပို့နိုင်ခြင်း မရှိခဲ့သော ငါးသလောက်၊ ငါးမြစ်ချင်းတို့ တင်ပို့နိုင်ခဲ့ခြင်း၊ သစ်တောထွက်ကုန်တွင် ဝါးလုံးကြီး တင်ပို့နိုင်ခဲ့ခြင်းနှင့် စက်မှုကုန်ချော အုပ်စုတွင် ဆီးယိုထုပ်၊ သနပ်ခါးခဲ၊ ထွန်းရွှေဝါတို့ ပိုမိုတင်ပို့နိုင်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ သွင်းကုန်တင်သွင်းမှုတွင်လည်း လူသုံးကုန်ပစ္စည်း ပလပ်စတစ်ပုံး၊ ဒန်ရေတကောင်း တို့ ပိုမိုတင်သွင်းနိုင်ခဲ့ပြီး ကာလတူတွင် တင်သွင်းနိုင်ခြင်း မရှိခဲ့သော စွပ်ကျယ်ပိတ်စ၊ ရေတံုကင်တို့ တင်သွင်းနိုင်ခဲ့သဖြင့် ကာလတူထက် ပိုမိုရခြင်းဖြစ်ကြောင်း သိရပါသည်။

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏလျာထားချက်ပြည့်မီရေးအတွက် အဓိကပို့ကုန်ဖြစ်သော ရေငန်ပုစွန်၊ ငါးသလောက်၊ ငါးမြစ်ချင်းနှင့် ငါးခြောက်များ ပိုမိုတင်ပို့နိုင်ရန်လည်းကောင်း၊ သစ်တောထွက်ကုန် ဝါးလုံးကြီး၊ ဝါးလုံးသေးနှင့် ကြိမ်များပိုမိုတင်ပို့နိုင်ရန်လည်းကောင်း၊ လယ်ယာထွက်ကုန် ချင်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ လဲမှို့၊ ဒညင်းသီး၊ နနွင်းတက် ပိုမိုတင်ပို့နိုင်ရန်လည်း ကောင်း၊ မိမိဒေသရှိ ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့များ၊ မိတ်ဖက်ဌာနများ၊ ကုန်သည် လုပ်ငန်းရှင်များ၊ မောင်တော နယ်စပ်ရှိကုန်သွယ်ရေး ကုန်သည်များအသင်း၊ OSS ဌာနများနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မောင်တော ကုန်သွယ်ရေးစခန်းမှ သတင်းရရှိပါသည်။

**မော်မော်အောင်**

■

## ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ တရုတ်၊ ထိုင်းနဲ့ အိန္ဒိယဆိုင်ကယ်များ ပိုမိုတင်သွင်း

ဩဂုတ်လ ၂၇ရက်မှ စက် တင်ဘာလ ၂ ရက်အထိ ကာလ အတွင်း တရုတ်၊ ထိုင်းနဲ့ အိန္ဒိယ နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၅၃ သန်းတန်ဖိုးရှိ ဆိုင်ကယ် အသစ် ၁၂၂၈၅ စီး တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၀၆၁၇ စီး တင်သွင်းခဲ့ရာမှ ယခုတစ်ပတ်မှာ ၁၆၆၈ စီး ပိုမိုတင်သွင်းတာ တွေ့ရပါတယ်။ ယခုတစ်ပတ်မှာ ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းနဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ဆိုင်ကယ်များ တင်သွင်းမှုမရှိသော်လည်း မူဆယ် ကုန်သွယ်ရေးဇုန်၊ တမူးကုန်သွယ်ရေးစခန်းနဲ့ ကော့သောင်း ကုန်သွယ်ရေးစခန်းများမှ တင်သွင်းခဲ့တဲ့အတွက် ယခင်တစ်ပတ်ထက် ပိုမိုတင်သွင်းနိုင်ခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းများမှ သိရပါတယ်။

ကုန်သွယ်ရေးစခန်းနဲ့ ကုန် သွယ်ရေးဇုန်များမှ တင်သွင်းမှု အခြေအနေကိုကြည့်ပါက မူဆယ် ကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၃ ဒသမ ၇၆၂ သန်း တန်ဖိုးရှိဆိုင်ကယ် ၁၁၂၅၀ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေ ရိကန်ဒေါ်လာ ၁ ဒသမ ၅၂၆ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၉၇၉ စီးနဲ့ တမူးကုန် သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၅၆ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၅၁ စီး၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၀၉ သန်းတန်ဖိုးရှိ ဆိုင်ကယ် ငါးစီးကိုအသီးသီး တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## တာချီလိတ်မှ လက်ဖက်ခြောက် ပိုမိုတင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ဩဂုတ် ၂၇ရက်မှ စက်တင်ဘာ ၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၄၁၉၀ တန်ဖိုးရှိ လက်ဖက်ခြောက် ၁၁၃ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၄၆တန်နီးပါး တင်ပို့ခဲ့လို့ ယခုတစ်ပတ် တာချီလိတ်မှ လက်ဖက်ခြောက် ပိုမို တင်ပို့လာတာ တွေ့ရပါတယ်။

လက်ဖက်ခြောက်များ ဝယ်ယူနိုင်ရန် ဂျာမနီနိုင်ငံမှ အရည်အသွေး စစ်ဆေးရေး ပညာရှင်တွေ မြန်မာနိုင်ငံကို လာရောက်ကာ နိုင်ငံအတွင်းမှ ထွက်ရှိတဲ့ လက်ဖက်ခြောက်များအား အရည်အသွေး စမ်းသပ်စစ်ဆေးခဲ့ပြီး၊ ရှမ်းပြည်နယ်ရှိစံပြ လက်ဖက်ခြောက် စက်ရုံတွင် အခြောက်ခံ၍ ထွက်ရှိလာတဲ့ လက်ဖက်ခြောက်တွေကို စံချိန်၊ စံညွှန်း ပြည့်မီတဲ့အတွက် ဝယ်ယူရန် သဘောတူညီချက်ရရှိခဲ့ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ်ရောင်းချသူများအသင်းမှ သိရပါတယ်။

**မော်မော်အောင်**

## ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်များ ပိုမိုတင်ပို့

ဩဂုတ်လ ၂၇ ရက်မှ စက်တင်ဘာလ ၂ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ အမေရိကန် ဒေါ်လာ ၃ ဒသမ ၈၉၅ သန်းတန်ဖိုးရှိရေထွက်ကုန်ပစ္စည်း တန်ချိန် ၂၅၀၀ ကျော်ကို တင်ပို့ခဲ့ပါတယ်။

ရေထွက်ကုန်ပစ္စည်းများကို မြဝတီ ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅၅ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်၊ ငါးရှဉ့်နဲ့အခြားရေထွက် ကုန် တန်ချိန် ၉၀ ကျော်ကိုလည်းကောင်း၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၅၉ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်၊ ကင်းမွန်နဲ့ အခြား ရေထွက်ကုန် တန်ချိန် ၆၀၀ ကျော်၊ မြိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၃ ဒသမ ၁၈၁ သန်းတန်ဖိုး ရှိ ငါးမျိုးစုံ၊ အေးခဲ ကဏန်း ပျော့၊ ရေငန်ပုစွန်၊ ငါးမှုန့်၊ ကင်းမွန် (အခွံ ချွတ်)၊ ကင်းမွန်၊ အေးခဲငါးအသားလွှာ၊ ငါးခြောက်များကို တန်ချိန် ၂၀၀၀ နီးပါး တင်ပို့ခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းများမှ သိရပါတယ်။

ယခုတစ်ပတ်မှာ ထိုင်းနယ်စပ်မှ ရေထွက်ကုန်များ ပိုမိုတင်ပို့နိုင်ခြင်းမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ငါးရှဉ့်၊ ငါးမျိုးစုံ၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ငါးမျိုးစုံနဲ့ အခြားရေထွက်ကုန်ပစ္စည်းများ၊ မြိတ်ကုန်သွယ်ရေးစခန်းမှ ငါးမှုန့်၊ ကင်းမွန်၊ အေးခဲငါးအသားလွှာနဲ့ ငါးခြောက်များ ပိုမိုတင်ပို့နိုင်ခြင်းကြောင့်ဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ယခုတစ်ပတ် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂၄ သန်းကျော်သာရှိ

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ပို့ကုန် တင်ပို့နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၂၅၅ ဒသမ ၉၃၃ သန်း၊ သွင်းကုန်တင်သွင်းနိုင်မှုမှာ အမေရိကန်ဒေါ်လာ ၂၈၀ ဒသမ ၉၀၂ သန်းဖြစ်ပြီး ကုန်သွယ်မှုပမာဏစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၅၃၆ ဒသမ ၈၃၅ သန်းဖြစ်ပါတယ်။ ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၉၆၉ သန်းဖြစ်ပြီး လိုငွေပြရခြင်းမှာ သဘာဝဓာတ်ငွေ့ တင်ပို့မှု လျော့နည်းခဲ့ခြင်းကြောင့်ဖြစ်ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ယခုတစ်ပတ်အတွင်း ပို့ကုန် အမေရိကန်ဒေါ်လာ ၂၀၃ ဒသမ ၇၈၃ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၂၂၅ ဒသမ ၈၅၈ သန်း ဖြစ်ပြီး၊ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၀၇၅ သန်းဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ပို့ကုန်အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၁၅၀ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၀၀၄ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၉၄ သန်းဖြစ်ပါတယ်။ ဒါကြောင့် ကုန်သွယ်မှုကဏ္ဍတစ် ခုလုံးအနေနဲ့ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၉၆၉ သန်းဖြစ်ပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၂၄ သန်းဖြစ်တဲ့အတွက် ယခုတစ်ပတ်မှာ ကုန်သွယ်မှုလိုငွေလျော့နည်းသွားကြောင်းသိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းရဲ့ဩဂုတ်လ ကုန်သွယ်မှု ယမန်နှစ် ကာလတူထက် တိုးတက်ခဲ့

မြန်မာ-တရုတ် နယ်စပ်ရှိ ချင်းရွှေဟော် ကုန်သွယ်ရေး စခန်းမှ ၂၀၁၆ခုနှစ် ဩဂုတ်လတွင် ပို့ကုန် အမေရိကန် ဒေါ်လာ ၅၃ဒသမ ၀၃၀ သန်း၊ သွင်းကုန် အမေရိကန် ဒေါ်လာ ၇ဒသမ ၄၉၉သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၆၀ဒသမ ၅၂၉ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ယမန်နှစ် ကာလတူထက် ပို့ကုန် အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၁၃၃ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၃ဒသမ ၈၅၇ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၉၉၀ သန်း ပိုမို ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရပါသည်။

အနီးစပ်ဆုံး ကာလ ၂၀၁၆ ဇူလိုင်နှင့် နှိုင်းယှဉ်ရာတွင် ပို့ကုန်ရော သွင်းကုန်ပါ ပိုမိုခဲ့၍ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၄၈ သန်း ပိုမို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရပါသည်။

ယခုလတွင် ပဲတီစိမ်းတင်ပို့မှု လျော့ကျခဲ့သော်လည်း ငရုတ်သီးခြောက်၊ ဆန်၊ နှမ်းရောင်စုံ၊ ပြောင်းဖူးစေ့ ပိုမိုတင်ပို့သည့်အပြင် ကာလအတန်ကြာ တင်ပို့မှု ရပ်တန့်ခဲ့သည့် သကြားကို ပြန်လည် တင်ပို့ခဲ့ပါသည်။ သွင်းကုန်တွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းလာသည့်အပြင် သွပ်နန်းကြိုး၊ ဓာတ်မြေဩဇာများလည်း ပိုမိုတင်သွင်းခဲ့ပါသည်။ မူဆယ်ဘက်တွင် ရွှေလီမြစ်ရေကြီးခြင်း၊ အဖမ်းအဆီး ရှိခြင်းတို့ကြောင့် ချင်းရွှေဟော်မှ သကြား ပြန်လည်တင်ပို့လာခြင်း ဖြစ်ကြောင်း သိရပါသည်။

ယခုနှစ် ကုန်သွယ်မှုမှာ ယမန်နှစ် ကာလတူထက် ၉၈ ဒသမ ၂၀ ရာခိုင်နှုန်း ပိုမိုဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရပြီး၊ ပို့ကုန်သွင်းကုန် ဝင်ရောက်မှုမှာလည်း အောက်ပါအတိုင်း ပိုမိုခဲ့သည်ကို တွေ့ရပါသည်။

| ကာလ | ပို့ကုန်ယာဉ် | သွင်းကုန်ယာဉ် | စုစုပေါင်း |
|---|---|---|---|
| ၂၀၁၆ ဩ | ၃၆၀၅ စီး | ၁၅၉၀ စီး | ၅၁၉၅ စီး |
| ၂၀၁၅ ဩ | ၁၆၅၀ စီး | ၅၀၇ စီး | ၂၁၅၇ စီး |
| အပို (+)/ အလို (-) | (+) ၁၉၅၅ စီး | (+) ၁၀၈၃ စီး | (+) ၃၀၃၈ စီး |

ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဩဂုတ်လအတွင်း တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ လယ်ယာထွက်ကုန် ပဲအမျိုးမျိုး၊ ငရုတ်သီးခြောက်၊ ကြက်ဆူစေ့၊ ငစိန်ဆန် ၂၅မှတ်၊ ဆန်ကွဲ၊ ဖရဲသီး၊ နာနတ်သီး၊ ရော်ဘာ၊ နှမ်းရောင်စုံ၊ မန်ကျည်းသီး၊ ပြောင်းဖူးစေ့နှင့် စက်မှုကုန်ချော သကြားနှင့် အခြားအုပ်စုတွင် ဆံပင်တို့ဖြစ်ပြီး သွင်းကုန်ပစ္စည်းများမှာ ရင်းနှီးမြှုပ်နှံမှုပစ္စည်း၊ လုပ်ငန်းသုံး ကုန်ကြမ်း ပစ္စည်းနှင့် လူသုံးအိမ်သုံး ပစ္စည်းများ တင်သွင်းခဲ့ပါသည်။

တရုတ်နိုင်ငံအတွင်း ပြောင်းဖူးစေ့များ ဝယ်ယူမှု ကုန်ဆုံးလုနီးပါး ကာလဖြစ်၍ မြန်မာဘက်မှ ပြောင်းဖူးစေ့များကို လာမည့် စက်တင်ဘာလတွင်ဝယ်ယူမှု ပိုမိုလာနိုင်ကြောင်း၊ ကုန်သွယ်မှု လျော့နည်းကျဆင်းခြင်း မရှိနိုင်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲ မဖြစ်ပေါ်ပါက ကုန်သွယ်မှု ဆက်လက် တိုးတက်နေမည်ဖြစ်ကြောင်း ချင်းရွှေဟော် ကုန်သွယ်ရေး စခန်းမှ သတင်းရရှိပါသည်။

**မော်မော်အောင်**

## မြိတ်ကုန်သွယ်ရေးစခန်းမှ ဩဂုတ်လအတွင်း ယမန်နှစ်ကာလတူထက် ကုန်သွယ်မှု ပိုမိုဆောင်ရွက်နိုင်

ဩဂုတ်လအတွင်း မြိတ်ကုန်သွယ်ရေးစခန်းရဲ့ ပို့ကုန် ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၀၈၃ သန်း၊ သွင်းကုန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၅၃ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၈၃၆ သန်းဆောင်ရွက်ခဲ့ပါတယ်။ မြိတ်ကုန်သွယ်ရေး စခန်းရဲ့ဩဂုတ်လ လျာထားချက်မှာ ပို့ကုန်အမေရိကန် ဒေါ်လာ ၁၀ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ သုံးသန်း ဖြစ်ပြီး ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၁၃ သန်းဖြစ် ၍ ကုန်သွယ်မှုလျာထားချက်အပေါ် အမှန်ဆောင်ရွက်နိုင်မှု မှာ ၉၈ ဒသမ ၇၄ ရာခိုင်နှုန်းဖြစ်ပါတယ်။

ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် အမေရိကန် ဒေါ်လာ ၂ ဒသမ ၂၈၃ သန်း၊ သွင်းကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၁၅ သန်းပိုမိုသဖြင့် ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၉၈ သန်းပိုမိုဆောင် ရွက်နိုင်တယ်လို့ သိရပါတယ်။

ယခင်နှစ်ကာလတူထက်ပို့ကုန် ပိုမိုတင်ပို့ရခြင်းမှာ ယခုနှစ်ဩဂုတ်လတွင် လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်တဲ့ ရော်ဘာနဲ့ ရေထွက်ကုန်ပစ္စည်းများဖြစ်တဲ့ အေးခဲရေထွက် ပစ္စည်းများ ပိုမိုတင်ပို့နိုင်ခြင်းကြောင့်ဖြစ်တယ်လို့ သိရပါတယ်။

သွင်းကုန်အနေဖြင့် ယခုနှစ်ဩဂုတ်လတွင် ရင်းနှီး မြှုပ်နှံမှုပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းနဲ့ လူသုံးကုန်ပစ္စည်းများ ပိုမိုတင်သွင်းခြင်းကြောင့် ဖြစ်တယ်လို့ သိရပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းရဲ့ ဩဂုတ်လအတွင်း တင်ပို့နိုင်တဲ့ ပို့ကုန်ပစ္စည်းများကတော့ ငါးမျိုးစုံ၊ ရေငန်ပုစွန်၊ အေးခဲ ကဏန်းပျော့၊ ငါးမှုန့်၊ ရော်ဘာ၊ ကင်းမွန်၊ ငါးခြောက်၊ အေးခဲကဏန်း၊ ပုစွန်ခြောက်တို့ဖြစ်ပြီး အမှန်တင်သွင်းခဲ့တဲ့ သွင်းကုန်အမယ်များကတော့ ဒီဇယ်၊ ဘိလပ်မြေ၊ ဓာတ်ဆီ၊ ဟင်းချက်ဆီ၊ ဓာတ်မြေဩဇာ၊ ငါးဖမ်းပိုက်တို့ဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးမြစ်ချင်း၊ ငါးနီတူခြောက် တန် ၇၀ ကျော်တင်ပို့

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဩဂုတ်လ ၂၇ ရက်နေ့မှ စက်တင်ဘာလ ၂ ရက်တာ ကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၈၈ သန်းတန်ဖိုးရှိ ငါးမြစ်ချင်း ၈၄ တန်နဲ့ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၀၃ သန်း တန်ဖိုးရှိ ငါးနီတူခြောက်နှစ်တန်ကို တင်ပို့ခဲ့ပါတယ်။

ငါးမြစ်ချင်းများကို ယခင်တစ်ပတ်တန်ချိန်အတိုင်း တင်ပို့ခဲ့ပြီး ငါးနီတူခြောက်များကို ယခုတစ်ပတ်မှသာ ပြန်လည်တင်ပို့တာတွေ့ရပါတယ်။ စစ်တွေကုန်သွယ်ရေးစခန်းမှ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၅၀ သန်းတန်ဖိုးရှိ ဆီးသီးခြောက်၊ ဆီးဖတ်၊ ဆီးယိုထုပ်၊ မန်ကျည်းစေ့များကို ၃၉၈ တန် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၁ သန်းတန်ဖိုး ရှိ ချင်းအစို၊ နနွင်းတက်၊ ကြိမ်၊ သစ်ခေါက်တို့ကို တန် ၆၀ ကျော်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၁ သန်းတန်ဖိုးရှိ နန်းတော်အရက်နဲ့ အဆင့်မြင့် ဝီစကီတို့ကိုလည်း တင်ပို့ခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းမှ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# WIN CONSULTING LIMITED

WCL

**We provide the following services designed to support your business objectives, manage your resources and improve your profitability and competitiveness.**

## Business Advisory

+ *Due Diligence Review*
+ *Financial Management*

## Tax and Legal Services

*Tax Advisory*
*Corporate Tax Services*
*Tax Reporting Services*
*Tax Compliance Services*
*Legal Advisory*
*Secretarial Services*
*Agreements and Contract Advisory*
*Liquidation and Closing Down Services*
*Payroll Tax Services*
*Company Formation Services*
*Compilation of Finanical Statements*
*Representation before Tax & Other Government Authorities*
*Applying for Investment/ SEZ Permit*

## Economic and Financial Consulting

☐*Share and Asset Valuation*
☐*Corporate Finance*

## Business Consulting

*New Investors Advisory*
*Project Preparation and Packaging*
*Business Planning and Review*

*Contact us:* *U Win Thin (Chairman), U Win Aung (Vice Chairman)*
*U Myo Min Htwe (Managing Director)*

Office Address :#2D, Rose Condominium, No.182/194, 1st Floor, Botahtaung Pagoda Road, Between Anawyahta St & Mahabandoola St, Pazundaung Township, Yangon Region , Myanmar.
Tel :(951) 245671, 9010343, 9010549,9010593 (Direct)
:(951) 201798, 296164
E-mail :winconsult@myanmar.com.mm, winthin9@myanmar.com.mm
Website :www.winthin-associates.com

SPEED & EASE

## Business Profile

**Speed & Ease Logistics Services, Myanmar Customs authorized Agency (licensed no 5204), since 2002,** has provided services in global supply chain specialized in customs clearance and transit trade related to logistics services and freight forwarding.

In 2013, Speed and Ease Logistics is set up as a company limited to provide services widely in the region. The Agency is a member of Myanmar Customs Brokers Association and Myanmar Freight Forwarders Association. It has a good reputation in Myanmar Customs Department and business environment. Our company is a member of UMFCCI,MCBA and MIFFA in Myanmar.

**Vision**

To provide efficient and effective logistics services in global supply chain increasing level of services toward customer orientation.

**Mission**

To supply the quality services with competitive prices.

**Organization Chart**



### Customs Brokerage Services

Key Service Features ;

- Import Clearance for Normal Cargo
- Import Clearance for Special Economic Zone Cargo
- Import Clearance for Bulk Cargo ; cements, iron bean
- Import Clearance for MIC Cargo ; Tax and Duty Free
- Import Clearance for Textiles & Accessories (CMP)
- Import Clearance for Government Cargo
- Import Clearance for Embassy/ UN/ NGOs
- Export Clearance for Pulps & Bean
- Export Clearance for Garment(CMP)
- Export Clearance for Repair and Return Cargo
- Cross Border Cargo Clearance
- Transit Cargo Clearance
- Temporary Admission/ Importation

### Logistics Services

- Air Freight Forwarding
- Sea Freight Forwarding
- Cross Border Transport Services
- Inland Waterway Transport
- Road Transport
- Material Handling
- Loading/ UnLoading
- Crane Services

### Trade Fair & Exhibition

- Trade Fair Event Services
- Trade Fair and Exhibition Cargo Clearance

ကျားမင်း [illegible]

[illegible]




အမှတ်(၁၀)၊အခန်း(၄)၊မာဃလမ်း၊(၁၀)ရပ်ကွပ်၊လှိုင်မြို့နယ်၊ရန်ကုန်မြို့။
(၆၉–A+B)၊စပယ်ခြံ(၂)လမ်း၊(၁၁)ရပ်ကွက်၊လှိုင်မြို့နယ်၊ရန်ကုန်မြို့။
01-511155,09 51 03143,09 86 25200




အမှတ်(၃)လမ်းမ–ရတနာဆီဆိုင်အကျော်၊မကွေး–ကိုအုန်းလွင် ကားမှန်ဆိုင်ဘေး၊သဃ်န်းကျွန်းကြီးမှတ်တိုင်၊မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း– ၀၁ ၆၃၈၃၅၁၊၀၉ ၇၈၅၃၂၂၄၃၊၀၉ ၇၉၉၉၃၅၁၀၀



AGRI MYANMAR 2016
LIVESTOCK MYANMAR 2016
AQUA FISHERIES MYANMAR 2016
တတိယအကြိမ်မြောက် နိုင်ငံတကာ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ရေလုပ်ငန်းဆိုင်ရာ ကုန်စည်ပြပွဲ နှင့် ဟောပြောပွဲအခမ်းအနား
ဆက်စပ်နေသော လုပ်ငန်း သုံးမျိုး၏ ကုန်စည်ပြပွဲ
၂၈ - ၃၀ ရက်
နေရာ။ ။ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ခန်းမ၊ ရန်ကုန်၊ မြန်မာ။
စက်တင်ဘာလ၊ ၂၀၁၆
နေ့စဉ် - နံနက် ၉ နာရီ မှ ညနေ ၅ နာရီ အထိ (ဝင်ကြေးအခမဲ့)
www.livestock-expo.com
ထူးခြားမှုများ
• နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ပြခန်းပေါင်း ၇၀ကျော်
• ဗီယက်နမ်ဆေးကုသရေးအဖွဲ့တစ်ခုမှ - HANVIET, SAN HEH, HANGZHOU HENGYI VET နှင့်ဆိုင်သော လုပ်ငန်းများအတွက် ပြည်တွင်းကိုယ်စားလှယ်များရှာဖွေခြင်း
• အမေရိကန်၊ထိုင်ဝမ်၊မလေးရှား၊တရုတ်၊အိန္ဒိယနိုင်ငံတို့မှ BALA, ALLFLEX, SHANGHAI SHENDE, YEONG MING တို့ကဲ့သို့ ကုမ္ပဏီပေါင်းများစွာမှ ပြပွဲတွင်ဝင်ရောက်ပြသကြခြင်း။
• အဖွဲ့အစည်းများ နှင့် ကျွမ်းကျင်ကုမ္ပဏီများမှ နည်းပညာဆိုင်ရာ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ သတင်းအချက်အလက်များကို ပြုလုပ်ပေးခြင်း
ဆက်သွယ်ရန်
နိုင်ငံတကာ Tel: (+84) 8 3842 7755 | + 84 .1689.312.128, Email: giang.ntc@veas.com.vn ( Ms. Ginny)
ပြည်တွင်း Cellphone : 09420025684 Email:jasmine.ttm@veas-exhibitions.com (Ms. Thet Thet Mar)
ဆက်စပ်လျက်ရှိသော
Dairy Connect Myanmar
စီစဉ်သူ
VEAS
ထောက်ပံ့ထားသူများ
MFVP
မီဒီယာပံ့ပိုးပေးသူများ
eFeedLink
Food & Beverage Online www.21food.com
Aquaculture Directory




Bagan Myanmar
Authorized Customs Service Agency
Kyaw Zin Latt @ S.Ganesan
Managing Director
Customs Ref Code - 5225 01
No.58(U), Ground Floor, Mahabandoola, Garden Street,
Kyauktada, Township, Yangon, Myanmar.
Tel : 0095-1-252823, 0095-1-377754
E-mail : kzlmyanmar@gmail.com




LIGHT AND SALT
Trading Co.,Ltd.
Deformed Reinforcing Steel Bar
Billet
High Yield Deformed Bar
No.31, Khaymarthi Street, Bauk Htaw, Thingangyun Tsp,
Yangon, Myanmar.
Ph : 951 577577, 09 420 113307, 09 73244011, 09 73165355
E-mail : mmsein.myint@gmail.con

## ပြောင်း

### မူဆယ်မှ ပြောင်းတန်ချိန် တစ်သောင်းကျော်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ် ရေးဇုန်မှ ဩဂုတ် ၂၇ရက်မှ စက်တင်ဘာ ၂ရက်အတွင်း အမေရိကန်ဒေါ်လာ ၂ဒသမ ၈၆၈ သန်း တန်ဖိုးရှိပြောင်းတန်ချိန် ၁၂၅၃၇ တန်ခွဲအထိ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ ပြောင်းတန်ချိန် ၈၇၀၀သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ်ရဲ့ ပြောင်းတင်ပို့မှုမှာ မူဆယ်မှ ၃၈၃၇ တန်ခွဲ ပိုမိုလာတာ တွေ့ရပါတယ်။ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီး စခန်းသုံးခုကလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၇၈၀သန်း တန်ဖိုးရှိပြောင်းဖူးစေ့ ၃၁၃၈ တန်ကို ပုံမှန် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တာကတော့ လွယ်ဂျယ်မှ ၉၃၃တန်ကျော်၊ ချင်းရွှေဟော်မှ ၂၁၃၃တန်ကျော် နဲ့ ကန်ပိုက်တီးမှ ၇၁တန်ခွဲ ဖြစ်ပါတယ်။ ဩဂုတ်လအတွင်း တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန်ပေါင်း ၆၉၀၀၀ ကျော် တင်ပို့ ခဲ့တယ်လို့ သိရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဩဂုတ် ၂၆ရက်က ပြောင်း တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ ၂၇၆၄၈၁ ကျပ်ရှိပြီး စက်တင်ဘာ ၂ရက်မှာတော့ ၂၇၇၉၇၈ ကျပ်သို့ ဈေးအနည်းငယ် မြင့်တက်လာခဲ့ကြောင်း၊ ဇွန်လမှစ၍ တရုတ်နိုင်ငံမှ ပထမအကြိမ် တန် ၁၆၀၀၀အား ကိုတာစနစ်ဖြင့် ခွင့်ပြုခဲ့လို့ ယခုတစ်ပတ်တွင်လည်း ပြောင်းတင်ပို့မှု ပိုမိုခဲ့ကြောင်း၊ သယ်ယူစရိတ်မှာ ယခုတစ်ပတ်တွင် တစ်ပိဿာ ၄၅-၄၆ ကျပ်ရှိပြီး၊ ကားဝင်ရောက်မှု ၄၉၆စီး ဝင်ရောက်ခဲ့ကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## သကြား

### မူဆယ်ရော ချင်းရွှေဟော်မှပါ သကြား ပိုမိုတင်ပို့

ဩဂုတ် ၂၇ရက်မှ စက်တင်ဘာ ၂ရက်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်း ရွှေဟော် ကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၄၄၆ သန်း တန်ဖိုးရှိ သကြား ၂၂၅၃၅ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တာကတော့ မူဆယ်မှ ၂၁၄၈၄ တန်ကျော်နဲ့ ချင်းရွှေဟော်မှ တန် ၁၀၅၀ ကျော်ဖြစ်ပါတယ်။ ယခင် သီတင်းပတ်က မူဆယ်မှ ၁၅၅၀၁ တန်ကျော်၊ ချင်းရွှေဟော်မှ ၅၉၀တန်ခွဲ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တရုတ်နိုင်ငံသို့ သကြား ပိုမိုတင်ပို့လာခဲ့ပါတယ်။ ယခု သီတင်းပတ်တွင် ပြည်တွင်းသကြားဈေး တစ်တန်လျှင် ရှစ်သိန်း နှစ်သောင်းကျပ်ခန့် ဝယ်ယူရပြီး တစ်ဖက်နိုင်ငံတွင် ၅၀ ကီလို တစ်အိတ်ကို ၂၃၂-၂၃၃ ယွမ်ဈေးရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ်တွင် မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၆ ၂၈၅၁၅ တန်ဖိုးရှိ သကြား ၁၁၄၂ တန်ကျော်သာ တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂၀၄၈ တန်ကျော် တင်သွင်းခဲ့လို့ မြဝတီဇုန်မှ သကြားတင်သွင်းမှု လျော့နည်းခဲ့တာ တွေ့ရပါတယ်။

**မော်မော်အောင်**

## ဝါဂွမ်း

### မူဆယ်မှ ဝါဂွမ်းရော ပိုးအိမ်ပါ တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ် ၂၇ရက်မှ စက်တင်ဘာ ၂ရက်အတွင်း အမေရိကန်ဒေါ်လာ ၂၇၉၄၀၀ တန်ဖိုးရှိ ငွေချည် -၆- ဝါ ၁၂၇တန် တင်ပို့ခဲ့ပါတယ်။ ဝါဂွမ်းအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၀၂၀သန်း တန်ဖိုးရှိ ပိုးအိမ် ၄တန် ကျော်ကိုလည်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ဩဂုတ်လ တစ်လလုံး မူဆယ်မှ ငွေချည်-၆၊ ဝါဂွမ်း တန် ၁၀၀၀ကျော် အထိ တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံး ဇူလိုင်လ အတွင်းက တန်ချိန် ၄၀၀ခန့်သာ တင်ပို့နိုင်ခဲ့တယ်လို့ မူဆယ်ကုန်သွယ်ရေးဇုန်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## ဝဥ

### ဝဥခြောက် တန် ၄၀ ကျော် တင်ပို့

မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ ဝဥများကို ၁၉၇၂ ခုနှစ်ကတည်းက ပြည်ပနိုင်ငံများမှ စတင်စိတ်ဝင်စားလာကြောင်း၊ မြန်မာနိုင်ငံမှ ဝဥသည် အင်ဒိုနီးရှားနိုင်ငံမှ ထွက်ရှိတဲ့ ဝဥထက် အရည်အသွေးပိုကောင်းလို့ ဂျပန်နိုင်ငံမှ ယနေ့တိုင်ရသလောက် ဝယ်ယူကြောင်း သိရပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကနေ ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၂ ရက်အတွင်း အမေရိကန် ဒေါ်လာ သုည ဒသမ ၀၈၀ သန်းတန်ဖိုးရှိ ဝဥခြောက် ၄၃ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ဩဂုတ်လတစ်လလုံး မူဆယ်မှ တရုတ်နိုင်ငံသို့ ဝဥခြောက်တန်ချိန် ၁၁၀ တင်ပို့နိုင်ခဲ့ကြောင်း၊ ဝဥခြောက် တစ်တန်ကို မိမိဘက် ပေါက်ဈေးကျပ်သိန်း ၂၀ ခန့်ရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ရော်ဘာ

### ကုန်သွယ်ရေးစခန်းများမှ ဩဂုတ်လအတွင်း ရော်ဘာတင်ပို့မှု အနီးစပ်ဆုံးကာလထက် တန်နှစ်ထောင်ကျော်ပိုမို

ကုန်သွယ်ရေး စခန်းများမှ ဩဂုတ် ၂၇ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၆၁ သန်းတန်ဖိုးရှိ ရော်ဘာ ၁၂၅၆ တန်တင်ပို့ခဲ့ရာ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ RSS 3 ၇၈၅ တန်နဲ့ RSS 1 တန် ၃၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ MSR 20 ၃၆ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ MSR 20 တန် ၂၀၀၊ Mixtures of Natural Rubber ၁၀၅ တန်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေးတန် ၁၀၀ တင်ပို့ခဲ့ပါတယ်။ ဩဂုတ်လတစ်လလုံးမှာ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၅၇၈ သန်းတန်ဖိုးရှိရော်ဘာအဆင့်စုံ ၆၀၃၀ တန်ကျော် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဇူလိုင်လထက် တန် ၂၀၆၀ ခန့်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS 3 တစ်တန်ကို ၁၅၁၂၆၃၈ ကျပ်ဖြစ်ပြီး ယခင်တစ်ပတ်ထက် တစ်တန်ကို ၈၁၅၀ ကျပ်ပိုမိုလာတာတွေ့ရပါတယ်။ ဒေသပေါက်ဈေးအနေနဲ့ မော်လမြိုင်မှာ RSS 3 တစ်တန်ကို ကျပ် ၁၄ ဒသမ ၅၉ သိန်းနဲ့ RSS 5 တစ်တန်ကို ကျပ် ၁၂ ဒသမ ၃၉ သိန်းရှိပါတယ်။

ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၁၉ သန်းတန်ဖိုးရှိ RSS 3 တန် ၈၀ နဲ့ MSR 20 ၁၀၅ တန်စုစုပေါင်း ရော်ဘာ ၁၈၅ တန်ကို မလေးရှား တစ်နိုင်ငံတည်းကို တင်ပို့ခဲ့ပါတယ်။ ဩဂုတ်လတစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၆၀ သန်းတန်ဖိုးရှိ ရော်ဘာ ၂၃၃၇ တန်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဇူလိုင်လတင်ပို့မှုထက် တန် ၃၀ လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာဈေးအတက်အကျ အနည်းငယ်သာ ရှိပါတယ်။ ဒါကြောင့် ပြည်ပပို့မယ့်မြန်မာ့ရော်ဘာဈေးလည်း အတက်အကျသိပ်မရှိဘဲ ယခင် တစ်ပတ်ဈေးအတိုင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်း က ထုတ်ပြန်ထားကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## The 3rd International Manufacturing Myanmar 2016 ပြပွဲ ပြသမည်

တတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကုန်ထုတ်လုပ်ရေးဆိုင်ရာ ကုန်စည်ပြပွဲ ၂၀၁၆ (The 3rd International Manufacturing Myanmar 2016) ပြပွဲကို ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Even Park တွင် စက်တင်ဘာလ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Manufacturing Myanmar 2016 ပြပွဲတွင် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ပါဝင်ပြသသူပေါင်း ၅၀ ကျော်က လာရောက်ပြသကြမည်ဖြစ်သည်။ ပြခန်းများတွင် Singapore Precision Engineering and Technology Association နှင့် The Taiwan Machine Tool & Accessory Builder's Association တို့မှ ပူးပေါင်းတင်ဆက်သည့် စင်ကာပူနှင့်တရုတ် (တိုင်ပေ) တို့မှ နိုင်ငံတကာပြခန်းတွဲကြီးနှစ်ခုလည်း ပါဝင်မည်ဖြစ်သည်။

စင်ကာပူပြခန်းကြီးတွင် ဂျပန်၊ တရုတ်၊ အမေရိကန်နှင့်ဂျာမနီတို့မှ အမှတ်တံဆိပ်အမျိုးမျိုးကိုပြသကြမည်ဖြစ်ပြီး တရုတ်(တိုင်ပေ)ပြခန်းတွင် Benign Enterprise, Campro Precision Machinery, Goodway Machine, Mindman Industrial နှင့် Lishun Industrial တို့ကဲ့သို့သော ကုမ္ပဏီများပါဝင်ပြသကြမည်ဖြစ်သည်။

Manufacturing Myanmar 2016 သည် မြန်မာနိုင်ငံ၏စစ်မှန်သည့် ကုန်ထုတ်လုပ်ရေးလုပ်ငန်းဆိုင်ရာ နိုင်ငံ တကာကုန်စည်ပြပွဲကြီးဖြစ်ပြီး လိုအပ်ချက်များကို ကမ္ဘာလုံးဆိုင်ရာကုန်ထုတ် လုပ်နိုင်စွမ်းများဖြင့် တင်ဆက်ပြသခြင်း၊ စက်ပစ္စည်းဆိုင်ရာအတွေးအခေါ်သစ်များနှင့် စီးပွားရေးဖွံ့ဖြိုးမှုများအတွက် လိုအပ်သောအကောင်းဆုံး လက်တွေ့ ဆောင်ရွက်ချက်များဖြင့် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## တတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ထုပ်ပိုးမှုဆိုင်ရာ ကုန်စည်ပြပွဲ ပြသမည်

တတိယအကြိမ်မြောက်အပြည် အပြည်ဆိုင်ရာထုပ်ပိုးမှုဆိုင်ရာ ကုန်စည်ပြပွဲ (The 3rd International Processing & Packaging Exhibition- ProPak Myanmar 2016) ကို ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Even Park (MEP) တွင် စက်တင်ဘာလ ၂၂ ရက်မှ ၂၄ ရက် အထိ ကျင်းပမည်ဖြစ်ကြောင်း သိရ သည်။

အဆိုပါ ProPak Myanmar 2016 ပြပွဲသည် မြန်မာနိုင်ငံရှိ အစားအသောက်နှင့် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများအတွက်ထုတ်လုပ်ခြင်းနှင့် ထုပ်ပိုးခြင်းဆိုင်ရာပြပွဲဖြစ်ပြီး နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ပါဝင်ပြသသူပေါင်း ၂၀၀ ကျော် လာရောက်ပြသမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲတွင် တရုတ်၊ အီတလီ၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)နှင့်ထိုင်းနိုင်ငံ တို့မှ လာရောက်ပြသမည်ဖြစ်ပြီး ထိုင်းနိုင်ငံမှ အများဆုံးလာရောက်ပြသမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါကုန်စည်ပြပွဲတွင် အစားအသောက်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် National Conference on Food Industry Development 2016 ဆွေးနွေးပွဲကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင်နိုင်ငံတကာမှ အစားအသောက်ဆိုင်ရာပညာရှင်များ၊ ပြည်တွင်းမှအစားအသောက်ဆိုင်ရာပညာရှင်များ စုစုပေါင်း ၂၂ ဦးတို့က Education of Food Science and Technoligy to Upgrade Small and Medium Food Enterprises in Myanmar ခေါင်းစဉ်ဖြင့် ဆွေးနွေး ဟောပြောကြမည်ဖြစ်ကြောင်း သိရ သည်။

ယင်း ကုန်စည်ပြပွဲတွင် DriknTech Myanmar 2016 နှင့် PlasPak Myanmar 2016 ပြပွဲတို့လည်း ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါကုန်စည်ပြပွဲများသို့ အစားအသောက်နှင့်ဆေးဝါးထုတ်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များနှင့် ကျွမ်းကျင်သူများ မဖြစ်မနေ တက်ရောက်ရမည့် အခမ်းအနားများဖြစ်ပြီး အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

# MPTက စမတ်ဖုန်းများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးမည့်အပြင် အထူးလက်ဆောင်များကိုလည်း ထည့်သွင်းပေးမည်

MPT သည် စမတ်ဖုန်းမော်ဒယ် အသစ်နှစ်မျိုးဖြစ်သည့် M40 နှင့် M50 စမတ်ဖုန်းများကို မိတ်ဆက်လိုက်ပြီဖြစ်သည်။ အဆိုပါစမတ်ဖုန်းများကို MPT အမှတ်တံဆိပ်ဆိုင်များ၊ Bestone ဖုန်းဆိုင်များနှင့်နီးစပ်ရာအရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။



MPTက ထုတ်လုပ်ရောင်းချသည့် စမတ်ဖုန်းများအနက် M 40 ကို ကျပ် ၇၂၀၀၀ ဖြင့်လည်းကောင်း၊ M50 ကို ကျပ် ၉၉၀၀၀ ဖြင့်လည်းကောင်း ရောင်းချပေးမည်ဖြစ်သည်။

MPT အနေဖြင့် M40စမတ်ဖုန်း ဝယ်ယူသူများအား MPT ဆင်းကတ်တစ်ကတ်နှင့် ဖုန်းဘီလ်အနည်းဆုံး ကျပ် ၁၀၀၀ ဖိုးဖြည့်သွင်းရုံဖြင့် လစဉ်သုံး ဒေတာအပိုဆု 777MB ကို ခြောက်လစာ အခွင့်အရေးများ ရရှိမည်ဖြစ်ကြောင်း အဆိုပါဖုန်းမိတ်ဆက်ပွဲတွင် MPT မှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အလားတူ ကျပ် ၉၉၀၀၀ ဖြင့် ရောင်းချပေးမည့် M50 စမတ်ဖုန်းကို ဝယ်ယူမည့်သူများအား MPT နံပါတ်အလှဆင်းကတ်တစ်ကတ်နှင့်ဖုန်းဘီလ် အနည်းဆုံး ကျပ် ၃၀၀၀ ဖြည့်သွင်းရုံဖြင့် လစဉ်သုံးဒေတာအပိုဆု 2.5GBကို ခြောက်လစာ ရရှိမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

M40စမတ်ဖုန်းသည် 4.0WVGA touchscreen မျက်နှာပြင်နှင့် Quad Core 512 MB 2RAM ပါရှိသည့် စမတ်ဖုန်းအမျိုးအစားဖြစ်သည်။

M50 စမတ်ဖုန်းသည် ခန့်ညားသေသပ်သော ကိုယ်ထည်ဒီဇိုင်းရှိပြီး ဖုန်း မျက်နှာပြင်မှာ ငါးလက်မအကျယ်ရှိသည်။ Android 5.1 အမျိုးအစားဖြစ်ပြီး ကင်မရာမှာ 5MP နှင့် 8MP ရှိသည်။ အဖြူရောင်နှင့် အနက်ရောင်နှစ်မျိုး ထုတ်လုပ်ထားပြီး ဆင်းကတ်နှစ်ကတ် အသုံးပြုနိုင်သည်။

စမတ်ဖုန်းနှစ်မျိုးစလုံးအတွက် အာမခံ တစ်နှစ်ပါဝင်ပြီး ချို့ယွင်းပျက်စီးသွားသောဖုန်းများအတွက် ပြုပြင်ပေးနိုင်သော Service Center 18 ခု နှင့် Service Centers များသို့ တာဝန်ယူပို့ဆောင်ပေးနိုင်သော Collection Points 104 ခုတို့ကို နိုင်ငံအနှံ့ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

အဆိုပါ စမတ်ဖုန်းနှစ်မျိုးနှင့် ပတ်သက်၍ MPT-KSGM Joint Operation ၏ Chief Commercial Officer Mr. Koichi Kawase က "MPT ကဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းမွန်သည့် မိုဘိုင်းဆက်သွယ်ရေးပစ္စည်းများကို ဈေးကွက်မှာ မိတ်ဆက်လိုက်ခြင်းပဲဖြစ်ပါတယ်။ M40 က ဖုန်းစစချင်း ကိုင်မယ့်သူတွေ အတွက် ပိုမိုသင့်တော်ပြီး M50 မော်ဒယ်ကတော့ စွမ်းဆောင်ရည်မြင့်မားမှု ရှိတဲ့အတွက် သုံးစွဲသူများဟာ မိမိနှင့် သင့်တော်ရာစမတ်ဖုန်းများကို ရွေးချယ်နိုင်မှာဖြစ်ပါတယ်။ ဒီနေ့ခေတ်မှာ လူတိုင်းလိုလို မိုဘိုင်းဖုန်းဆက်သွယ်ရေးကိရိယာများ ရှိသင့်နေပါပြီ။ ခုလိုမျိုး MPT ကနေ စမတ်ဖုန်းနှစ်မျိုးကို မိတ်ဆက်ပေးနိုင်ခဲ့တဲ့အတွက် အထူးပဲဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ဒါ့အပြင် ဖုန်းဝယ်ယူတဲ့အခါ အထူးဒေတာ ပရိုမိုးရှင်းအစီအစဉ်တွေလည်း ပါဝင်တဲ့အတွက် မိမိချစ်ခင်ရတဲ့ မိသားစု၊ သူငယ်ချင်း၊ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ MPT ရဲ့ နိုင်ငံတစ်ဝန်းမှာရှိတဲ့ ဆက်သွယ်ရေးကွန်ရက်ကနေတစ်ဆင့် ပိုပိုပြီး အဆက်သွယ်ပြုလာနိုင်မှာပါ" ဟု ပြောကြားခဲ့သည်။

**မယ်သီတာ**

## Palmolive shampoo က ဆံကေသာဆိုင်ရာ ဆွေးနွေးပွဲကျင်းပ




မြန်မာနိုင်ငံ၏ ခေါင်းလျှော်ရည်ဈေး ကွက်တွင် နေရာတစ်နေရာကို ရယူထားသည့် Palmolive Shampoo က ပြုလုပ်သည့် ဆံကေသာဆိုင်ရာဆွေးနွေးပွဲကို စက်တင်ဘာလ ၄ ရက်က ရန်ကုန်မြို့၊ အနော်ရထာလမ်းရှိ Junction Maw Tin Shopping Center တွင် ကျင်းပခဲ့သည်။

အဆိုပါဆံကေသာဆိုင်ရာဆွေးနွေးပွဲသို့ Miss Universe Myanmar 2017 တွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြသည့် အလှမယ်များနှင့်အတူ Miss Universe Myanmar 2016 ဆုရှင် အလှမယ် ထက်ထက်ထွန်းလည်း တက်ရောက်ခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် Miss Universe Myanmar 2016 အလှမယ် ထက်ထက်ထွန်းက "ကျွန်မတို့လို အလှမယ်တွေအနေနဲ့ နေ့စဉ်လို လိုဒီဆံပင်တွေကို ကောက်လိုက် ဖြောင့်လိုက် စသည်ဖြင့် ပြုပြင်နေကြရတဲ့သူတွေဖြစ်ကြပါတယ်။ ဒါကြောင့် ဆံပင်ကို ထိန်းသိမ်းဖို့ လိုအပ်လှပါတယ်။ အရင်တုန်းကဆိုရင် ထက်ထက်ရဲ့ဆံပင်တွေဟာ ပျက်စီးနေတာကို သိပေမယ့် ဘယ်လို ပြုပြင်ထိန်းသိမ်းရမလဲဆိုတာကို မသိပါဘူး။ ဒါပေမဲ့ Palmolive Shampoo နဲ့ ခေါင်းလျှော်လိုက်တဲ့အခါကျတော့ ဆံပင်တွေဟာ အရင်ကလိုအဖျား နှစ်ခွဖြစ်တာတွေ၊ ဆံပင်ကျွတ်တာတွေ သိပ်မဖြစ်တော့ဘူးဆိုတာ သတိထားမိလာတယ်။ ဒါကြောင့် နောက်ပိုင်းမှာ ဒီ ခေါင်းလျှော်ရည်ကိုပဲ စွဲစွဲမြဲမြဲ အသုံးပြုဖြစ်လာတယ်"ဟု ပြောကြားခဲ့သည်။

ထို့ပြင်ဆံကေသာပညာရှင်တစ်ဦးဖြစ်သူ မချိုကလည်း ဆံကေသာထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်ဆိုင်သည့် အကြံဉာဏ်ကောင်းများကို ပြောကြားပေးခဲ့သလို ဆံပင်ပြုပြင်နည်းကိုပါ ထည့်သွင်းပြောကြားခဲ့သည်။

Palmolive ခေါင်းလျှော်ရည်သည် Miss Universe Myanmar ပြိုင်ပွဲများကို ၂၀၁၄ ခုနှစ်ကတည်းက တရားဝင်ပံ့ပိုးကူညီပေးလျက်ရှိရာ ယခု နှစ်တွင်လည်း ပါဝင်ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် Miss Beautiful Hair By Palmolive ဆုကိုလည်း Miss Universe Myanmar 2017 ၏ နောက်ဆုံးအဆင့်ရွေးချယ်ခံရသည့် အလှမယ်များအနက်မှ တစ်ဦးကို ရွေးချယ် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အလုပ်အကိုင်ခေါ်ယူပွဲကြီးများနှင့် HR ဆွေးနွေးပွဲများ ကျင်းပမည်




MyJob.com.mm မှ ကြီးမှူးကျင်းပမည့် အလုပ်အကိုင်ခေါ်ယူပွဲများကို အောက်တိုဘာလ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ရန်ကုန်မြို့၊ မင်းဓမ္မလမ်းရှိ မြန်မာ ကွန်ဗင်းရှင်းစင်တာ၌လည်းကောင်း၊ နိုဝင်ဘာ ၂၀ရက်တွင် မန္တလေးမြို့၊ Triumph ဟိုတယ်၌လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ HR Conference များကိုလည်း အောက်တိုဘာ ၂၀ ရက်တွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး၌လည်းကောင်း၊ နိုဝင်ဘာ ၁၈ ရက်တွင် မန္တလေးမြို့ရှိ Hotel Hazel ၌လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ရန်ကုန်မြို့တွင် ပြုလုပ်မည့် အလုပ်အကိုင် ခေါ်ယူပွဲတွင် ထိပ်တန်းကုမ္ပဏီပေါင်း ၅၀ ခန့် ဝင်ရောက်ပြသကာ အလုပ်အကိုင်များကို ခေါ်ယူသွားမည်ဖြစ်ရာ အလုပ်အကိုင်ရှာဖွေလိုသူများအနေဖြင့် အဆိုပါကုမ္ပဏီများ၌ အလုပ်လျှောက်လွှာများ တင်သွင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

MyJob.com.mm က ဦးစီးကျင်းပမည့် HR Conference များသည် မြန်မာနိုင်ငံရှိ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများအတွင်း Human Resource ကျွမ်းကျင်မှု၏ အရေးပါပုံကို သိရှိစေရန်ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်သည်။

အဆိုပါဟောပြောပွဲတွင် မြန်မာနိုင်ငံရှိ HR ကျွမ်းကျင်သူများက ၎င်းတို့၏အတွေ့အကြုံဗဟုသုတ၊ မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် HR လုပ်ငန်းနယ်ပယ်အတွင်းတွေ့ကြုံနေရသော စိန်ခေါ်မှုများ၊ အခွင့်အလမ်းများစသည့် အကြောင်းအရာများကို ဟောပြောဆွေးနွေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# မန္တလေး–မူဆယ်လမ်းပိုင်း ကုန်ပစ္စည်းသယ်ယူခ လျှော့ကျခြင်းကြောင့် ကုန်ပစ္စည်း သယ်ယူမှုနည်းပါးလျက်ရှိ

မန္တလေးမြို့မှ မြန်မာနိုင်ငံအတွင်းရှိ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ မန္တလေးတိုင်းဒေသကြီး မြန်မာနိုင်ငံ အဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းမှ ကုန်စည်များသယ်ယူပို့ဆောင်သည့် နှုန်းထားများမှာ-

| မှ | သို့ | ၇/၂၀၁၆ | ၈/၂၀၁၆ | ၉/၂၀၁၆ |
|---|---|---|---|---|
| မန္တလေး | မူဆယ် | ၆၇ | ၅၇ | ၄၆ |
| ။ | လားရှိုး | ၅၀ | ၅၀ | ၄၅ |
| ။ | တောင်ကြီး | ၂၅ | ၃၀ | ၂၅ |
| ။ | ရန်ကုန် | ၂၂ | ၂၀ | ၂၄ |
| ။ | ပဲခူး | ၂၀ | ၂၀ | ၂၂ |
| ။ | နေပြည်တော် | ၁၂ | ၁၅ | ၂၀ |
| ။ | ပခုက္ကူ | ၂၅ | ၂၅ | ၂၅ |
| ။ | ကလေး | ၆၀ | ၆၀ | ၆၀ |
| ။ | မကွေး | ၂၅ | ၂၅ | ၂၆ |
| ။ | မုံရွာ | ၂၀ | ၂၀ | ၂၀ |

၂၀၁၆ ခုနှစ်အတွင်း မန္တလေးမှ မူဆယ်သို့ ကုန်ပစ္စည်းများသယ်ယူပို့ဆောင်မှုနှုန်းထားအနေဖြင့် ယခုလ (၂၀၁၆ ခုနှစ် စက်တင်ဘာလ) မှာ ဈေးအနိမ့်ဆုံးအချိန်ဖြစ်လျက်ရှိပြီး ဇန်နဝါရီလမှာဖြစ်ပေါ်တဲ့ နှုန်းထားရဲ့တစ်ဝက်မှာ ရှိနေပါတယ်။ မန္တလေး-မူဆယ်လမ်းပိုင်းမှလွဲ၍ ကျန်လမ်းပိုင်းများမှာ ဈေးနှုန်းကွာဟမှုအနည်းငယ်သာရှိခဲ့ကြောင်း သိရပါတယ်။

ကုန်ပစ္စည်းတွေက ထင်သလောက်မရှားပါးသလို စက်ဆီ၊ ချောဆီကလည်း ပုံမှန်ဈေးနှုန်းမှာရှိကြောင်း၊ ကုန်ပစ္စည်းသယ်ယူခနှုန်းထားသိသိသာသာ (ထက်ဝက်)လျှော့ကျတဲ့အတွက် တွက်ခြေမကိုက်ကြောင်း၊ သယ်ယူခနှုန်းထားလျှော့ကျသွားပေမယ့် စက်ဆီ၊ ချောဆီဈေး၊ ကားအပိုပစ္စည်းဈေး၊ လမ်းတံတားကြေး၊ ဒရိုင်ဘာနဲ့ လုပ်သားခဈေးနှုန်းက ပုံမှန်ဈေးနှုန်းဖြစ်တာကြောင့် အဆက်အသွယ်မပြတ်အောင် အရင်ကသုံးခေါက်ဆွဲမယ့်နေရာမှာ တစ်ခေါက်လောက်သာ ဆွဲဖြစ်ကြောင်း၊ မန္တလေးမူဆယ်အဝေးပြေးကုန်စည်ပို့ဆောင်သည့် ယာဉ်ပိုင်ရှင်တစ်ဦးက ပြောကြားပါတယ်။ အလားတူ အခြားယာဉ်ပိုင်ရှင်တစ်ဦးကလည်း ကုန်ပစ္စည်းက မရှားပါးပါဘူး၊ မိမိတို့အနေနဲ့ လမ်းတံတားကြေး၊ မော်တော်ကားမှာ အသုံးပြုတဲ့တာယာ၊ စက်သုံးဆီစသည့်အပြင် ယာဉ်မောင်းခ၊ ယာဉ်နောက်လိုက်ခနဲ့ လုပ်သားခတွေကြောင့် တွက်ခြေမကိုက်တဲ့အတွက် အရင်ကလို အခေါက်စိပ်စိပ် မဆွဲနိုင်ကြောင်း ပြောပြပါတယ်။

**စိုးအောင်-မန္တလေး**

# ဩဂုတ်လရဲ့ မန္တလေး–လားရှိုး–မူဆယ် ကုန်စည်သယ်ယူခ

၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း မန္တလေးမှ မူဆယ်သို့ ကုန်စည်သယ်ယူခများမှာ ဝါတွင်းနဲ့ မိုးတွင်းကာလဖြစ်လို့ ကျဆင်းခဲ့ပြီး လားရှိုး-မူဆယ် အဝေးပြေးလမ်းမကြီး ရေကျော်ခြင်းကြောင့် ခရီးသည်တင်ယာဉ်များနဲ့ ကုန်တင်ယာဉ်တွေ ခရီးကြန့်ကြာခဲ့တယ်လို့ သိရပါတယ်။

သွင်းကုန်ပိုင်းတွင် အပတ်စဉ် မြေဆီတစ်ပိဿာကို ၃၁ ကျပ်ရှိနေရာမှ ဩဂုတ်နောက်ဆုံးပတ်တွင် သယ်ယူခအနည်းငယ်တက်လာတာတွေ့ရပါတယ်။ ကုန်စည် သယ်ယူမှုအနေနဲ့ကတော့ ပို့ကုန်ပိုင်းတွင် ပဲ၊ ပြောင်း၊ နှမ်း၊ ဆန်၊ ရော်ဘာ၊ ရေထွက် ပစ္စည်း၊ သကြားနဲ့ သစ်သီးဝလံတွေ ပုံမှန်တင်ပို့မှုရှိသလို တရုတ်နိုင်ငံဘက်မှလည်း ဓာတ်မြေဩဇာ၊ ဘိလပ်မြေ၊ ကြွေပြား၊ သံပြားအစရှိတဲ့ အိမ်ဆောက်ပစ္စည်းမျိုးစုံ၊ စက်ဘီး၊ ဆိုင်ကယ်၊ ပန်းသီး၊ ပန်းသစ်တော်၊ နေကြာစေ့နဲ့ ဂျုံမှုန့်၊ နို့မှုန့်တို့ တင်သွင်းခဲ့ပါတယ်။ ဩဂုတ်လရဲ့ ကုန်စည်သယ်ယူခနှုန်းထားများကို အပတ်စဉ်အလိုက် ဖော်ပြပေးလိုက်ပါတယ်-

| ပို့ကုန် | ၃၀/၇/၁၆ မှ၅/၈/၁၆ ထိ | ၆/၈/၁၆ မှ၁၂/၈/၁၆ ထိ | ၁၃/၈/၁၆ မှ၁၉/၈/၁၆ ထိ | ၂၀/၈/၁၆ မှ၂၆/၈/၁၆ ထိ | ၂၇/၈/၁၆ မှ၂/၉/၁၆ ထိ |
|---|---|---|---|---|---|
| ပြောင်း | ၅၀-၅၇ | ၅၂-၅၅ | ၄၇-၅၅ | ၄၅-၄၇ | ၄၅-၄၆ |
| ဆန် | ၅၀-၆၀ | ၅၂-၅၅ | ၄၇-၅၅ | ၄၆-၄၇ | ၄၅ |
| ပဲတီစိမ်း | ၅၂-၆၀ | ၅၃-၅၅ | ၄၇-၅၆ | ၄၆-၄၇ | ၄၆-၄၇ |
| နှမ်း | ၆၀-၆၂ | ၆၂-၆၃ | ၅၉-၆၃ | ၅၀-၅၂ | ၅၀ |
| ရော်ဘာ | ၅၈-၅၉ | ၅၈-၅၉ | ၅၂-၅၄ | ၄၉-၅၃ | ၅၁-၅၂ |
| သွင်းကုန် မြေဆီ | ၃၁ | ၃၁ | ၃၁ | ၃၁ | ၃၅ |

**မော်မော်အောင်**

# အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလအိမ်ရာ | (၁၃.၅×၅၈) ပေ | ၃လွှာအခန်းဖွဲ့ | ၇၀၀ သိန်း | အသင့်နေ | ၀၉/၂၅၀/၃၇၂၁၅၈ |
| ၂။ | အိမ်/မြေ | သယ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေး(မြောက်) ရပ်ကွက် | (၂၀×၆၀) ပေ | BN ၂ ထပ်အခန်းဖွဲ့ | ၁၇၀၀ သိန်း | အသင့်နေ ရေမီးစုံ | ၀၉/၅၁/၁၇၂၆၂ |
| ၃။ | ကွန်ဒို | ကမာရွတ်၊ လှည်းတန်းစင်တာကွန်ဒို | ၆၅၀ စ/ ပေ | MB ၁ | ၁၀ သိန်း တစ်လအငှားနှုန်း | အသင့်နေ | ၀၉/၉၇၆၂၁၁၁၂၃ |
| ၄။ | ကွန်ဒို | စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း | ၁၁၀၀ စ/ပေ | MB (1) BR (1) | ၁၃ သိန်း တစ်လအငှားနှုန်း | အသင့်နေ ဓာတ်လှေကားပါ | ၀၉/၉၇၆၂၁၁၁၂၃ |
| ၅။ | အဆင့်မြင့် တိုက်ခန်း | ဒဂုံမြို့နယ်၊ ပိုလ်ရာညွန့်လမ်း | ၁၈၀၀ စ/ပေ | MB (2) BR (2) | ၃၀၀၀ သိန်း | အသင့်နေ | ၀၉/၉၇၆၂၁၁၁၂၃ |
| ၆။ | အိမ်/မြေ | တ/ဥက္ကလာပမြို့နယ်၊ ဟသ်ာလမ်း | ၃၅၀၀ စ/ပေ | RC ၁ထပ်၊၂ပါဝင် | ၅၅၀၀ သိန်း | အသင့်နေ | ၀၁/၅၆၃၀၇၀ |
| ၇။ | အိမ်/မြေ | တ/ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း၊ | ၁၅၀၀ စ/ပေ | BN (၁)ထပ် | ၂၃၅၀ သိန်း မြေပိုကားဂိုဒေါင်ပါ | အသင့်နေ | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | မြေ | မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင် | ၁ ဧက | ခြံမြေသီးသန့် | ၅၀၀ သိန်း | | |
| ၉။ | အိမ်/မြေ | လှည်းကူးမြို့နယ် (မြို့အထွက်) | (၁၂၀×၁၂၀)ပေ | သိန်းတစ်သောင်း | လမ်းမကြီးအနီးရပ်ကွက် | | ၀၉/၅၁/၁၇၂၆၂ |

# Ford ၏ ကားအမျိုးအစားသစ် Kuga ကို အမေရိကန်ဒေါ်လာ ငါးသောင်းကျော်ဖြင့် ရောင်းချပေးမည်

Ford ကားကုမ္ပဏီအနေဖြင့် အသစ်ထုတ်လုပ်လိုက်သည့် ကားအမျိုးအစားသစ်တစ်မျိုးဖြစ်သည့် Kuga ကားအမျိုးအစားကို အမေရိကန်ဒေါ်လာ ၅၄၉၀၀ ဖြင့်ပြည်တွင်း၌ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

Ford နှင့် ၎င်း၏ပြည်တွင်းပါတနာကုမ္ပဏီဖြစ်သော Capital Automotive တို့က မြန်မာနိုင်ငံမော်တော်ကားဈေးကွက်အတွက် Ford Kuga ကားသစ်မိတ်ဆက်ပွဲကို စက်တင်ဘာ ၃ ရက်က မြန်မာပလာဇာ၌ ကျင်းပပေးခဲ့သည်။

အဆိုပါ မိတ်ဆက်ပွဲတွင် Capital Automotive မှ အထွေထွေမန်နေဂျာဖြစ်သူ Mr. Mike Pease က Kuga ကားသစ်နှင့်ပတ်သက်သော အသေးစိတ် အချက်အလက်များကို ရှင်းလင်းပြောကြားပေးခဲ့သည်။

Ford Kugaသည် အလယ်အလတ်တန်းစား SUV ကားအမျိုးအစားဖြစ်ပြီး လူငါးယောက်အထိ စီးနင်းနိုင်သောကြောင့် မိသားစုသုံးကားအဖြစ်လည်း အသုံးပြုနိုင်သည်။ Kuga တွင် စွမ်းဆောင်ရည်မြင့်မားပြီး ဆီစားနှုန်းသက်သာသော 1.5L Sigma GTDI အင်ဂျင်တပ်ဆင်ပေးထားပြီး ရှေ့ဘီးယက်စနစ်ဖြစ်ကာ အော်တိုဂီယာ (6-speed) စနစ်ပါဝင်သည်။

Kuga ကားသစ်တွင် ကျယ်ဝန်းသပ်ရပ်သော အတွင်းခန်းနှင့်အတူ လမ်းမျက်နှာပြင်မညီညာသော၊ ချိုင့်ခွက်များသောနေရာများတွင် သက်သောင့်သက်သာ စီးနင်းနိုင်စေရန် စီမံဖန်တီးပေးထားသော ဆိုင်းထိန်းစနစ်ပါရှိသည်။ ဖျော်ဖြေရေး၊ ဆက်သွယ်ရေးနှင့် ကား၏အချို့လုပ်ဆောင်ချက်များကို အသံဖြင့်အမိန့်ပေးခိုင်းစေနိုင်သော SYNC 2 စနစ်ပါဝင်ပြီး နောက်ပိုင်းထုတ်လုပ်သည့်ကားများတွင် ပါဝင်သော အလိုအလျောက် နောက်ဖုံးဖွင့်ပေးသည့်စနစ် Auto Headlamp နှင့် မိုးရွာလျှင်ရေသုတ်တံမှ အလိုအလျောက် အလုပ်လုပ်သောစနစ်များကိုလည်း ထည့်သွင်းပေးထားသည်။

ထို့အပြင် ခလုတ်နှိပ်ရုံဖြင့် အလွယ်တကူ အဖွင့်အပိတ်လုပ်နိုင်သော Panoramic Sunroof ပါဝင်သည့်အပြင် ၁၈ လက်မရှိသည့် အလွိုင်းဘီးများကို အသုံးပြုထားသည်။

“Kuga မှာ Everest လို အဆင့်မြင့် SUV တွေရဲ့ Feature အားလုံးနီးပါး ပါဝင်ပါတယ်။ အင်ဂျင်ပါဝါက 1.5L (180PS) ရှိတာကြောင့် SUV ကို မြို့တွင်းမှာ မောင်းနှင်အသုံးပြုလိုသူတွေအတွက်လည်းအဆင်ပြေစေတယ်။ EcoBoost ဖြစ်တာကြောင့် ဆီစားလည်း သက်သာမှာဖြစ်ပါတယ်” ဟု motors.com.mm မှ Assistant Director ဖြစ်သူ ကိုညိုသွေးနိုင်က Kuga ကားသစ်အပေါ် သုံးသပ်ချက်ပေးခဲ့သည်။ Ford Kuga ကို ပြည်တွင်းဈေးကွက်အတွင်း၌ အမေရိကန်ဒေါ်လာ ၅၄၉၀၀ ဖြင့် မကြာမီရောင်းချပေးမည်ဖြစ်ပြီး အနီ၊ အဖြူ၊ အညိုဟူသည့် အရောင်သုံးမျိုးကို ရွေးချယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**မယ်သီတာ**



# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဗီလ်ဒါ (၂၀၀၆) | L | ၂၂၀ သိန်း | 1.5 ဓာတ်ဆီ |
| ၂။ | ဝုစ်ရှ် (၂၀၀၃) | L | ၁၉၀ သိန်း | 1.3 ဓာတ်ဆီ |
| ၃။ | စီအာဗွီ (၂၀၀၆) | ယာယီ | ၃၅၀ သိန်း | 2.0 ဓာတ်ဆီ |
| ၄။ | ကလူဂျာ (၂၀၀၄) | ယာယီ | ၃၃၀ သိန်း | 2.4 ဓာတ်ဆီ |
| ၅။ | အေလီယွန် (၂၀၁၀) | ယာယီ | ၂၅၀ သိန်း | 1.8 ဓာတ်ဆီ |
| ၆။ | အာလ်ဖတ် (၂၀၀၄) | ယာယီ | ၂၈၀ သိန်း | 2.4 ဓာတ်ဆီ |
| ၇။ | မတ်(ခ်)တူး(ရွှေငါး) (၂၀၀၂) | ယာယီ | ၂၁၅ သိန်း | 2.4 ဓာတ်ဆီ |
| ၈။ | ဟွန်ဒါဖစ် (၂၀၁၁) | ယာယီ | ၁၃၀ သိန်း | |
| ၉။ | အပ်ကား (၂၀၁၆) | | ၉၃ သိန်း | |

# ပုသိမ်မြို့တွင် ILO ရန်ကုန်ရုံးခွဲမှ အလုပ်သမားဥပဒေနဲ့ ပတ်သက်၍ ဆွေးနွေး

ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (ARCCI) နှင့် ရန်ကုန်မြို့ရှိ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)နှင့် (ILO) ရန်ကုန်ရုံးခွဲမှ တာဝန်ရှိသူများက မြန်မာ အလုပ်သမား ဥပဒေများနဲ့ ပတ်သက်ပြီး မိတ်ဆက်ရှင်းလင်းခြင်း အခမ်းအနားကို စက်တင်ဘာ ၇ ရက်က ပုသိမ်မြို့ရှိ ARCCI ရုံးမှာ ကျင်းပခဲ့ပါတယ်။

အဆိုပါအခမ်းအနားသို့ ARCCI အသင်း၊ ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်၊ အတွင်းရေးမှူးဦးမောင်မောင်ဦး၊ ဘဏ္ဍာရေးမှူး ဒေါ်မြတ်မြတ်မိုး၊ ARCCI မှ အသင်းဝင်လုပ်ငန်းရှင်များ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် ကွန်ပျူတာပညာရှင်များ အသင်းတို့မှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကောင်းသန့်ရေသန့်စက်ရုံ၊ အိုမီဂါနာရီဆိုင်၊ ခေတ်ပုံလုပ်ငန်း၊ မြို့ပေါ်ရှိအခြား စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

ဆွေးနွေးပွဲတွင် စီးပွားရေးလုပ်ငန်းရှင်များအတွက် သိသင့်သိထိုက်သည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ မြန်မာအလုပ်သမားဥပဒေများနဲ့ ပတ်သက်၍ မိတ်ဆက်ရှင်းလင်းခြင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်ပါ စာချုပ် ချုပ်ဆိုခြင်း၊ အလုပ်တက်/ဆင်းချိန်နာရီသတ်မှတ်ခြင်း၊ အချိန်ပိုလုပ်ခ၊ အလုပ်သမားများရဲ့ အသက်အပိုင်းအခြား သတ်မှတ်ခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေး ကိစ္စရပ်များ၊ အလုပ်သမား အငြင်းပွားမှုဖြေရှင်းခြင်း၊ နစ်နာကြေးနှုန်းထားများ၊ လူမှုဖူလုံရေး စီမံကိန်းများ၊ တည်ဆဲအလုပ်သမား ဥပဒေများအရ လုပ်ခလစာ တွက်ချက်နည်းများ၊ အလုပ်ရှင်၊ အလုပ်သမားများရဲ့ တာဝန်နဲ့ အခွင့်အရေးများ၊ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များအား အသေးစိတ်ရှင်းလင်းခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**



## ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် ရှမ်းတောင် သစ်သီးဝလံအသင်းတို့ တွေ့ဆုံဆွေးနွေး

ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်တောင်ပိုင်း သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းတို့ တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာလ ၂ရက်တွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၊ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီးဌာန ဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီး၊ ပအိုဝ်း၊ ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးကော်မတီ အဖွဲ့ဝင်များနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ရှမ်းတောင် သစ်သီးဝလံ အသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ သီးနှံအစုအဖွဲ့ ဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ရှမ်းတောင် သစ်သီးဝလံအသင်း ဥက္ကဋ္ဌက အသင်း စတင်ဖွဲ့စည်းပုံ၊ လက်ရှိလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် ရှေ့ လုပ်ငန်းစဉ်များကိုလည်းကောင်း၊ သရက်၊ ထောပတ်၊ လက်ဖက်၊ အာလူး၊ ကော်ဖီနှင့် ပန်းမန်အစုအဖွဲ့ ဥက္ကဋ္ဌများက သက်ဆိုင်ရာ အစုအဖွဲ့အလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ အသင်းအစုအဖွဲ့များ၏ အားနည်းချက်၊ အားသာချက်၊ တွေ့ကြုံရသည့် အခက်အခဲများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြပါသည်။ တင်ပြချက်များအပေါ် ရှမ်း ပြည်နယ် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီး ကော်မတီဝင်များ၊ ဌာနဆိုင်ရာများမှ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**ခြူးခြူး (တောင်ကြီး)**

## ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (ARCCI) နဲ့ ထိုင်းနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံ

ဧရာဝတီတိုင်းဒေသကြီး အတွင်း စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး ထိုင်းနိုင်ငံနဲ့ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် ဧရာဝတီကုန်သည်များနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (ARCCI) အသင်းမှ ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်၊ အတွင်းရေးမှူး ဦးမောင်မောင်ဦး၊ မြို့ပေါ်နဲ့ ခရိုင်၊ မြို့နယ်များမှ အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပုသိမ်၊ မြောင်းမြ၊ ဟင်္သာတစက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင်များနဲ့ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး၊ နိုင်ငံတကာနှင့် ဆက်သွယ်နေတဲ့ ထိုင်းနိုင်ငံ ထိပ်သီး စီးပွားရေး လုပ်ငန်းရှင် ၃၀ ဦးတို့ဟာ စက်တင်ဘာ ပထမပတ်တွင် ပုသိမ်မြို့၊ မဟာဗန္ဓုလလမ်းရှိ ပုသိမ်ဟိုတယ်တွင် တိုင်းဒေသကြီးအတွင်း စီးပွားရေး လုပ်ငန်းများနဲ့ ပတ်သက်၍ တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရှိရပါတယ်။



ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးက မိမိတို့နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် ကူညီဆောင်ရွက်ပေးနိုင်မည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မည့် အခွင့်အလမ်းများနဲ့ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေထွက်ပစ္စည်း လုပ်ငန်းများ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ဘဏ်လုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်စွမ်းအင်ကဏ္ဍနဲ့ ဟိုတယ်ခရီးသွားလာမှု ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုရှိပြီး မိမိတို့မှ နည်းပညာပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုနဲ့ နိုင်ငံတကာဈေးကွက် ထိုးဖောက်နိုင်ရန်အတွက်သာမက နှစ်နိုင်ငံ ချစ်ကြည်ရင်း နှီးမှု ရရှိစေရန်နဲ့ ယုံကြည်မှုရရှိစေရန် ရည်ရွယ်၍ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ကြောင်း ပြောကြားပါတယ်။

ဆက်လက်၍ ARCCI အသင်း အတွင်းရေးမှူး ဦးမောင်မောင်ဦးက အောက်တိုဘာ (သို့မဟုတ်) နိုဝင်ဘာလမှာ ရန်ကုန်မြို့ရှိ ထိုင်းနိုင်ငံ သံရုံးတွင် ARCCI အသင်းမှ ဦးဆောင်၍ ဧရာဝတီတိုင်း ဒေသထွက်ကုန်များကို ထိုင်းနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ခေါ်ပြသမှာဖြစ်ကြောင်း၊ ပြပွဲတွင် လက်ရှိ ပြည်ပဈေးကွက်သို့ ရောင်းချနေတဲ့ ကုန်စည်များနဲ့ လိုအပ်ပါက ထုတ်ကုန် အရည်အသွေး တိုးမြှင့်ရေး၊ နိုင်ငံတကာ ဈေးကွက် ဝေစုရရှိစေရန် ထပ်မံညှိနှိုင်း ဆွေးနွေးရန် စီစဉ်ထားပြီး လက်ရှိ ဧရာဝတီတိုင်း ဒေသကြီးမှ ပြည်ပသို့ တင်ပို့နေတဲ့ ဆန်နှင့် ဆန်ထွက်ပစ္စည်းများ၊ ပဲအမျိုးမျိုး၊ ရေထွက်ကုန်ပစ္စည်းများ၊ နှစ်ရှည်သီးနှံနဲ့ အခြားစီးပွားရေးလုပ်ငန်းများ၊ ပြည်ပဈေးကွက်ဝင် လက်မှုလုပ်ငန်းများကို စီးပွားရေး အမျိုးအစားအလိုက် ရှင်းလင်းပြသခဲ့ကြောင်း သိရပါတယ်။

ထို့ပြင် ထိုင်းနိုင်ငံ စီးပွားရေး လုပ်ငန်းရှင်များ၊ ဧရာဝတီတိုင်းဒေသကြီးမှ စီးပွားရေး လုပ်ငန်းရှင်များ အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး ထိုင်း နိုင်ငံမှ ထွက်ကုန်များကိုလည်း ၂၀၁၇ ခုနှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီး၌ ကုန်စည်ပြပွဲများ ပြုလုပ်ပြသနိုင်ရန်လည်း စီစဉ်ဆောင်ရွက်ထားရှိကြောင်း ပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

**မင်းမင်းဦး**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၁၂-၉-၂၀၁၆ မှ ၁၈-၉-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လယ်ယာကိုင်းကျွန်းထွက်ကုန်ပစ္စည်းများ အကျိုးပေးတတ်ပါသည်။ ပညာရေးတွင် ခက်ခဲမှုနှင့်ပင်ပန်းမှုတို့ဖြစ်ပေါ်စေ တတ်ပါသည်။ ကျန်းမာရေးတွင် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်လက်မအိမသာဖြစ်ခြင်းစသည်တို့သတိပြုသင့်ပါသည်။ အချစ်ရေးတွင် အလိုလိုက်၍ အကြိုက်ဆောင်သူနှင့်ချစ်သူဖြစ်ရမည်။ အိမ်ထောင်ရှိပြီးသူဖြစ်လျှင် အိမ်ထောင်ဖက်နှင့် သားသမီးများ ဘဝသာယာရေးကို ဦးစားပေးနေရတတ်ပါသည်။ **ယတြာ။ ။ ဆီမီးပူဇော်၍ လိုရာဆုတောင်းပါ။**



**တနင်္လာသားသမီးများအတွက်** ဆရာသမားအကြီးအကဲများကူညီမှုကြောင့် အောင်မြင်မှုများရရှိတတ်ပါသည်။ စက်မှုလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းများ အကျိုးပေးပါသည်။ အချစ်ရေးမညံ့ပါ။ အိမ်ထောင်ဖက်၏ ကြင်နာမှုကိုရရှိလိမ့်မည်။ ပညာရေးတွင် ရည်မှန်းချက် များထားရှိထားသောကြောင့် ကြိုးစားနေရတတ်ပါသည်။ ကျန်းမာရေးတွင် ဝမ်းချုပ်တတ်ခြင်းကြောင့်လေထိုးလေအောင့်ဖြစ်ခြင်းအူကျခြင်းတို့ကို သတိပြုသင့်ပါသည်။ **ယတြာ။ ။ဘုရားတွင် ဂုဏ်တော်ကိုးပါးရွတ်ဆိုပူဇော်ပါ။**



**အင်္ဂါသားသမီးများအတွက်** လုပ်ငန်းတစ်ခုအတွက် အကောင်းအဆိုးကိုရွေးချယ်ပြီးမှ လုပ်ကိုင်ဆောင်ရွက်တတ်ပါသည်။ ပညာရေးတွင် အခက်အခဲကို အမှုမထားဘဲ အောင်မြင်မှုရရှိဖို့ ကြိုးစားနေရတတ်ပါသည်။ အချစ်ရေးတွင် ချစ်ခင်ကြင်နာစိတ် ပိုနေတတ်သည်။ ကျန်းမာရေးအနေဖြင့် မျက်စိမှုန်ခြင်း၊ ဒူးဆစ်ရောင်ယမ်းခြင်းတို့ကို သတိပြုသင့်ပါသည်။ **ယတြာ။ ။ဘုရားတွင်သကြားသာကူကပ်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျှင်တိုးတက်မှုများ၊ အမြတ်အစွန်းများ ရရှိတတ်ပါသည်။ ပညာရေးတွင် ယုံကြည်မှုများ အပြည့်အဝထားရှိလျှင် အောင်မြင်မှုများရရှိလိမ့်မည်။ အချစ်ရေးတွင် ချစ်တိုင်းမညား ညားတိုင်း မချစ်ဆိုသော စကားဖြစ်နေတတ်သည်။ ကျန်းမာရေးအနေဖြင့် ဆီးကျဉ်၊ ဆီးပူခြင်း၊ ဆီးလမ်းကြောင်း ပိတ်ဆို့ခြင်း၊ ဆီးချိုသွေးချိုစသော ဝေဒနာ ခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။ **ယတြာ။ ။ အရည်ရွှမ်းသော သစ်သီးကိုးမျိုးလှူဒါန်းပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးတွင် အောင်မြင်မှုရမည်။ ပညာရေးတွင် ထက်မြက်စူးရှသော အတွေးအခေါ် အသိဉာဏ်တို့သည် ပညာရေးကို ကံကောင်းစေတတ်ပါသည်။ အချစ်ရေးတွင် ချစ်ရသောချစ်သူကိုချစ်ပါလျက်နှင့်ကျောခိုင်းရတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အစားအသောက်ဆင်ခြင်မှုအားနည်းသောကြောင့်ဖြစ်တတ်သောရောဂါ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ဝမ်းကိုက်ခြင်းတို့ကိုသတိရှိသင့်ပါသည်။ **ယတြာ။ ။ဘုရားတွင်ပန်း၊ ရေချမ်းကပ်လှူပေးပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးနှင့်ငွေကြေးကုသိုလ်ကံဆိုးတတ်ပါသည်။ စီးပွားရေးတွင် လျှပ်စစ်ပစ္စည်း၊ ဇိမ်ခံပစ္စည်းတို့ကို ရောင်းဝယ်လုပ်ကိုင်ပါက အောင်မြင်မှုများရရှိမည်။ ပညာရေးအတွက်အားရစရာကောင်းပါသည်။ အချစ်ရေးတွင် ချစ်သူနှစ်ဦးအဆင်ပြေမည့် အချိန်ကာလဖြစ်နေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အဆုတ်အအေးမိခြင်း၊ ဖျားနာခြင်းရောဂါရတတ်သည်။

**ယတြာ။ ။ ဘုရား၊ ရဟန္တာတို့အား သစ်သီးကပ်လှူပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးတွင် ဇိမ်ခံပစ္စည်း ရွှေငွေကျောက်မျက်ရတနာလုပ်ငန်းများ အကျိုးပေးပါသည်။ ပညာရေးအတွက် ကံကောင်းမှုများရှိနေတတ်ပါသည်။ အချစ်ရေးတွင် အချစ်ကြီး၍ အမျက်ကြီးရတတ်သည်။ ကျန်းမာရေးတွင် ခေါင်းမူး၊ ခေါင်းကိုက်၊ ဇက်ကြောတတ်ဝေဒနာခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ ။ သက်ကြီးရွယ်အို အားဆေးဝါးလှူဒါန်းပါ။**

## ➲ စာမျက်နှာ ၈ Walmart စူပါမားကက်ကို တည်ထောင်ဖန်တီးသူ ဆောင်းပါးမှအဆက်

ဆမ်ဝေါ်လ်တန် ရင်ဆိုင်ခဲ့ရသော အမှန်တရားမှာ Ben Franklin လုပ်ငန်းခွဲပိုင်ရှင်အားလုံးသည် ယင်းစတိုးဆိုင်များ၏ ကုန်ပစ္စည်းများကို Butler Brother ကုမ္ပဏီက အနည်းဆုံး ရာခိုင်နှုန်း ၈၀ ဝယ်ယူနိုင်ရန် မျှော်လင့်ခဲ့ကြသည်။ ယင်းကုန်ပစ္စည်းများသည် ဈေးမပေါလှချေ။ Butler က ၎င်း၏ လုပ်ငန်းခွဲများကို သတ်မှတ်ထားသော ဈေးနှုန်းပေါ်တွင် မတန်တဆ အမြတ် ၂၅ ရာခိုင်နှုန်းရသောကြောင့် မတန်တဆ အမြတ်တင်ထားမှုကို သူတွေ့မြင်ရသောအခါ စိတ်မကောင်းဖြစ်ရသည်။ ထို့ကြောင့် ဝေါ်လ်တန်သည် သူ့ကုန်စည်များ ဝယ်ရန် ဒေသဆိုင်ရာ ကုန်ထုတ်လုပ်သူများထံသို့ တိုက်ရိုက်သွားရန် ကြိုးပမ်းခဲ့သည်။ သို့သော် သူတို့အများစုက Butler Brother ၏ အမျက်ဒေါသသင့်မှာကို ကြောက်ရွံ့နေကြသည်။ ဤသည်ကြောင့် ဝေါ်လ်တန်သည် သူ့ဒေသနှင့် အလှမ်းဝေးသော မစ်ဆိုးရီနှင့်ဘန်နက်ဆီသို့ သွားရောက်ကာ ဈေးပေါပေါ ရနိုင်သော ကုန်ပစ္စည်းများဝယ်ရန် သွားခဲ့သည်။ ဤသို့ဖြင့် သူသည် သူ့ကုန်ကျစရိတ်ကိုလျှော့ချပြီး စားသုံးသူများကို သက်သာစေခဲ့သည်။ ဤသို့ဖြင့် သူ့ အရောင်းပမာဏ မြင့်တက်လာခဲ့သည်။

ငါးနှစ်အကြာတွင် သူ့စတိုးဆိုင် ငှားရမ်းမှု သက်တမ်းကုန်ဆုံး ခဲ့ရသည်။ သည့်နောက် ဒုတိယ စတိုးဆိုင်အတွက် နေရာရွေးပြီး ဖွင့်လှစ်ခဲ့သည်။ ယင်းစောစောပိုင်း စတိုးဆိုင်များသည် ယနေ့ခေတ် စူပါမားကက်များနှင့် အနည်းငယ်ဆင်တူကြသည်။ ဖောက်သည်ဝန်ဆောင်မှုမြင့်လာသော အဆင့် သတ်မှတ်မှုများဖြင့် ယင်းစတိုးဆိုင်များကို ဂန္ထဝင် 'ကုန်မျိုးစုံဆိုင်' ဟု သတ်မှတ်ခဲ့ကြသည်။ ယင်းဆိုင် များမှ စာရေးများသည် မီးဖိုချောင်သုံးပစ္စည်းများမှ ကော့စမတ်တစ် အလှကုန်ပစ္စည်းများအထိ ကုန်စည်အမျိုးအစားများကို ဖောက်သည်များ ရွေးချယ်ရာတွင် အကူအညီပေးကြသည်။

၁၉၆၀ ပြည့်နှစ်များ၏ စောစောပိုင်းကာလတွင် ကိုယ်တိုင်ယူ ငွေရှင်းစနစ်လက်လီအရောင်းပုံစံသည် အမေရိကန်ပြည်ထောင်စု၏ ဒေသအချို့တွင် စတင်ပေါ်ပေါက်ခဲ့သည်။ ဆမ်ဝေါ်လ်တန်သည် တစ်ညလုံးဘတ်စ်ကားစီးပြီး ကိုယ်တိုင်ယူ ငွေရှင်းစနစ်သုံးစတိုးဆိုင်များကို ကြည့်ရှုခဲ့သည်။ ယင်းရောင်းချမှု မော်ဒယ်ပုံစံကိုအတုယူပြီး တိုး တက်အောင် ဆောင်ရွက်ရန် သူဆုံးဖြတ်ခဲ့သည်။

Made in America နာမည်ရှိ ဆမ်ဝေါ်လ်တန်၏ ကိုယ်တွေ့မှတ်တမ်းစာအုပ်တွင် ဝေါ်လ်တန်၏ ဇနီးဖြစ်သူ ဟယ်လင်က ဝေါ်လ်တန်၏ အရေးကြီးဆုံး အလုပ်နှင့် ပတ်သက်သော အလေ့အထတစ်ခုမှာ "လမ်းကိုဖြတ်ရင် ယှဉ်ပြိုင်ဖက်တွေနဲ့ ပတ်သက်လို့ ဆမ် တွေ့ရှိတဲ့အခါ သူအစဉ်အမြဲ လုပ်တာက သူ့ဈေးနှုန်းတွေကိုကြည့်တယ်။ သူ့ဆိုင်အခင်းအကျင်း တွေကို လေ့လာတယ်။ သူ ဘာပိုမိုကောင်းမွန်တဲ့ အလုပ်လုပ်ဖို့ နည်းလမ်းတစ်ခုကို အစဉ်အမြဲရှာဖွေနေတာပဲ " ဟူ၍ ဖော်ပြခဲ့သည်။

ယင်းသည် ဝေါ်လ်တန်၏ စွန့်စားခန်းကြီးပင် ဖြစ်သည်။ ဤသို့ဖြင့် သူသည်အကောင်းဆုံး အိုင်ဒီယာများ၏ သော့ချက်ကိုရရှိခဲ့သည်။ ငယ်ရွယ်သော ဆမ်ဝေါ်လ်တန်၏ အစောပိုင်းစီးပွားရေး လုပ်ဆောင်သည့် ကာလများတွင် သူသည် ပြေးလွှားနေရသည်။ လက်ထဲတွင် မှတ်စုစာအုပ်ကိုင်ထားပြီး ယှဉ်ပြိုင်ဘက်များထံမှ လေ့လာနေရ သည်။ ရရှိသော အကောင်းဆုံးအိုင်ဒီယာများကို ယှဉ်ပြိုင်ဘက်များထံက ရယူခဲ့သည်ဟု သူဝန်ခံခဲ့သည်။

"ကျွန်တော်လုပ်တဲ့အရာတိုင်းကို တစ်စုံတစ်ဦးဆီက အတုယူ မှီငြမ်းပြီး ဆောင်ရွက်ခဲ့တာပါ။ လျှော့ဈေးပေးတဲ့ ရောင်းချရုံးချုပ်တွေကို ကျွန်တော်လည်းပတ်ခဲ့ပါတယ်။အမြဲလိုပါပဲ။ ဈေးနှုန်းသတ်မှတ်ခြင်းနဲ့ ဖြန့်ဖြူးရောင်းချခြင်း အပါအဝင် ဘာပဲဖြစ်ဖြစ်ပေါ့။ ကျွန်တော် မေးခွန်း အများကြီး မေးမြန်းခဲ့ပါတယ်။ ဒီနည်းလမ်းနဲ့ပဲ ကျွန်တော် အများကြီး လေ့လာ သိရှိခဲ့ရပါတယ်"

(Ref: What the best CEOs do by Jeffrey A-Krames)

## ➲ စာမျက်နှာ ၁၂ အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာ သိကောင်းစရာများ ဆောင်းပါးမှအဆက်

မြန်မာနိုင်ငံ အပါအဝင် အာဆီယံနိုင်ငံများ၏ မဟာဗျူဟာမြောက် လုပ်ငန်းစဉ်များတွင် အကောင်အထည် ဖော်ဆောင်ရွက်ရမည့် ဘာသာရပ် အလိုက်၊ ကဏ္ဍအလိုက် လိုက်ပါ ဆောင် ရွက်ရမည့် လုပ်ငန်းစဉ် (measures) စုစုပေါင်း ၆၁၁ ခုတွင် မြန်မာနိုင်ငံမှ လိုက်ပါဆောင်ရွက်ရမည့် လုပ်ငန်းစဉ် ၆၁၀ ခုအနက် အကောင်အထည်ဖော် ပြီးစီးမှုမှာ ၈၃ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး၊ လုပ်ငန်းစဉ်အရေအတွက် ၅၀၈ ခုကို လိုက်ပါဆောင်ရွက်နိုင်ခဲ့ပါသည်။

အကောင်အထည်ဖော် ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းစဉ် ၁၀၂ ခုတွင် အားနည်းနေသည့် နယ်ပယ်များမှာ ဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာ နယ်ပယ်၊ အကောက်ခွန် ပေါင်းစည်းရေးဆိုင်ရာ နယ်ပယ်၊ စံချိန်စံညွှန်း နယ်ပယ်၊ ပို့ဆောင်ရေးနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာ နယ်ပယ်များ ပါဝင်ပါသည်။ ဤကဲ့သို့ အကောင်အထည်ဖော်ရန် ကျန်ရှိနေသည့် လုပ်ငန်းစဉ်များမှာ အခြားအာဆီယံ အဖွဲ့ဝင်နိုင်ငံများ နည်းတူစာချုပ်နှင့် အခြေပြုစာချုပ်များအား အပြီးမသတ်နိုင်ခြင်း၊ စာချုပ်များကို လက်မှတ်ရေး ထိုးရန် နှောင့်နှေးခြင်းနှင့် လက်မှတ်ရေးထိုးပြီး စာချုပ်များအား အသိအမှတ် ပြုလုပ်ရန် နှောင့်နှေးခြင်း အကြောင်းများလည်း ပါဝင်ကြောင်း ယေဘုယျ သုံးသပ် တွေ့ရှိရပါသည်။

အာဆီယံ စီးပွားရေး အသိုက်အဝန်း ၂၀၁၅ အပြီး၊ အာဆီယံ စီးပွားရေး အသိုက်အဝန်း ၂၀၂၅ ၏ Blueprint ကို အာဆီယံ ထိပ်သီးအစည်းအဝေးတွင် အတည်ပြုခဲ့ပြီးဖြစ်ရာ၊ ၎င်းကို အကောင်အထည်ဖော် ဆောင်ရွက်မည့် မဟာဗျူဟာ လုပ်ငန်းစဉ် (Strategic Action Plan-SAP) ၂၀၂၅ ကို အာဆီယံတွင် ညှိနှိုင်း ဆွေးနွေးလျက်ရှိပါသည်။

အာဆီယံ စီးပွားရေး အသိုက်အဝန်း ၂၀၂၅ တွင် သွင်ပြင်လက္ခဏာ ငါးရပ်အောက်မှ မဟာဗျူဟာ ဆောင်ရွက်ချက်များ ပါဝင်ပါသည်။ ၎င်းတို့မှာ - ပေါင်းစည်း ညီညွတ်မှု မြင့်မားသော စီးပွားရေး ဒေသ၊ ယှဉ်ပြိုင်နိုင်စွမ်း ရှိသော၊ ဆန်းသစ် တီထွင်သော၊ အရှိန်အဟုန်ဖြင့် တိုးတက်သော အာဆီယံဒေသ၊ ပေါင်းစည်း ဆက်သွယ်မှုနှင့် ကဏ္ဍဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု မြင့်မားသော အာဆီယံဒေသ၊ ကြံ့ကြံ့ခံနိုင်စွမ်းရှိသော အားလုံး ပူးပေါင်း ပါဝင်သည့် ပြည်သူ ဦးစားပေး၍ ပြည်သူဗဟိုပြုသော အာဆီယံဒေသနှင့် ကမ္ဘာလုံးဆိုင်ရာ အာဆီယံဒေသ ဖြစ်ပေါ်လာရေး၊ လာမည့် ဆယ်စုနှစ် (အေအီးစီ ၂၀၂၅) ၏ စီးပွားရေး ပေါင်းစည်းနိုင်မှုဆိုင်ရာ ကြိုးပမ်းချက်များမှာ အငယ်စား၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုးမြှင့်ဆောင်ရွက်ရန်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရန်၊ အီလက်ထရောနစ် အခြေပြု စီးပွားရေး အခြေခံတစ်ခုအဖြစ် အထောက်အပံ့ပေးရန်၊ ကောင်းမွန်သော စီမံအုပ်ချုပ်မှုများကို တိုးမြှင့်ပေးနိုင်ရန်နှင့် ပတ်ဝန်းကျင် စိမ်းလန်းမည့် နည်းပညာ အသုံးပြုမှုများကို အထောက်အပံ့ပြုစေရန် ဒီဂျစ်တယ် နည်းပညာများ ပေါ်ထွက်လာစေရေးတို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံ စီးပွားရေး အသိုက်အဝန်း ၂၀၁၅ တွင် လိုက်ပါဆောင်ရွက်နိုင်ခဲ့မှုများ၏ အားနည်းချက်၊ အားသာချက်များအား နမူနာယူ၍ အာဆီယံ စီးပွားရေး အသိုက်အဝန်း ၂၀၂၅ သို့ အောင်မြင်စွာ တက်လှမ်းနိုင်ရေး ဆက်လက် ကြိုးပမ်း ဆောင်ရွက်သွား ကြမည် ဖြစ်ပါသည်။ အာဆီယံ စီးပွားရေး အသိုက်အဝန်း ၂၀၂၅ ၏ သွင်ပြင် လက္ခဏာများတွင် ၂၀၁၅ခုနှစ်နှင့် သဘောထား တူညီသော်လည်း သိသာစွာ ထူးခြားချက်မှာ ကြံ့ကြံ့ခံနိုင်စွမ်းရှိသော အားလုံးပူးပေါင်း ပါဝင်သည့် ပြည်သူ ဦးစားပေး၍ ပြည်သူဗဟိုပြုသော အာဆီယံဒေသဟူသည့် ကဏ္ဍရပ်ပါဝင်လာသည့်အတွက် ပြည်သူများ၊ အစိုးရဌာနများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များအနေဖြင့် ပိုမိုပူးပေါင်း ဆောင်ရွက်မှုများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများကို ဆထက်ထမ်းပိုး တိုး၍ ဆောင်ရွက်နိုင်ကြစေရန် အသိပညာ မျှဝေ တင်ပြလိုက်ပါသည်။



## မြို့ကြီးများ၏ ၁၂-၉-၂၀၁၆ မှ ၁၆-၉-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၂-၉-၂၀၁၆) | အင်္ဂါ(၁၃-၉-၂၀၁၆) | ဗုဒ္ဓဟူး(၁၄-၉-၂၀၁၆) | ကြာသပတေး(၁၅-၉-၂၀၁၆) | သောကြာ(၁၆-၉-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | ၇၀% ၂၉°C/၈၄°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F |
| ရန်ကုန်မြို့ | ၈၀% ၃၀°C/၈၆°F | ၆၀% ၃၀°C/၈၆°F | ၈၀% ၃၁°C,[illegible] | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၄°F |
| မန္တလေးမြို့ | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F | ၅၀% ၃၁°C/၈၈°F | ၃၀% ၃၂°C/၈၉°F | ၅၀% ၃၂°C/၉၀°F |
| မြစ်ကြီးနား | ၆၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၇၀% ၂၉°C/၈၄°F | ၅၀% ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F |
| လားရှိုး | ၈၀% ၂၆°C/၇၈°F | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၃°F |
| ကျိုင်းတုံ | ၅၀% ၂၇°C/၈၁°F | ၆၀% ၂၈°C/၈၂°F | ၆၀% ၂၉°C/၈၅°F | ၅၀% ၂၉°C/၈၄°F | ၆၀% ၂၈°C/၈၃°F |
| လွိုင်ကော် | ၈၀% ၂၅°C/၇၇°F | ၈၀% ၂၆°C/၇၈°F | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၇°C/၇၈°F |
| တောင်ကြီး | ၇၀% ၂၂°C/၇၂°F | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၄°C/၇၆°F | ၈၀% ၂၅°C/၇၇°F | ၆၀% ၂၅°C/၇၇°F |
| မော်လမြိုင် | ၆၀% ၂၉°C/၈၄°F | ၅၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F |
| ဘားအံ | ၇၀% ၂၉°C/၈၄°F | ၅၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F |
| တောင်ငူ | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၇°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၂၉°C/၈၅°F |
| မုံရွာ | ၈၀% ၃၀°C/၈၆°F | ၆၀% ၃၀°C/၈၆°F | ၆၀% ၃၁°C/၈၈°F | ၆၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၉၀°F |
| ပုသိမ် | ၈၀% ၃၀°C/၈၇°F | ၈၀% ၃၀°C/၈၇°F | ၈၀% ၃၀°C/၈၇°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F |
| မြိတ် | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၃°F |
| စစ်တွေ | ၅၀% ၂၉°C/၈၄°F | ၅၀% ၂၉°C/၈၄°F | တိမ်အသင့်အတင့် ၂၉°C/၈၅°F | တိမ်အသင့်အတင့် ၃၀°C/၈၆°F | ၅၀% ၃၀°C/၈၆°F |
| မကွေး | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F |
| ဖလမ်း | ၈၀% ၂၀°C/၆၈°F | ၈၀% ၂၂°C/၇၁°F | ၈၀% ၂၂°C/၇၁°F | ၈၀% ၂၃°C/၇၃°F | ၈၀% ၂၃°C/၇၃°F |



## တိဗက်တွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် အိန္ဒိယနှင့် နီပေါနိုင်ငံတို့တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်လျက်ရှိ

ဟိမဝန္တာတောင်တန်းတွင် တည်ရှိနေသည့် တိဗက်ဒေသတွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် အိန္ဒိယနှင့် နီပေါနိုင်ငံတို့တွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်လာမည်ကို စိုးရိမ်နေကြကြောင်း အိန္ဒိယနှင့်နီပေါနိုင်ငံတို့မှ တာဝန်ရှိသူများက ပြောကြားလျက်ရှိသည်။

ယခုအခါတွင် တိဗက်ဒေသတစ်ဝန်းတွင် မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိပြီး ရေလွှမ်းမိုးမှုများဖြစ်ပွားလျက်ရှိကြောင်း၊ အဆိုပါဒေသတွင်ရှိသည့် မြစ်ချောင်းများ၊ ရေလှောင်ကန်များ ရေလျှံမှုကြောင့် ရေလွှမ်းမိုးမှုများသည် တိဗက်ဒေသအောက်ဘက်ရှိ နိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့အတွက် စိုးရိမ်စရာပင်ဖြစ်နေကြောင်း တရုတ်နိုင်ငံ၏ သတင်းထုတ်ပြန်ချက်များအရသိရသည်။

ထို့ပြင် အဆိုပါဖြစ်ရပ်များကြောင့် တိဗက်ဒေသရှိ ရေခဲပြင်များ အရည်ပျော်ကာ ပေါက်ကွဲထွက်လာနိုင်သဖြင့် ပိုမိုစိုးရိမ်ရကြောင်း၊ အဆိုပါ ရေခဲမြစ်များ အရည်ပျော်ကာ ပေါက်ကွဲထွက်လာမှုသည် အချိန်မရွေး ဖြစ်ပေါ်လာနိုင်မှုများကြောင့် နီပေါနိုင်ငံရှိ မြစ်များတွင် ရေများလျှံတက်ကာ ရေလွှမ်းမိုးမှုများဖြစ် ပေါ်လာနိုင်သကဲ့သို့ အိန္ဒိယနိုင်ငံရှိဗြဟ္မပုတ္တရမြစ်တွင်လည်း မြစ်ရေလျှံတက်မှုများဖြစ်ပေါ်လာနိုင်ကြောင်းအိန္ဒိယနိုင်ငံ၏ ပြည်တွင်းရေကြောင်းကျွမ်းကျင်သူ မစ္စတာရာဒက်ဗ်က ပြောကြားခဲ့သည်။

နီပေါနိုင်ငံ မြောက်ပိုင်းဒေသသည် တိဗက်ဒေသနှင့် ထိစပ်နေသည့် ဒေသဖြစ်ပြီး အဆိုပါဒေသသည်ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်မေလအတွင်းက အင်အားပြင်းငလျင်လှုပ်ခတ်မှုများကြောင့် အပျက်အစီးများစွာနှင့် ကြုံတွေ့ခဲ့ရသည့် ဒေသတစ်ခုဖြစ်သည်။

"၂၀၀၈ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ ကိုစီ သဘာဝဘေးအန္တရာယ်ကို မေ့လို့မရသေးပါဘူး။ အတိတ်ကဆိုပေမယ့် အခုအထိ သတိရနေပါသေးတယ်။ အထက်က ရေစီးကြောင်းတွေကြောင့် ကိုစီးမြို့လေးက မြို့သူမြို့သားတွေအားလုံးကို ပြောင်းရွှေ့ပေးခဲ့ရသလို မြို့တစ်ခုလုံး ရေအောက်ကိုရောက်သွားခဲ့တယ်။ လူတွေက ဘီဟာလို့ပဲသိကြတဲ့နေရာပါ။ အဲဒီဘီဟာ ရေလွှမ်းမိုးမှုဟာ ကိုစီမြို့လေး ပျောက်သွားတဲ့အထိဖြစ်ခဲ့ရပါတယ်"ဟု မစ္စတာရာဒက်ဗ်က ပြောကြားခဲ့သည်။

**မယ်သီတာ**

## စပိန်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းပြီးနောက် မုန်တိုင်းဝင်ရောက်တိုက်ခတ်ရန် အစပျိုးနေ

စပိန်နိုင်ငံမြောက်ပိုင်းရှိ ပြည်နယ် ၁၂ခုတွင် အပူလှိုင်းဖြတ်သန်းမှုများကြောင့် စပိန်နိုင်ငံ တစ်ဝန်းလုံးတွင် အပူချိန်များ မြင့်တက်လျက်ရှိရာ တစ်နိုင်ငံလုံးတွင် အပူချိန်မှာ ၃၅ ဒီဂရီဆဲလ်ဆီးယပ်စ်မှ ၄၀ ဒီဂရီဆဲလ်ဆီးယပ်စ်သို့ ရောက်ရှိခဲ့ကြောင်း ဒေသတွင်းသတင်းများတွင် ဖော်ပြထားသည်။

စပိန်နိုင်ငံမြောက်ပိုင်းရှိ ပြည်နယ် ၁၂ ခုတွင် နွေရာသီကာလဖြစ်သည့် ဩဂုတ် ဒုတိယပတ်မှ အောက်တိုဘာလအထိအတွင်း အပူလှိုင်းများဖြတ်သန်းမည်ဟု စပိန်နိုင်ငံမိုးလေဝသဌာနက သတင်းထုတ်ပြန်ထားသည်။

ယခုစက်တင်ဘာ ပထမပတ်အတွင်းမှစ၍ စပိန်နိုင်ငံတွင် အပူလှိုင်းများ ဖြတ်သန်းနေမှုကြောင့် ပြည်သူအများစုမှာ ကမ်းခြေများ၊ ရေကန်များတွင်သာ စုဝေးနေထိုင်လျက်ရှိကြောင်း၊ အထူးသဖြင့် ဗယ်လင်စီယာ၊ အန်ဒါလူစီယာနှင့် အိတ်စ်ထရာမန်ဒူရာပြည်နယ်တို့တွင် အပူချိန်မှာ ၄၀ ဒီဂရီဆဲလ်ဆီးယပ်စ်သို့ မြင့်တက်လာခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အပူချိန်များ မြင့်တက်ရခြင်းမှာ စပိန်နိုင်ငံအရှေ့တောင်ပိုင်းမြေထဲပင် လယ်ကမ်းခြေဒေသရှိ ဘယ်လင်ကာ သစ်တောအတွင်း တောမီးများလောင်ကျွမ်းမှုကြောင့် ဖြစ်ရကြောင်း စပိန်နိုင်ငံထုတ် သတင်းများတွင်ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောဧကပေါင်း ၂၀၀၆ ဧက ပျက်စီးခဲ့ရသည်ဟု ဆိုသည်။

အပူလှိုင်း ဖြတ်သန်းမှုများကြောင့် စပိန်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲများအနက် ရီးရဲလ်မက်ဒရစ်နှင့် ဆဲလ်တာဗီဂိုတို့ ယှဉ်ပြိုင်ကစားကြမည့်ပွဲစဉ်များကို ရွှေ့ဆိုင်းဖွယ်ရှိခဲ့သော်လည်း ထိုနေ့က အပူချိန်မှာ ၃၂ ဒီဂရီဆဲလ်ဆီးယပ်စ်သို့ ကျဆင်းသွားသဖြင့် ပြိုင်ပွဲကိုကျင်းပခဲ့သည်ဟုဆိုသည်။

သို့သော် အဆိုပါအပူလှိုင်းသည် စက်တင်ဘာ ၈ ရက်တွင် အမြင့်ဆုံးစံချိန်ကို ရောက်ရှိခဲ့ပြီးနောက် မုန်တိုင်းများဖြစ်ပေါ်ရန် အစပျိုးလာခဲ့သဖြင့် အပူချိန်များ ပြန်လည်ကျဆင်းလာခဲ့သည်ဟုဆိုသည်။ စပိန်နိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းလျက်ရှိပြီး မုန်တိုင်းကျရောက်တော့မည့် အသွင်သဏ္ဍာန်များ ဖြစ်ပေါ်လျက်ရှိသည်ဟု ဆိုသည်။

**မယ်သီတာ**

# အသွင်ပြောင်းပဲဆီ တင်သွင်း/ ဖြန့်ဖြူး/ စားသုံးခြင်းကို ရှောင်ကြဉ်ကြဖို့

|ခွန်မင်းသန့်|










တရုတ်-မြန်မာ နယ်စပ်မှတစ်ဆင့် မြန်မာနိုင်ငံသို့ တရုတ်နိုင်ငံမှ စားသောက်ကုန်ပစ္စည်း အမျိုးမျိုး ဝင်ရောက်လျက်ရှိရာ စားသုံးရာမှာ အရေးအကြီးဆုံးဖြစ်တဲ့ မီးဖိုချောင်သုံး စားသုံးဆီသည်လည်း တရားမဝင် နည်းလမ်းမျိုးစုံနဲ့ ဝင်ရောက်တာကို သိရှိနေရပါတယ်။

တရုတ်နိုင်ငံမှ တရားမဝင် ဝင်ရောက်နေသည့် စားသုံးဆီ အမျိုးမျိုးရှိသော်လည်း အဓိက ဝင်ရောက်နေသည့် ဆီအမျိုးအစား နှစ်မျိုးရှိတယ်လို့ သိရှိရပါတယ်။ ၎င်းဆီအမျိုးအစားများမှာ တရုတ်အခေါ် တာ့တုံးယုံ့နဲ့ ရှောက်မိုင်း ယန့်ဆီများ ဖြစ်ကြပါတယ်။ တာ့တုံးယုံ့ဆီက ၁၁၅ ပိဿာခန့်ဆံ့သည့် သံပေပါများဖြင့် ဝင် ရောက်ပြီး၊ ရှောက်မိုင်းယန့်ဆီက တစ်ပိဿာခန့် ဆံ့သည့် ပလပ်စတစ်အကြည်ဘူး၊ သုံးပိဿာခန့်ဆံ့တဲ့ လက်ကိုင်ကိုင်းပါ ပလပ်စတစ်အကြည် ဘူးများကို ဂျုပ်ဖာများတွင်ထည့်၍ သယ်ဆောင်ပြီး ဝင်ရောက်လာတယ်လို့ သိရှိရပါတယ်။ ၎င်းဆီများကို တရုတ်နိုင်ငံ ဆီစက်များရှိ ဘေးထွက်မြောင်းများမှ ဘေးထွက်ဆီများနဲ့ စားသောက်ဆိုင်များမှ စားကြွင်းစားကျန်များအား စုစည်း၍ ကန်ကြီးများထဲတွင် သိုလှောင်ထားကြပြီးမှ ပြန်လည်ဆယ်ယူ သန့်စင်ထားတဲ့ (Recycle) ပြုလုပ်ထားတဲ့ ဆီများ ဖြစ်တယ်လို့ သိရှိရပါတယ်။ ၎င်းဆီကို မြောင်းဆီလို့ အလွယ်တကူ ခေါ်ဆိုကြသလို ပြန်လည်သန့်စင်ထားတဲ့ ဒီဆီကို အရောင်ကြည်ရန်အတွက် ချွတ်ဆေးများ အသုံးပြုထားပြီး ဓာတုပစ္စည်းများနဲ့ ရောစပ်ထားတယ်လို့ သိရှိရပါတယ်။ ၎င်းဆီကို မြေပဲဆီနံ့ထွက်တဲ့ ဓာတုဆေး ထည့်လိုက်ပါက မြေပဲဆီနံ့ထွက်ရှိပြီး၊ အရောင်မှာ မြေပဲဆီကဲ့သို့ ကြည်လင်ပြီး ရာသီဥတု ဘယ်လောက်အေးအေး ဆီမခဲသွားကြောင်း သိရှိရပါတယ်။ မိမိတို့ငယ်စဉ်က လူကြီးမိဘများ ပြောစကားအရ ဆောင်းတွင်းတွင် ဆီမခဲပါက ပဲဆီအစစ်ဖြစ်ပြီး၊ ဆီခဲလျှင် စားအုန်းဆီဖြစ်တယ်လို့ မှတ်သားဖူးပါတယ်။ ယခု ၎င်းဆီများမှာ ရာသီဥတု အေးသော်လည်း ဆီခဲသွားခြင်း မရှိသည့်အတွက် စားသုံးသူများက ပဲဆီအစစ်ဟု ထင်မြင်နေကြပါတယ်။ ၎င်းဆီကို အခြားဆီများနှင့် ရောစပ်ထားခြင်းမရှိဘဲ ဟင်းလျာများ ချက်ပြုတ်ကြော်လှော်ကြည့်ပါက အမှန်တကယ် ထွက်လာတဲ့ ဆီနံ့မှာ စိမ်းရွှေရွှေအနံ့လိုလို အောက်သိုးသိုးအနံ့လိုလိုနှင့် အနံ့အသက်မကောင်းကြောင်း သိရှိရပါတယ်။ ၎င်း တရုတ်ဆီများမှာ တရုတ်နိုင်ငံတွင် တစ်ပိဿာလျှင် မြန်မာငွေ ကျပ် ၁၇၀၀ မှ ၁၉၀၀ ကျပ် ပတ်ဝန်းကျင်သာရှိတယ်လို့ သိရှိရပါတယ်။

မြန်မာနိုင်ငံအတွင်းရှိ လုပ်ငန်းရှင်တချို့က တာ့တုံးယုံ့နဲ့ ရှောက်မိုင်းယန့်ခေါ် တရုတ်ဆီများနဲ့ ရောနှောထားတဲ့ ဆီများကိုဈေးကွက်ထဲသို့ ထုတ်လုပ် ဖြန့်ဖြူးရောင်းချနေကြပါတယ်။ သို့ဖြစ်၍ တရုတ်နိုင်ငံမှ လိုင်စင်မဲ့ တရားမဝင် ဝင်ရောက်လာတဲ့ တရုတ်ဆီများက စားသုံးရန် သင့်/ မသင့် စဉ်းစားရပါမယ်။ အရည်အသွေး စံချိန်စံညွှန်းနဲ့ ပတ်သက်၍လည်း မည်သည့်ထောက်ခံချက်မှ မပါရှိတဲ့အတွက် မိမိတို့နိုင်ငံအတွင်းရှိ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ရဲ့ ကိုယ်ကျိုးစီးပွားတစ်ခုတည်းကို မကြည့်ဘဲ အများပြည်သူအကျိုးအတွက် ၎င်းဆီများကို ဝယ်ယူဖြန့်ဖြူးရောင်းချခြင်းမပြုဘဲ မှတ်ပုံတင်ထားတဲ့ အရည်အသွေး စံချိန်စံညွှန်းနှင့် ပတ်သက်၍ အာမခံချက်ရှိသည့် ဆီများကိုသာ စားသုံးသူပြည်သူများ အန္တရာယ်ကင်း ဘေးရှင်းအောင် ဖြန့်ဖြူးရောင်းချသင့်ပါကြောင်း တိုက်တွန်းလိုပါတယ်။

၎င်း တရုတ်ဆီများနဲ့ ပတ်သက်၍ စားသုံးရန် သင့်/ မသင့်ကို စစ်ဆေးကြည့်သည့်အခါ စားသုံးသင့်တဲ့ ဆီအမျိုးအစား သတ်မှတ်ချက်များနဲ့ ကိုက်ညီမှုမရှိဘဲ၊ စားသုံးသင့်တဲ့ ဆီအမျိုးအစားများထဲမှာ ပါဝင်မှုမရှိသည့် ဆီအဖြစ် သတ်မှတ်ကြောင်းကို ၂၀၁၂ ခုနှစ် မေ ၇ ရက်ထုတ် Vol 12, No 17, ပါ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် Commerce ဂျာနယ်တွင် ဖော်ပြခဲ့သည်ကို တွေ့ရှိရပါတယ်။ စားသုံးရန်မသင့်တဲ့အတွက် ၎င်းတရုတ်ဆီ ခေါ် မြောင်းဆီများမှာ မိမိတို့ပြည်သူများရဲ့ ကျန်းမာရေးနဲ့ ပတ်သက်ပြီး ဆိုးကျိုးသာ ဖြစ်ပေါ်စေနိုင်ပြီး၊ မည်သည့်ကောင်းကျိုးမှ ပေးနိုင်မည် မဟုတ်ပါ။

တရုတ်နိုင်ငံတွင်လည်း စားသောက်ကုန်ပစ္စည်း ဘေးကင်းလုံခြုံစေရေးအတွက် လွန်ခဲ့တဲ့ ခြောက်နှစ်လောက်ကတည်းက မြောင်းဆီ ခေါ် စွန့်ပစ်ဆီများ ပြန်လည်ထုတ်ဝေသည့်စက်ရုံများကို ဖျက်ဆီးစေခဲ့ပြီး၊ လူပေါင်း ၈၀၀ ခန့်ကိုလည်း ဖမ်းဆီးခဲ့သည့်အပြင် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင်လည်း စွန့်ပစ်ဆီများ ထုတ်လုပ် ဖြန့်ဖြူးရောင်းချပါက သေဒဏ်အထိ အပြစ်ပေးသွားမှာဖြစ်ကြောင်းကို Chinadaily သတင်းစာမှာ ကြေညာချက် ထုတ်ပြန်ခဲ့တယ်လို့ သိရှိရပါတယ်။

မြောင်းဆီကို အသွင်ပြောင်းတဲ့ ပဲဆီဟာ ဈေးနှုန်းသက်သာတာကြောင့် ပြည်သူအများစုဟာ အဲဒီ အသွင်ပြောင်း မြောင်းဆီတွေကို ဝယ်ယူစားသုံးခဲ့ကြပါတယ်။

ဒီအတွက် မိမိတို့ပြည်သူများအနေနဲ့လည်း မည်သည့်ကုန်ပစ္စည်းပဲဖြစ်ဖြစ် စားသုံးတော့မယ်၊ အသုံးပြုတော့မယ်ဆိုရင် ဈေးနှုန်းသက်သာတာ တစ်ခုတည်းကိုကြည့်၍ ရရှိလာမည့်ဒုက္ခ၊ ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်များကို မျက်ကန်းတစ္ဆေ မကြောက်သလို၊ ဝယ်ယူသုံးစွဲခြင်းကို လုံးဝ(လုံးဝ) မပြုလုပ်သင့်ပါဘူး။ ကြိုတင်ကာကွယ်ခြင်းက ကုသခြင်းထက် ပိုမိုထိရောက်နိုင်တဲ့အတွက် စားသုံးသူပြည်သူများအနေနဲ့ လူသားတို့ကို အန္တရာယ်ဖြစ်စေတဲ့ စားသောက်ကုန်၊ ကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲခြင်း မပြုဘဲ၊ ရှောင်ကြဉ်ခြင်းဖြင့် မိမိတို့ရဲ့ လူ့သက်တမ်းကို ရှည်စေသည့်အပြင် မိမိတို့ရဲ့ မိသားစု၊ မိမိတို့ရဲ့တိုင်းပြည်အတွက် ထိုကဲ့သို့ တရားမဝင် ဝင်ရောက်လာတဲ့ မြောင်းဆီခေါ် တရုတ် စားသုံးဆီများကို ဈေးကွက်ထဲသို့ ဝင်ရောက်မှုမရှိအောင် လုံးဝဝယ်ယူသုံးစွဲခြင်းမပြုဖို့ လိုအပ်လှပါတယ်။

ဒါကြောင့် ပြည်တွင်းက ကုန်သည်လုပ်ငန်းရှင်များအနေနဲ့လည်း မိမိတို့ရဲ့ အကျိုးစီးပွားတစ်ခုတည်းကိုမကြည့်ဘဲ နိုင်ငံ့အကျိုး၊ အများပြည်သူအကျိုးအတွက် တရားမဝင် ဝင်ရောက်လာတဲ့ တရုတ်ဆီများကို တင်သွင်း ဖြန့်ဖြူးရောင်းချခြင်းမပြုဘဲ ရပ်ဆိုင်းသင့်ပြီလို့ အကြံပြုလိုပါတယ်။ ယခုအချိန်မှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူ ပြည်သူများအတွက် အရေးအကြီးဆုံးဖြစ်သည့် တရားမဝင် ဝင်ရောက်လာတဲ့ အရည်အသွေး စံချိန်စံညွှန်းနဲ့ ပတ်သက်ပြီး မည်သည့်ထောက်ခံချက်မျှ မပါရှိတဲ့ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို သက်ဆိုင်ရာဌာနများနဲ့ ပူးပေါင်းပြီး လိုက်လံစစ်ဆေးအရေးယူဆောင်ရွက်နေပါပြီ။

ပြည်သူလူထုတစ်ရပ်လုံးကလည်း အနာဂတ်နိုင်ငံတော်အတွက် လုပ်ဆောင်နေတဲ့ စားသုံးသူရေးရာ ဦးစီးဌာနနဲ့အတူ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်။

■



## စပိန်ကလပ်အသင်းနှစ်သင်း အပြောင်းအရွှေ့ ပိတ်ပင်မှု အယူခံဝင်ခဲ့သော်လည်း ပယ်ချခံရ

စပိန်လာလီဂါကလပ်များဖြစ်သည့် ရီးရဲလ်မက်ဒရစ်နှင့် အက်သလက်တီကိုတို့သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ ကစားသမားအပြောင်းအရွှေ့ ပြုလုပ်ခွင့်ပိတ်ပင်ထားခြင်းကို အယူခံဝင်ခဲ့သော်လည်း ပယ်ချခံခဲ့ရပြီး မူလချမှတ်ထားသည့်အတိုင်း ပြစ်ဒဏ်ကျခံရတော့မည်ဖြစ်သည်။

အဆိုပါ မက်ဒရစ်အခြေစိုက်ကလပ်အသင်း နှစ်သင်းသည် အသက် ၁၈ နှစ်အောက် ပြည်ပကစားသမားများခေါ်ယူရာတွင် အပြောင်းအရွှေ့စည်းမျဉ်းကို ချိုးဖောက်ခဲ့သဖြင့် ပြီးခဲ့သည့် ဇန်နဝါရီလက အဆိုပါ အသင်းနှစ်သင်းအား ၂၀၁၈ ခုနှစ် မတိုင်မီအထိ အပြောင်းအရွှေ့ပိတ်ပင်ရန် ဖီဖာက ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ယင်းပြစ်ဒဏ်ကြောင့် ရီးရဲလ်နှင့် အက်သလက်တီကိုတို့သည် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်နှင့် နွေရာသီအပြောင်းအရွှေ့ဈေးကွက်တို့တွင် ကစားသမားခေါ်ယူခွင့်ရတော့မည်မဟုတ်ဘဲ ဒဏ်ကြေးငွေအဖြစ် အက်သလက်တီကိုက ပေါင် ၆၂၂၀၀၀ နှင့် ရီးရဲလ်က ပေါင် ၂၄၉၀၀၀ အသီးသီး ပေးဆောင်ရမည်ဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ၂၀၀၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်းတွင်လည်းကောင်း၊ အက်သလက်တီကိုအသင်းသည် ၂၀၀၇ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်းတွင် လည်းကောင်း အသက် ၁၈ နှစ်အောက် ကစားသမားခေါ်ယူခွင့်စည်းမျဉ်းများကို ချိုးဖောက်ခဲ့သည်ဟု ဖီဖာက စုံစမ်းသိရှိရသဖြင့် ယခုကဲ့သို့ပြစ်ဒဏ်များ ချမှတ်ခဲ့ခြင်းဖြစ်သည်။

## ဖော်မြူလာဝမ်းအစီအစဉ်များအား လစ်ဘာတီမီဒီယာက အမေရိကန်ဒေါ်လာ လေးဘီလီယံကျော်ဖြင့် ဝယ်ယူတော့မည်

ကမ္ဘာတစ်ဝန်းတွင် ခြိမ့်ခြိမ့်သဲ ကျင်းပလျက်ရှိသည့် ဖော်မြူလာဝမ်းအားကစားပြိုင်ပွဲအစီအစဉ်များအား လစ်ဘာတီမီဒီယာက အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံဖြင့် ဝယ်ယူတော့မည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံအခြေစိုက် လစ်ဘာတီမီဒီ ယာသည် အားကစားပြိုင်ပွဲပေါင်းများစွာနှင့် ဖျော်ဖြေရေးလုပ်ငန်းပေါင်းများစွာတို့တွင် အစုရှယ်ယာများ အများစုပါဝင်လျက်ရှိသည့် လုပ်ငန်းစုကြီးတစ်ခုဖြစ်ပြီး လစ်ဘာတီမီဒီယာပိုင်ရှင်ဖြစ်သူမှာ သန်းကြွယ်သူဌေးကြီး ဂျွန်မာလုံးဖြစ်သည်။

လစ်ဘာတီမီဒီယာသည် ယခုစက်တင်ဘာလကုန်ပိုင်းတွင် ဖော်မြူလာဝမ်းကိုဝယ်ယူရန် သဘောတူညီမှုရရှိထားပြီဖြစ်သည်။

ဖော်မြူလာဝမ်းကို ဝယ်ယူရန်အတွက် စုစုပေါင်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံဖြစ်သော်လည်း ဖော်မြူလာဝမ်းအနေဖြင့် ပေးဆပ်ရမည့် အကြွေးပမာဏမှာ အမေရိကန်ဒေါ်လာ ၄ဒသမ ၁ဘီလီယံရှိကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

လစ်ဘာတီမီဒီယာအနေဖြင့် ဖော်မြူလာဝမ်းကို ဝယ်ယူပြီးပါက လက်ရှိအမှုဆောင်အရာရှိချုပ် ဘာနေးအယ်လ်လက်စ်စတုန်းကိုပင် ဆက်လက်ခန့်အပ်မည်ဖြစ်ပြီး ဥက္ကဋ္ဌအဖြစ် 21st Century Fox ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ချက်စီကာရေးကို ခန့်အပ်မည်ဖြစ်သည်ဟု ဆိုသည်။

လစ်ဘာတီမီဒီယာအနေဖြင့် ဖော်မြူလာဝမ်းကို ယခုထက်ပိုမိုကောင်းမွန်သည့် ပိုမိုဆွဲဆောင်မှုရှိသည့် ပြိုင်ပွဲများအဖြစ် ပြုလုပ်သွားမည်ဖြစ်ပြီး ၎င်းတို့အတွက် ပရိသတ်များ ပိုမိုတိုးပွားလာစေရေးကိုလည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လစ်ဘာတီမီဒီယာ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဂရက်မာဖီက"ကျွန်တော်တို့ မီဒီယာအနေနဲ့ အခုလို ထင်ရှားလှတဲ့ ဖော်မြူလာဝမ်းပြိုင်ပွဲတွေမှာ တစ်စိတ်တစ်ပိုင်းကနေ ပါဝင်ခွင့်ရတဲ့အတွက် အရမ်းကို စိတ်လှုပ်ရှားမိပါတယ်"ဟု ပြောကြားခဲ့သည်။

## ဆူဇူကီးဖလားဘောလုံးပြိုင်ပွဲလက်မှတ်နှုန်းထားများအား အတည်ပြုရန် အာဆီယံဘောလုံးအဖွဲ့ချုပ်ထံ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တင်ပြ

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ပူးတွဲကျင်းပမည့် ၂၀၁၆ ဆူဇူကီးဖလားဘောလုံးပြိုင်ပွဲအတွက် လက်မှတ်နှုန်းထားများကို အတည်ပြုသတ်မှတ်နိုင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က အာဆီယံဘောလုံးအဖွဲ့ချုပ်ထံ တင်ပြထားကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ဆူဇူကီးဖလားဘောလုံးပြိုင်ပွဲကို ဖိလစ်ပိုင်အသင်းနှင့်အတူ ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ မြန်မာအသင်းပါဝင်သည့် အုပ်စု(ခ) ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ နိုဝင်ဘာ ၂၀ ရက်မှစတင် ကျင်းပမည်ဖြစ်သည်။

"လက်မှတ်ဈေးနှုန်းတွေကို ကျွန်တော်တို့ဘက်ကနေ အာဆီယံဘောလုံးအဖွဲ့ချုပ်ကို တင်ပြထားတယ်။ သူတို့ဘက်က အခုထိ အကြောင်းမပြန်သေးပါဘူး။လက်မှတ်ရိုက်ပေးမယ့်ကုမ္ပဏီကလည်း ဈေးကြီးတာကြောင့် ညှိနှိုင်းနေဆဲပါ။ လက်မှတ်ဈေးနှုန်းကိုတော့ အာဆီယံဘောလုံးအဖွဲ့ချုပ်က သိရတာနဲ့ထုတ်ပြန်ပေးမှာပါ"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက ပြောကြားခဲ့သည်။

ရန်ကုန်တွင်ကျင်းပမည့် ဆူဇူကီးဖလားပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်တွင် မြန်မာအသင်းသည် ဗီယက်နမ်၊ မလေးရှားနှင့် ခြေစစ်ပွဲအောင်မြင်လာမည့် အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများကို တစ်ရက်လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

## ရခိုင်ယူနိုက်တက်အသင်း နိုင်ငံခြားသားကစားသမားနှစ်ဦးကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်မဟုတ်

ရခိုင်ယူနိုက်တက်အသင်းသည် နိုင်ငံခြားသားကစားသမားနှစ်ဦးဖြစ်သည့် ကာဇင်နှင့်ကာမာရာတို့ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည် မဟုတ်ကြောင်း သိရသည်။ နိုင်ဂျီးရီးယားနိုင်ငံသားတိုက်စစ်မှူး တစ်ဦးဖြစ်သည့် ကာဇင်သည် မြန်မာနေရှင်နယ်လိဂ် ၂၀၁၆ ဒုတိယအကျော့ဘောလုံးရာသီတွင် အသင်းသို့ ရောက်ရှိလာသူဖြစ်ပြီး ဩစတြေးလျနိုင်ငံသားကာမာရာသည် မြန်မာနေရှင်နယ်လိဂ် ၂၀၁၆ ဘောလုံးရာသီစတင်သည့်အချိန်တွင် ရောက်ရှိလာသူဖြစ်သည်။

"သူတို့နှစ်ယောက်စလုံးကို သက်တမ်းမတိုးတော့ဘူးလို့ ဆုံးဖြတ်လိုက်ပါပြီ။ ကာဇင်ကတော့ ခြေစွမ်းကိုမကြိုက်လို့ဖြစ်ပြီး ကာမာရာကတော့ စည်းကမ်းပိုင်းဆိုင်ရာ အားနည်းချက်ရှိနေလို့ပါ"ဟု ရခိုင်ယူနိုက်တက်အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ရခိုင်ယူနိုက်တက်အသင်းသည် ပြီးခဲ့သည့် ၂၀၁၆ မြန်မာနေရှင်နယ်လိဂ်ဘောလုံးရာသီက နိုင်ငံခြားသား ကစားသမားသုံးဦးဖြစ်သည့် ကာဇင်ကာမာရာ၊ ဒွန်ဂိုနှင့် အန်ဒရေတို့ကို အသုံးပြုခဲ့ပြီး အန်ဒရေတစ်ယောက်သာ ခြေစွမ်းပြသနိုင်ခဲ့ကြောင်း သိရသည်။

ရခိုင်ယူနိုက်တက်အသင်းသည် နောက်ရာသီတွင် အန်ဒရေကို ဆက်လက်အသုံးပြုနိုင်ရန်အတွက် အန်ဒရေနှင့် ညှိနှိုင်းနေပြီး မြန်မာနေရှင်နယ်လိဂ် ၂၀၁၆ ဘောလုံးရာသီက အသုံးပြုခဲ့သည့် လစာနှင့်သဘောတူညီမှုရခဲ့ပါက ဆက်လက်အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။ ရခိုင်ယူနိုက်တက်အသင်းသည် မြန်မာနေရှင်နယ်လိဂ် ၂၀၁၆ ဘောလုံးရာသီတွင် တန်းမဆင်းရရေးအတွက် ရုန်းကန်ခဲ့ရကြောင်း သိရသည်။

## မြန်မာအမျိုးသမီးလိဂ်ဘောလုံးပြိုင်ပွဲကို ၂၀၁၆ခုနှစ်အတွင်း ကျင်းပနိုင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စီစဉ်လျက်ရှိ

ထူးချွန်သည့်မျိုးဆက်သစ်မြန်မာအမျိုးသမီးဘောလုံးသမားကောင်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ မြန်မာအမျိုးသမီးလိဂ် အမျိုးသမီးဘောလုံးပြိုင်ပွဲကို ၂၀၁၆ ခုနှစ်အတွင်း ကျင်းပနိုင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က စီစဉ်လျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၅ ခုနှစ်ကတည်းက အမျိုးသမီးလိဂ်ဘောလုံးပြိုင်ပွဲကို ကျင်းပနိုင်ရန်စီစဉ်နေခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်အတွင်း မဖြစ်မနေကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ဒီနှစ်ထဲမှာလုပ်မယ်လို့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ကိုလည်း အကြောင်းကြားထားပြီးပါပြီ။ လက်ရှိအချိန်မှာ လေးသင်းကတော့ သေချာသလောက်ရှိနေပါပြီ။ ခြောက်သင်း ရရင်တော့ပိုကောင်းတာပေ့ါ" ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံသို့ အားကစားနှင့်ကာယပညာသိပ္ပံမှ နှစ်သင်း၊ ပညာရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တစ်သင်းစီ ဝင်ရောက်ယှဉ်ပြိုင်ရန် အကြောင်းကြားထားကြောင်း သိရသည်။ လက်ရှိအချိန်တွင် မြန်မာအမျိုးသမီး လက် ရွေးစင်ဘောလုံးအသင်းတွင် လူငယ်ကစားသမားသစ်များ ပေါ်ထွက်လာသော်လည်း အတွေ့အကြုံရင့် ကစားသမားတချို့ကို အသုံးပြုနေရဆဲဖြစ်ပြီး နောက်ခံလူ စန်းစန်းမော်ဆိုလျှင် ဆယ်စုနှစ်တစ်ခုကျော်ကြာ ကစားလျက်ရှိကြောင်း သိရသည်။

ယခုအခါတွင် မြန်မာအမျိုးသမီးလက်ရွေးစင် ဘောလုံးအသင်းသည် တစ်ပတ်လျှင်သုံးရက် လေ့ကျင့်လျက်ရှိနေပြီး နည်းပြချုပ်မစ္စတာရော်ဂျာရိုင်နာ ပြန်လည်ရောက်ရှိလာပါက လေ့ကျင့်ချိန်တိုးမြှင့်သွားမည်ဖြစ်သည်။

## မြန်မာနေရှင်နယ်လိဂ်ကို အပျက်စီးခံမည်မဟုတ်ဟုဆို

မြန်မာနေရှင်နယ်လိဂ်သည်အသင်းတစ်သင်းတည်းဖြင့် ဖွဲ့စည်းထားခြင်းမျိုးမဟုတ်ဘဲ အသင်းများစွာဖြင့် ဖွဲ့စည်းထားသော လိဂ်ပြိုင်ပွဲဖြစ်သောကြောင့် အသင်းတစ်သင်း၊ နှစ်သင်းမရှိရုံဖြင့်လိဂ်ပြိုင်ပွဲပျက်စီးသွားမည်မဟုတ်ကြောင်း မြန်မာနေရှင်နယ်လိဂ်၏ အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးက ပြောကြားခဲ့သည်။

"အခုချိန်အထိတော့ ဇေယျာရွှေမြေတစ်သင်းတည်းပဲ အသင်းကို တရားဝင်လာအပ်ပါသေးတယ်။ ဒီလကုန်ရင် ကျွန်တော်တို့ နေရှင်နယ်လိဂ်ပြိုင်ပွဲကျင်းပရေးကော်မတီက လိဂ်-၁၊ လိဂ်-၂ က အသင်းတိုင်းကို လာမယ့်နေရှင်လိဂ်ပြိုင်ပွဲကို ဝင်ပြီး ပြိုင်နိုင် မပြိုင်နိုင် စာထုတ်မှာပါ။ ဘယ်အသင်းက အိမ်ကွင်းလုပ်မယ် မလုပ်ဘူးဆိုတာက အစ စာရင်းတင်ခိုင်းမှာပါ။ အဲဒီတော့မှ ဇွဲကပင်အသင်း ဝင်မပြိုင်ဘူးဆိုရင် တန်းတက်တန်းဆင်း အပြောင်းအလဲ လုပ်စရာရှိတာ ဆက်လုပ်မှာပါ။ ဘယ်လိုလုပ်မယ်ဆိုတာကတော့ အဲဒီတော့မှဆုံးဖြတ်မှာပါ။ မြန်မာဘောလုံးအသင်းမှာ ရန်အောင်ကျော်မရှိလို့၊ ကျော်ကိုကိုမရှိလို့၊ အောင်သူမရှိလို့ မြန်မာအသင်းပျောက်ကွယ်သွားမှာ မဟုတ်ပါဘူး။ ဒီလိုပဲ အသင်းတစ်သင်းနှစ်သင်း နုတ်ထွက်လိုက်လို့ နေရှင်နယ်လိဂ်ပျက်စီးသွားမှာ မဟုတ်ပါဘူး။ ဒီနေ့ လိဂ်ကော်မတီအစည်းအဝေးမှာလာတဲ့ အသင်းပိုင်ရှင်တွေအားလုံးကလည်း ဒီလိုပဲသဘောတူထားကြပါတယ်"ဟု လိဂ်ကော်မတီအစည်းအဝေးအပြီးတွင် ဦးစိုးမိုးက ပြောကြားခဲ့သည်။ ယခုနှစ်မြန်မာနေရှင်နယ်လိဂ်တွင် ဆောက်သမ်းမြန်မာနှင့် Horizon တို့မှာ လိဂ်-၂ သို့ တန်းဆင်းခဲ့ရပြီး မနောမြေနှင့် GFA တို့ တန်းတက်ခွင့်ရရှိထားသည်။ အကယ်၍ ဇွဲကပင်နှင့် ဇေယျာရွှေမြေတို့ နေရှင်နယ်လိဂ်တွင် ဝင်ရောက်ယှဉ်ပြိုင်မှု မပြုတော့ပါက နေပြည်တော်နှင့် မဟာအသင်းတို့မှာ တန်းဆင်းနှစ်သင်းနှင့်အတူ ရှုံးထွက်ပွဲကစား၍ ဆုံးဖြတ်ဖွယ်ရှိကြောင်းသိရသည်။

# လယ်ဝေးမြို့နယ်၊ အေလာ အထကနဲ့ အလက(ခွဲ) အောင်းကုန်းတို့တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

နေပြည်တော် (ရုံးချုပ်) စားသုံးသူရေးရာ ဦးစီးဌာန၊ စားသုံးသူရေးရာ ဌာနခွဲနှင့် ခရိုင်ဦးစီးမှူးရုံး နေပြည်တော်၊ စားသုံးသူရေးရာ ဦးစီးဌာနတို့ ပူးပေါင်း၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောပွဲများ ကျင်းပပြုလုပ်လျက်ရှိရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ စားသုံးသူရေးရာ ဌာနခွဲမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ချိုနဲ့ တာဝန်ရှိ ဝန်ထမ်းများသည် ဩဂုတ် ၃၀ရက်တွင် လယ်ဝေးမြို့နယ်၊ အေလာ အ. ထ. က ၌ လည်းကောင်း၊ နေ့လယ်ပိုင်းတွင် လယ်ဝေးမြို့နယ်၊ အ. လ. က (ခွဲ) အောင်းကုန်းကျောင်း၌လည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောဆွေးနွေးပွဲများ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် နေပြည်တော်(ရုံးချုပ်)၊ စားသုံးသူ ရေးရာ ဦးစီးဌာန၊ စားသုံးသူရေးရာ ဌာနခွဲမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ချိုနဲ့ ဦးစီးအရာရှိ ဒေါ်ဖြူဖြူလတ်တို့က စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပါ စားသုံးသူ အဓိပ္ပာယ်၊ စားသုံးသူတို့၏အခွင့်အရေးနှင့် တာဝန်များ လိုက်နာရမယ့် အချက်များအား အကျယ်တဝင့် ပြောကြားကာ စားသုံးသူများအနေဖြင့် နစ်နာဆုံးရှုံးမှုဖြစ်ပေါ်ပါက တိုင်ကြားနိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များတွင် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုအခြေအနေ၊ အန္တရာယ်ရှိ ခွင့်မပြု ဓာတုဆိုးဆေးများ ပါဝင်တဲ့ အစားအစာများအကြောင်း၊ ပိုးသတ်ဆေးနှင့်ပဋိဇီဝဆေး ဓာတ်ကြွင်းပါရှိသည့် သားငါးနှင့် ဟင်းသီးဟင်းရွက်များ၊ စားသုံးရာတွင် အန္တရာယ်ကင်းရှင်းအောင် လိုက်နာ ဆောင်ရွက်သင့်တဲ့ အချက်များ၊ ပြည်ပမှ ဝင်ရောက်နေတဲ့ Ready Made အစားအစာများ၊ အချိုရည်အမျိုးမျိုး၊ အကင်အမျိုးမျိုးနဲ့ ပြန်ကြော်ဆီဖြင့် ကြော်ထားသော အကြော်အမျိုးမျိုးတို့၏ အန္တရာယ်အကြောင်း၊ ဆေးဝါးအတုများ သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်မည့် အန္တရာယ်များအကြောင်း၊ ဆေးလိပ်သောက်ခြင်းနဲ့ ကွမ်းစားခြင်းတို့ကြောင့် ရောဂါများ ဖြစ်ပွားနိုင်ပြီး သက်တမ်းတိုလာနိုင်မှု အကြောင်းတို့ကို အကျယ်တဝင့် ဟောပြောခဲ့ပြီး သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် နေထိုင်စားသောက်မှု ပုံစံကို ပြောင်းလဲရန်နှင့် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းသည် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူ၍ အားလုံး ပါဝင်ပူးပေါင်း ဆောင်ရွက်မှသာ အောင်မြင်မည် ဖြစ်ကြောင်းတို့ကို ဆွေးနွေးပြောကြား သွားပါတယ်။

အဆိုပါ ဟောပြော ဆွေးနွေးပွဲသို့လယ်ဝေးမြို့နယ်၊ အေလာ အ. ထ. က တွင် ဆရာ၊ ဆရာမနဲ့ ကျောင်းသား၊ ကျောင်းသူများ စုစု ပေါင်း ၄၃၈ ဦးနှင့် အ. လ. က(ခွဲ) အောင်းကုန်းတွင် ဆရာ၊ ဆရာမနဲ့ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၄၂၂ ဦး တက်ရောက်ခဲ့ပါတယ်။

နေပြည်တော်(ရုံးချုပ်)၊ စားသုံးသူရေးရာဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နေပြည်တော်ကောင်စီ နယ်မြေအတွင်း ၂၀၁၆ ခုနှစ် ဩဂုတ်လ ပဉ္စမပတ်အတွင်း ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ်တွင် နှစ်နေရာ၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်တွင် နှစ်နေရာ စုစုပေါင်း လေးနေရာတို့တွင် ဆောင်ရွက်ခဲ့ရာ တက်ရောက်သူ ၁၄၁၂ ဦးရှိကြောင်း သတင်းရရှိပါတယ်။

**ဖြူဖြူလတ် (စားသုံးသူ)**

# လားရှိုးမြို့ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ပထမအကြိမ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၂ရက်က လားရှိုးမြို့ ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ဝင်များနှင့်အတူ မိတ်ဖက်ဌာနများ၊ ခရိုင်စားသုံးသူရေးရာ ဝန်ထမ်းများ စုစုပေါင်း ၂၄ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင်(လားရှိုးခရိုင်) စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ဥက္ကဋ္ဌ၊ ခရိုင် အုပ်ချုပ်ရေးမှူး ဦးစံလင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်မင်းသန်းက ဌာန၏ သမိုင်းကြောင်းနှင့် လက်ရှိ ဆောင်ရွက်နေမှုများ၊ ရှေ့ဆက်လက် ဆောင်ရွက်ရမည့် အခြေအနေများအား ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသော ခရိုင် စားသုံးသူ အငြင်းပွားမှု အဖွဲ့ဝင်များ ဖြစ်တဲ့ ခရိုင်ဥပဒေအရာရှိ၊ ခရိုင်ပညာရေးမှူး၊ ခရိုင်ကျန်းမာရေး ဦးစီးမှူး၊ စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ တွဲဖက်ပြည်နယ်ဦးစီးမှူး၊ စားသုံးသူ ကိုယ်စားလှယ်နှင့် စီးပွားရေး လုပ်ငန်းရှင် ကိုယ်စားလှယ်တို့က စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနှင့် ပတ်သက်၍လည်းကောင်း၊ ဈေးကွက်အတွင်း တွေ့ရှိရသည့် စားသုံးရန် မသင့်သော တရားမဝင် စားသောက်ကုန်ပစ္စည်းများအကြောင်းကိုလည်းကောင်း၊ ရှေ့ဆက်လက် လုပ်ဆောင်ရမည့် စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်၍လည်းကောင်း အကြံပြု ဆွေးနွေး ကြပါသည်။

ထို့နောက် ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက အဖွဲ့ဝင်ဌာနများအနေဖြင့် ပြဌာန်းထားသော ဥပဒေ၊ ချမှတ်ထားသော မူဝါဒများအား တိကျစွာ လိုက်နာဆောင်ရွက်ကြရန်နှင့် စားသုံးသူများ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစေရေး၊ စိတ်ကျေနပ်မှု ရရှိစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန် ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**အောင်ကျော်မြင့် (လားရှိုး)**

# မုဒုံမြို့နယ် ကမာဝက်မြို့ရှိ ပဉ္စလ နဂိုလ်ဈေးတွင် စားသုံးရန်၊ သုံးစွဲရန် မသင့်သော ထုတ်ကုန်များ ရောင်းချခြင်း ရှိ/ မရှိ စစ်ဆေးပြီး စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေး



မွန်ပြည်နယ်အတွင်းရှိ မုဒုံမြို့နယ် ကမာဝက်မြို့ရှိပဉ္စလနဂိုလ်ဈေးနှင့် လမ်းဘေးဝဲယာ ဈေးတို့တွင် စားသုံးသူများ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစေရန် စားသုံးရန်၊ သုံးစွဲရန် မသင့်တဲ့ ထုတ်ကုန်များ ရောင်းချခြင်း ရှိ၊ မရှိကွင်းဆင်း စစ်ဆေးခြင်းနဲ့ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးခြင်းကို စက်တင်ဘာ ၆ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီး ဌာနမှ ဦးစီးမှူး ဦးအောင်ကျော်မိုး၊ ဒုတိယဦးစီးမှူး ဦးနေဇင်သက်၊ မွန်ပြည်နယ် အစားအသောက်နဲ့ ဆေးဝါးကြီးကြပ် ကွပ်ကဲရေးဦးစီးဌာနမှ ဒေါက်တာ စိုးနိုင်နဲ့ ဝန်ထမ်းများ၊ တိုက်နယ်ဆရာဝန် ဒေါက်တာ မင်းဗညား ချမ်းနိုင်၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာ အေးချမ်း၊ မြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ဦးအောင်ငွေတိုး၊ ဈေးတာဝန်ခံ ဦးမြင့်ဇော်၊ သိမ်ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမင်းညီညီလွင်တို့ ပူးပေါင်း၍ ကွင်းဆင်းခဲ့ပြီး မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်ကျော်မိုးက စားသုံးသူ အကာအကွယ် ပေးရေးနဲ့ စားသုံးရန်မသင့်တဲ့ ထုတ်ကုန်များ အကြောင်းအား လည်းကောင်း၊ မွန်ပြည်နယ် အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေး ဦးစီးဌာနမှ ဒေါက်တာ စိုးနိုင်က အစားအသောက်၊ ဆေးဝါး၊ အလှကုန်နဲ့ ပတ်သက်တဲ့ ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးခြင်း အကြောင်းများအား လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ရာ တက်ရောက်လာသူများ၏ သိရှိလိုသော မေးမြန်းချက်များကို တာဝန်ရှိသူများမှ ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**နေဇင် (မွန်)**

# မုံရွာမြို့တွင် စားသုံးသူအကာအကွယ်ပေးရေးသင်တန်းဖွင့်လှစ်မည်

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ မုံရွာမြို့၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ သင်တန်းခန်းမ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန၊ ရုံးချုပ်နေပြည်တော်မှ ဦးဆောင်ပြီး (GIZ )၏ အကူအညီဖြင့် ကျင်းပပြုလုပ်မည့် စားသုံးသူ အကာအကွယ်ပေးရေး သင်တန်းကို စက်တင်ဘာလ ၁၂ ရက်မှ ၁၄ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပါသည်။

အဆိုပါသင်တန်းသို့ ကုန်သွယ်ရေးဦးစီးဌာန၊ နေပြည်တော်နှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရုံးချုပ် နေပြည်တော်မှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ တာဝန်ရှိသူများက လာရောက် သင်ကြားပို့ချပေးမည်ဖြစ်ပြီး စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကလေးခရိုင်၊ ကသာခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်နှင့် ယင်းမာပင်ခရိုင်တို့မှ ဝန်ထမ်းစုစုပေါင်း ၅၀ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သင်းသင်းအေး-မုံရွာ**

# ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနတွင် တိုင်းစားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ သတ္တမအကြိမ် အစည်းအဝေးကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ စားသုံးသူရေးရာ ဦးစီးဌာန အစည်းအဝေးခန်းမတွင် သတ္တမအကြိမ် တိုင်းစားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေးကို စက်တင်ဘာ ၇ရက်ကကျင်းပရာ တိုင်းအငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကြည်အောင်၊ အတွင်းရေးမှူး စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်နဲ့ လက်ထောက်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများ၊ ARCCI အသင်းမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းမှ ဖိတ်ကြားထားသော စီးပွားရေးလုပ်ငန်းရှင် များ တက်ရောက်ခဲ့ပါတယ်။



တိုင်းစားသုံးသူရေးရာ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကြည်အောင်က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး တိုင်းဦးစီးမှူးက အထက်မှညွှန်ကြားထားတဲ့ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များနဲ့ မိမိတို့ ဆောင်ရွက်နေမှုများကို ဖတ်ကြားတင်ပြ၍ ဆဋ္ဌမအကြိမ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ရဲ့ အစည်းအဝေး ဆုံးဖြတ်ချက်များအား ဆောင်ရွက်ပြီးစီးမှု၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ၂၀၁၆ ခုနှစ် ဧပြီမှ စားသုံးသူအကာအကွယ်ပေးရေးနဲ့ပတ်သက်၍ ဌာနမှ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ စာသင်ကျောင်းများနဲ့ သင်တန်းများတွင် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ဈေးကွက်မရောက်မီနဲ့ ဈေးကွက်ရောက် ကုန်စည်များကို ကွင်းဆင်းလေ့လာစိစစ်ခြင်း၊ ထုတ်လုပ်သူ လုပ်ငန်းရှင်များကို အသိပညာပေးခြင်းတို့ကို ကဏ္ဍငါးရပ်ခွဲ၍ လအလိုက် စီမံချက်ရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းအပြင် ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းပြီးစီးမှုနဲ့ မြို့နယ် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ကိုလည်း ထပ်မံဖွဲ့စည်းသွားမှာဖြစ်ကြောင်း၊ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့က ခရိုင်အတွင်း စားသုံးသူ အကာအကွယ်ပေးရေး ကိစ္စရပ်များတွင် ဒေသအာဏာပိုင်၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများနဲ့ပူးပေါင်းပြီး မှတ်တမ်းထားရှိကာ တိုင်းအငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့သို့ လစဉ်လဆန်း ရက်များတွင် အစီရင်ခံတင်ပြရန်၊ ဓာတ်ခွဲစမ်းသပ် စစ်ဆေးမှုများနှင့်ပတ်သက်၍ အမြန်ရရှိရေး ဆောင်ရွက်ရမည့် နည်းလမ်းများ၊ အစီအမံများ တင်ပြရန်၊ နိုင်ငံတကာ ဧည့်သည်များ အများဆုံးလာရောက်တဲ့ ချောင်းသာ၊ ငွေဆောင် ပင်လယ်ကမ်းခြေဒေသများတွင် ပင်လယ်စာ အပါအဝင် အစားအသောက်များအား ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဟိုတယ်လုပ်ငန်းရှင်များကို စုစည်း၍ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးမှုများ တိုးမြှင့်ဆောင်ရွက်ရန် ဆွေးနွေးပြောကြားပါသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် အသီးသီးဆွေးနွေးခဲ့ကြပြီး ဒုတိယဥက္ကဋ္ဌ ဦးကြည်အောင်က စားသုံးသူအကာအကွယ်ပေးရေးကို ပြည်သူလူထုကြားတွင် ပိုမိုကျယ်ပြန့်လာအောင် ထိထိရောက်ရောက် ပြုလုပ်ရမှာဖြစ်ကြောင်း၊ စာသင်ကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေး ကော်မတီကို ဆရာ၊ ဆရာမ (၃၊ ၅)ဦးနဲ့ ထားရှိ ဆောင်ရွက် ရန်၊ အငြင်းပွားမှုတစ်ခု ဖြစ်ပေါ်လာပါက ချက်ချင်းစစ်ဆေးကာ အသိပညာပေးနိုင်ရန်၊ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် ပြီးပြည့်စုံသော စစ်ဆေးမှု (Result) ထွက်ရန်အတွက် ဓာတ်ခွဲခန်းလိုအပ်နေမှုကို ပြည်ထောင်စုအဆင့် (သို့မဟုတ်) တိုင်းဒေသကြီးအဆင့် လိုအပ်ပါက NGO အဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် အကြံပြုဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

**စောမိုက်ကယ် (ပုသိမ်)**

## မုံရွာမြို့ ချင်းတွင်းရတနာဈေးတွင် စီးကရက်ပုံစံ ထုပ်ပိုးထားသည့်မုန့်များ ရောင်းချနေသည်ကို တွေ့ရှိရ၍ စစ်ဆေးသိမ်းဆည်း

နောင်အနာဂတ် မြန်မာနိုင်ငံတွင် ဦးဆောင်မည့် သားကောင်းရတနာများဖြစ်ကြသည့် ကလေးသူငယ်များကို ငယ်စဉ်ကတည်းက အလေ့အထ၊ အမူ အကျင့်ဆိုးများ အားပေးရာရောက်စေသည့်မုန့်နှင့် ကစားစရာများကို စီးကရက်ပုံစံ ပြုလုပ်ရောင်းချခြင်းအား ဖြန်းဖြူး ခြင်း၊ ရောင်းချခြင်းမပြုရန်နှင့် ရောင်းချခြင်းတွေ့ရှိက သိမ်းဆည်းဖျက်ဆီးရန် ညွှန်ကြားချက်အရ စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုကြီးကြပ်ရေး ဦးစီးဌာနမှ ဒေါက်တာခိုင်ရွှေရည်အောင်ဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မုံရွာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တိုင်း၊ ခရိုင်၊ မြို့နယ်တာဝန်ရှိသူများ ပါဝင်သည့်အဖွဲ့သည် မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ တာဝန်ရှိသူများ၊ ဈေးကော်မတီများနှင့်ပူးပေါင်း၍ စက်တင်ဘာ ၈ ရက်က မုံရွာမြို့ပေါ်မှ မြသလ္လာဈေးနှင့် ချင်းတွင်းရတနာဈေးများသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရပါသည်။

မြသလ္လာဈေးရှိ မုန့်မျိုးစုံ လက်ကားဆိုင်သုံးဆိုင်နှင့် ချင်းတွင်းရတနာဈေးရှိမုန့်မျိုးစုံ လက်ကားဆိုင် ခြောက်ဆိုင်၊ စုစုပေါင်း ကိုးဆိုင်တွင် စီးကရက်ပုံမုန့်များ ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေးခဲ့ကြရာ ချင်းတွင်းရတနာဈေးရှိ မုန့်ဆိုင်လေးဆိုင်တွင် စီးကရက်ပုံ မုန့်မျိုးစုံရောင်းချနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ရှာဖွေ/သိမ်းဆည်းပုံစံများတွင်စနစ်တကျရေးသွင်း၍ဖျက်ဆီးရန်အတွက်အဖွဲ့မှ သိမ်းဆည်းခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ပူးပေါင်းစစ်ဆေးရေးအဖွဲ့အနေဖြင့် ဈေးကြီးနှစ်ဈေးရှိ မုန့်မျိုးစုံရောင်းချသည့်ဆိုင်များတွင် စီးကရက်ပုံမုန့်နှင့် ကစားစရာများ ဆက်လက်ရောင်းချခြင်းမပြုရန် ပညာပေးမှာကြားခဲ့သလို စားသုံးသူရေးရာဦးစီးဌာန အနေဖြင့်လည်း စားသုံးသူများ လုံခြုံစိတ်ချမှုရရှိစေရန် အန္တရာယ်ရှိစားသောက်ကုန်များ ရောင်းချခြင်းမပြုရန် ညွှန်ကြားခဲ့ကြကြောင်း သိရှိရပါသည်။

**ထွန်းလှိုင်(မုံရွာ)**



## ဟားခါးမြို့အတွင်းရှိ အခြေခံပညာကျောင်းများ၌ စားသုံးသူအကာအကွယ် ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ကျင်းပ

စားသုံးသူရေးရာ ဦးစီးဌာန၊ ချင်းပြည်နယ်ဦးစီးမှူးရုံးမှ ဒေါ်ဒေါ်ကြယ်နှင့်အဖွဲ့သည် ဩဂုတ် ၂၂ ရက်က အ. မ. က၊ ဟိုင်တလန်း၌လည်းကောင်း၊ ဒေါ်ဒါဇလီနှင့်အဖွဲ့သည် ဩဂုတ် ၂၃ ရက်က အ. မ. က၊ ခွာဘဲ၌ လည်းကောင်း၊ ဒေါ်ဒေါ်ကြယ်နှင့်အဖွဲ့သည် ဩဂုတ် ၂၆ ရက်က အ. မ. က၊ ဘဲအိုသဲ၌ လည်းကောင်း၊ ဦးတီလ်ကျုံးနုံးနှင့်အဖွဲ့သည် ဩဂုတ် ၂၉ ရက်က အ. မ. က၊ နေပြည်၌ လည်းကောင်း စားသုံးသူ အကာအကွယ် ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ အ. မ. က၊ ဟိုင်တလန်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူပေါင်း ၅၆ ဦးခန့်၊ အ. မ. က၊ ခွာဘဲမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူပေါင်း ၅၂ ဦးခန့်၊ အ. မ. က၊ ဘဲအိုသဲမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူပေါင်း ၇၆ ဦးခန့်၊ အ. မ. က၊ နေပြည်မှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူပေါင်း ၁၇ ဦးခန့် တက်ရောက်ခဲ့ပြီး လက်ကမ်းစာစောင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန်မသင့် ကြေညာထားသော အစားအသောက်များစာရင်း၊ စံမညီ မြေပဲဆီစာရင်းများကို ဖြန့်ဝေနိုင်ခဲ့ပါသည်။

အသိပညာပေး ဟောပြောပွဲတွင် ဒေါ်ဒေါ်ကြယ်၊ ဦးတီလ်ကျုံးနုံး၊ ဒေါ်ဒါဇလီတို့က စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ၊ ဆိုးဆေး၊ စံမညီ မြေပဲဆီများ အကြောင်း ဟောပြောခြင်း၊ ဦးကမ်ကိမ်းထန်နှင့် ဦးအောင်ထာဘိခ်က ထုတ်ကုန် လုံခြုံစိတ်ချမှုရရှိစေရေးနှင့် ပတ်သက်သော အကြောင်းများကို ဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေနိုင်ရန်အတွက် နမူနာပစ္စည်းများဖြင့် ရှင်းလင်းဟောပြောခဲ့ကြပါသည်။

**ဒေါ်ဒေါ်ကြယ် (ဟားခါးမြို့)**

# အိန္ဒိယ ပဲမျိုးစုံ ဈေးကွက်ရက်သတ္တပတ်

အိန္ဒိယအစိုးရရဲ့ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂ရက် မှာ ထုတ်ပြန်တဲ့ အစီရင်ခံစာအရ မိုးစိုက်ပဲမျိုးစုံ စိုက်ဧရိယာက ဟက်တာ ၁၄ဒသမ ၀၂သန်း ရှိခဲ့ ပါတယ်။ ဒါကြောင့် ယခင်နှစ် ကာလတူ စိုက်ဧရိယာဖြစ်တဲ့ ၁၀ဒသမ ၆၉၂သန်းထက် ၃၃ ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့ပါတယ်။

ပဲတီစိမ်း စိုက်ဧရိယာက ယခင်နှစ် ကာလတူနဲ့နှိုင်းယှဉ်ရင် ၃၆ရာခိုင်နှုန်း မြင့်တက်ပြီး ဟက်တာ ၃ဒသမ ၃၀၅သန်း ရှိခဲ့ပါတယ်။ ယခင်နှစ် စိုက်ပျိုးဧရိယာက ၂ဒသမ ၄၂၈သန်း ရှိခဲ့ပါတယ်။ မဟာရာဇ္ဇတ္တရ အစိုးရက လယ်သမားများထံမှ ပဲတီစိမ်းကို အနိမ့်ဆုံး ထောက်ပံ့ဈေး (Minimum Support Price) နဲ့ဝယ်ယူဖို့ (National Agriculture Co-operative Marketing Federation of India) ကို ညွှန်ကြားထားပါတယ်။ ဝယ်လိုအား ကျဆင်းပြီး ယခုနှစ်မှာ ထုတ်လုပ်မှု မြင့်တက်မယ်လို့ ခန့်မှန်းထားတဲ့အတွက် ခရိုင်အများစု (Mandis) မှာ ပဲတီစိမ်း ကို MSP ဈေးအောက်ကျပြီး ရောင်းဝယ်လျက် ရှိနေပါတယ်။ ယခုလို ဆုံးဖြတ် လိုက်တဲ့အတွက် ပဲတောင်သူတွေအနေနဲ့ အနည်းဆုံး MSP ဈေးနှုန်းကို ရရှိနိုင်မှာ ဖြစ်ပါတယ်။ အစိုးရကတော့ ဝယ်ယူမယ့် ပမာဏကို သတ်မှတ် မထားသေးပါဘူး။ ယခုလို ဆောင်ရွက်တဲ့အတွက် ပဲတီစိမ်းဈေးကွက်ကို အထောက်အကူ ဖြစ်စေနိုင်ပါတယ်။

ဩစတြေးလျနိုင်ငံရဲ့ ကုလားပဲ စိုက်ပျိုးတဲ့ နယ်မြေတွေမှာ မိုးများနေတဲ့အတွက် သီးနှံအထွက်ကျဆင်းမယ့် လက္ခဏာ ရှိနေပါတယ်။ ဒါကြောင့် ရက်အနည်းငယ်အတွင်းမှာ အိန္ဒိယရဲ့ ကုလားပဲ လက်ငင်းဈေးကွက်မှာ ဈေးမာလာတာကို တွေ့ရပါတယ်။ ပြည်တွင်းဈေးကွက်မှာ ကုလားပဲ ရောင်းလိုအား ကျဆင်းမှုနဲ့ ဝယ်လိုအား မြင့်မားမှုကြောင့် လာမယ့်ရက်တွေမှာ ကုလားပဲ ဈေးမာလာမယ်လို့ အဂရီဝပ်ချ်က ခန့်မှန်းထားပါတယ်။ ဩစတြေးလျနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ စက်တင်ဘာတင်ပို့မှုက အောက်တိုဘာမှ ရမှာဖြစ်ပါတယ်။ ဒါပေမယ့် လာမယ့်ရက်တွေမှာ ရောင်းလိုအား ကျဆင်းနေဦးမှာ ဖြစ်ပါတယ်။

ပဲစင်းငုံ စိုက်ပျိုးဧရိယာက ယခုနှစ်မှာ ၅ ဒသမ ၁၇၈ သန်းအထိ စံချိန်တင် ရောက်ရှိခဲ့တဲ့အတွက် ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ရင် ၄၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။ ယခင်နှစ် စိုက်ပျိုးဧရိယာက ၃ဒသမ ၅၂၂ ဟက်တာ ရှိခဲ့ပါတယ်။ ဝယ်လိုအား မြင့်တက်လာမှုကြောင့် ပဲစင်းငုံ ဈေးကွက်က အနည်းငယ် မြင့်တက်လာခဲ့ပါတယ်။ ဆူဒန်၊ တန်ဇန်းနီးယားနဲ့ မြန်မာတို့မှ ပုံမှန် တင်သွင်းနေကျ ကုလားပဲတွေ ဝင်လာတော့မှာ ဖြစ်တဲ့အတွက် ဈေးနှုန်းက အနည်းငယ် ကျလာမယ်လို့ ခန့်မှန်းထားပါတယ်။

ဈေးကျနေတာကို အကြောင်းပြုပြီး သိုလှောင်သူတွေရဲ့ ဝယ်လိုအား မြင့်မားလာတဲ့အတွက် လွန်ခဲ့တဲ့ ရက်အနည်းငယ်အတွင်း ပဲဈေးတွေ ပြန်မာလာတာကို တွေ့ရပါတယ်။ ဝယ်လိုအား ကောင်းမွန်မှုနဲ့ ကုလားပဲဈေး မြင့်တက်မှုကြောင့် လာမယ့်ရက်တွေမှာ ဈေးနှုန်းတွေ မြင့်တက်လာမယ်လို့အဂရီဝပ်ချ်မှာဖော်ပြထားပါတယ်။

International Benchmarking of Information Society (ယာယီကိန်းဂဏန်း) အရ ဩဂုတ် ၂၂-၂၈ရက် ရက်သတ္တပတ် အတွင်း အိန္ဒိယ ဆိပ်ကမ်းကြီးတွေမှာ ပဲတင်သွင်းမှုက တန် ၇၄၁၀၀ ရှိခဲ့ ပါတယ်။ ယခင် ရက်သတ္တပတ် (ဩဂုတ် ၁၅-၂၁ ရက်) တင်သွင်းမှုဖြစ်တဲ့ ၅၃၅၀၀ တန်ထက် ၃၉ ရာခိုင်နှုန်း ပိုမို တင်သွင်းခဲ့တာဖြစ်ပါတယ်။ ကုလားပဲ၊ ပဲနီလေး၊ ပဲဝါလေးနဲ့ ပဲစင်းငုံ တင်သွင်းမှုက ဩဂုတ် နောက်ဆုံးပတ်မှာ မြင့်တက် ခဲ့ပြီး မတ်ပဲ၊ ပဲတီစိမ်း၊ ဘိုစားပဲနဲ့ ကုလားပဲတို့ရဲ့ တင်သွင်းမှုက တတိယ ရက်သတ္တပတ်နဲ့ နှိုင်းယှဉ် ရင် ကျဆင်းခဲ့ပါတယ်။

IBIS ရဲ့ ထုတ်ပြန်ချက်အရ အိန္ဒိယနိုင်ငံရဲ့ ပဲတီစိမ်း တင်သွင်းမှုက (ဩဂုတ် ၁၅-၂၁) ရက်သတ္တပတ်မှာ မက်ထရစ်တန် ၅၀၂၀၀ ရှိတဲ့အတွက် (ဩဂုတ် ၇-၁၄) ရက်သတ္တပတ်အောက် ၂၆ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ (ဩဂုတ် ၂၂-၂၈) ရက်သတ္တပတ်မှာ မက်ထရစ်တန် ၆၇၇၀၀ တင်သွင်းခဲ့ပါတယ်။ ကနေဒါကတင်ပို့မှုက မက်ထရစ်တန် ၃၆၆၀၀ ရှိခဲ့ပါတယ်။ **ဉာဏ်တင်**

## ဘားအံမြို့တွင် ထိုင်းကုန်စည်ပြပွဲ ကျင်းပမည်

ရန်ကုန်အခြေစိုက် Melikha Services ကုမ္ပဏီရဲ့ ဦးဆောင်မှုဖြင့် ဘားအံမြို့၊ သီရိကွင်းတွင် စက်တင်ဘာ ၂၀ ရက်မှ ၂၄ရက်အထိ ထိုင်းနိုင်ငံမှ လုပ်ငန်းရှင်များ စုပေါင်း၍ ကုန်စည်ပြပွဲကို နေ့စဉ် နံနက် ၉နာရီမှ ည ၉နာရီ အထိ ငါးရက်ကြာ ပြသမှာဖြစ်ပါတယ်။

ထိုကုန်စည်ပြပွဲတွင် ပြသမည့်ပစ္စည်းများမှာ အိမ်ရာဒီဇိုင်းပြခန်းများ၊ ကွန်ဒိုမီနီယံအရောင်းပြခန်းများ၊ လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ ကွန်ပျူတာနဲ့ ဆက်စပ်ပစ္စည်း အမျိုးမျိုး၊ အီလက်ထရောနစ်ပစ္စည်းအမျိုးမျိုး၊ မော်တော်ဆိုင်ကယ်အမျိုးမျိုး၊ စက်ဆီချောဆီနဲ့ ယာဉ်အပိုပစ္စည်း အမျိုးမျိုး၊ အဝတ်အထည်နဲ့ ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ၊ အလှကုန်နဲ့ အသားအရေ ထိန်းသိမ်းမှုဆိုင်ရာပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ စာရေးကိရိယာများ၊ စားသောက်ကုန်များ၊ ပလပ်စတစ်နဲ့ ဖိုင်ဘာပစ္စည်းအမျိုးမျိုး၊ အထွေထွေ အိမ်သုံးပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းအမျိုးမျိုး၊ အသေးစားနဲ့ အလတ်စားစက်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နဲ့ အခြားဒေသ လိုအပ်ချက်ဆိုင်ရာ လူသုံးကုန်ပစ္စည်း အမျိုးမျိုးတို့ကို ဆိုင်ခန်းပေါင်း ၈၀ ကျော် ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်း သိရှိရပါတယ်။

ကုန်စည်ပြပွဲခင်းကျင်းပြသစဉ်အတွင်း ဦးချိုကြီး ဦးစီးတဲ့ စူပါစတားဖျော်ဖြေရေးအဖွဲ့များက ကုန်စည်ပြပွဲ သရုပ်ပြ ရှင်းလင်းပွဲများနဲ့ ဖျော်ဖြေမှုများကို နေ့စဉ် နံနက် ၁၀း၀၀ နာရီမှ ၁၂း၀၀ နာရီထိ တစ်ကြိမ်၊ ညနေ ၄း၃၀ နာရီမှ ၆း၀၀ နာရီအထိ တစ်ကြိမ်၊ စုစုပေါင်း တစ်ရက်လျှင် နှစ်ကြိမ်၊ ဖျော်ဖြေတင်ဆက်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရှိရပါတယ်။

ဘားအံမြို့ ဒေသခံများကလည်း ကုန်ပစ္စည်းမျိုးစုံအရောင်းဆိုင်ခန်းများ၊ အရောင်းပြခန်းများ၊ စားသောက်ဆိုင်ခန်းများ ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်းနှင့် ကလေးများ ကစားရန် အစီအစဉ်များလည်း ပါဝင်ကြောင်း သတင်းရရှိပါတယ်။ **အေးအေးစိုး (ဘားအံ)**

## ကမ္ဘာ့ပဲမျိုးစုံဈေးကွက်

ကနေဒါပဲထုတ်လုပ်ရေးအသင်းက ၂၀၁၆- ၁၇ ခုနှစ်အတွက် ကနေဒါ ပဲနီလေး ထုတ်လုပ်မှုက မက်ထရစ်တန် ၃ဒသမ ၂၅သန်း ရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ၂၀၁၅- ၁၆ ထုတ်လုပ်မှုက မက်ထရစ်တန် ၂ဒသမ ၃၇ သန်း ရှိခဲ့ပါတယ်။

ထုတ်လုပ်မှု မြင့်တက်လာတဲ့အတွက် တင်ပို့မှုက ၂၀၁၅- ၁၆ ခုနှစ်မှာ မက်ထရစ်တန် ၂ဒသမ ၃၀သန်း တင်ပို့ခဲ့ရာမှ ၂၀၁၆- ၁၇ ခုနှစ်မှာ မက်ထရစ်တန် ၂ဒသမ ၄၀ သန်းအထိ တင်ပို့နိုင်မယ်လို့ ခန့်မှန်းပါတယ်။ ရာသီကုန် သိုလှောင်မှုက မက်ထရစ်တန် သုည ဒသမ ၀၇သန်းနဲ့ မက်ထရစ်တန် သုည ဒသမ ၆၅သန်းအထိ အသီးသီးရှိမယ်လို့ ခန့်မှန်းထားပါတယ်။

ကနေဒါနိုင်ငံရဲ့ ရောင်းလိုအား စံချိန်တင်ခဲ့တဲ့အတွက် ၂၀၁၆- ၁၇ ခုနှစ်မှာ ပဲတောင်သူတို့ရဲ့ ပျမ်းမျှရောင်းချဈေးက တစ်တန်ကို အမေရိကန်ဒေါ်လာ ၉၈၅မှ ၇၆၅ အထိ ရောက်မယ်လို့ ခန့်မှန်းပါတယ်။ ကုန်ထုတ်လုပ်မှု မြင့်တက်လာမယ်လို့ ခန့်မှန်းထားတဲ့အတွက် ပဲတောင်သူတွေရဲ့ ရောင်းဈေးက မေနဲ့နှိုင်းယှဉ်ရင် ဇွန်မှာ တစ်တန်ကို ၄၅ဒေါ်လာနှုန်း ကျဆင်းပါတယ်။

ကနေဒါပဲထုတ်လုပ်ရေးအသင်း ရဲ့ နောက်ဆုံး ထုတ်ပြန်တဲ့ အစီရင်ခံစာအရ ကနေဒါပဲ ထုတ်လုပ်မှုက ၂၀၁၆- ၁၇ ခုနှစ်မှာ ၂၈ရာခိုင်နှုန်းမြင့်တက်ပြီး မက်ထရစ်တန် ၄ဒသမ ၁သန်း ရှိမယ်လို့ ခန့်မှန်းပါတယ်။ ထုတ်လုပ်မှုမြင့်တက်လာတဲ့အတွက် ပဲတင်ပို့မှုကလည်း ၂၀၁၅- ၁၆ ခုနှစ်မှာ မက်ထရစ်တန် ၃ဒသမ ၉၀သန်းရှိခဲ့ရာမှ ၂၀၁၆- ၁၇ ခုနှစ်မှာ မက်ထရစ်တန် ၄ဒသမ ၂၃ သန်း ရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ကနေဒါနိုင်ငံမှာ သိုလှောင် လက်ကျန်များပြီး ကမ္ဘာ့ ရောင်း လိုအား မြင့်တက်လာမယ်လို့ ခန့်မှန်းထားတဲ့ အတွက် ပဲတောင်သူတွေရဲ့ ရောင်းဈေးက တစ်တန်ကို အမေရိကန်ဒေါ်လာ ၃၆၀ မှ ၃၀၀ ကြား ရှိနိုင်တယ်လို့ ခန့်မှန်းပါတယ်။

ဩစတြေးလျ လယ်ယာ စိုက်ပျိုးရေးနဲ့ သယံဇာတ စီးပွားရေးနဲ့ သိပ္ပံဗျူရိုက နောက်ဆုံးထုတ်ပြန်တဲ့ အစီရင်ခံစာမှာ ဩစတြေးလျနိုင်ငံရဲ့ ကုလားပဲ ထုတ်လုပ်မှုက ၂၀၁၅- ၁၆ ခုနှစ်မှာ ၁၀၁၃တန်ရှိခဲ့ရာ မှ ၈ ရာခိုင်နှုန်း ပိုမိုတိုးတက်ပြီး ၂၀၁၆- ၁၇ ခုနှစ်မှာ ၁၀၉၀၀တန်အထိ ရောက်ရှိမယ်လို့ ခန့်မှန်းပါတယ်။ စိုက်ပျိုးဧရိယာ တိုးတက်မှုနဲ့ ရာသီဥတု ကောင်းမွန်မှုကြောင့် ဩစတြေးလျ ကုလားပဲ ထုတ်လုပ်မှုက မြင့်တက်လာမယ်လို့ ခန့်မှန်းထားပါတယ်။

ဩစတြေးလျရဲ့ ကုလားပဲ ရိတ်သိမ်းမှုက စက်တင်ဘာမှာ စတင်ပြီး အိန္ဒိယဈေးကွက်ထဲကို အောက်တိုဘာမှာ စတင်ပြီး ဝင်ရောက်လေ့ရှိပါတယ်။ ၂၀၁၅- ၁၆ ခုနှစ် ဘဏ္ဍာနှစ် ပထမ ၁၁လ (ဇူလိုင်လမှ မေ)အတွင်း ရုရှားနိုင်ငံရဲ့ ပဲတင်ပို့မှုက သုညဒသမ ၆၉၅ သန်း ရှိခဲ့ပါတယ်။ ၂၀၁၄ - ၁၅ သီးနှံနှစ်ကာလတူက တန် သုညဒသမ ၃၆၈ သန်း တင်ပို့ခဲ့တဲ့အတွက် ၈၉ရာခိုင်နှုန်း မြင့်တက်လာ တာ တွေ့ရပါတယ်။ ရုရှား နိုင်ငံမှာ အိန္ဒိယရဲ့ ပဲတင်သွင်းမှုက တန် သုည ဒသမ ၀၀၆၅ သန်းထိ မြင့်တက်ခဲ့ပါတယ်။

Statpub အစီရင်ခံစာအရ ပြင်သစ် နိုင်ငံရဲ့ ပဲတင်ပို့မှုက မတ်လမှာ မက်ထရစ်တန် ၁၃၆၀၀ ရှိခဲ့ရာမှ ဧပြီမှာ မက် ထရစ်တန် ၄၃၁၆၀ ရှိခဲ့တဲ့အတွက် ၂၁၀ ရာခိုင်နှုန်း တိုးတက်မှု ရှိခဲ့ပါတယ်။ ယခင်နှစ် ကာလတူက တင်ပို့ခဲ့တဲ့ ၂၀၅၁၀ တန်နဲ့နှိုင်းယှဉ်ပါက ၁၀၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။

ယခု ဘဏ္ဍာနှစ် ဇူလိုင်မှ ဧပြီလအထိ ၁၀လတာ (ဇူလိုင်မှ ဧပြီ) တင်ပို့မှုက မက်ထရစ်တန် ၂ဒသမ ၇၇၄ သန်း ရှိခဲ့ပါတယ်။ ယခင်နှစ် ကာလတူ တန် ၁ဒသမ ၂၀၆ သန်းတင်ပို့တာနဲ့ နှိုင်းယှဉ်ရင် ၁၀၅ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံက ဝယ်လိုအား မြင့်တက်မှုနဲ့ ပြင်သစ်နိုင်ငံရဲ့ ထုတ်လုပ်မှု ကျဆင်းမှုတွေကြောင့် ပြင်သစ်ဈေးကွက်မှာ ပဲဈေးနှုန်း တည်ငြိမ်မယ်လို့ ခန့်မှန်းထားပါတယ်။

**ဉာဏ်တင်**

## Vietjet ၏ ဟိုချီမင်းခရီးစဉ်ဖြင့် တရုတ်(တိုင်ပေ)ရှိ မြို့များသို့ သွားလာနိုင်ပြီ

ဟိုချီမင်းမြို့မှတစ်ဆင့် အခြားဒေသများသို့ သွားရောက်လည်ပတ်မည့် မြန်မာခရီးသွားများအနေဖြင့် Vietjet မှ အသစ်ထပ်မံတိုးချဲ့လိုက်သည့် နိုင်ငံတကာ ခရီးစဉ်နှစ်ခုကိုပါ သွားရောက်နိုင်တော့မည်ဖြစ်ကြောင်း Vietjet ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။ ယင်းခရီးစဉ်နှစ်ခုမှာ ဟန္နိုင်း-တိုင်ပေမြို့တရုတ်(တိုင်ပေ) နှင့်ဟိုချီမင်း -ကောင်းရှွမ် တရုတ်(တိုင်ပေ)တို့ဖြစ် သည်။ ထို့အပြင် ဟိုချီမင်း-ထိုင်နန် ခရီး စဉ်များကိုလည်း တစ်ပတ်လျှင် ငါးကြိမ်အထိ တိုးမြှင့်ပေးဆွဲနေသောကြောင့် ခရီးသွားများ ပိုမိုအဆင်ပြေလွယ်ကူစေမည်ဖြစ်သည်။ ယခုခရီးစဉ်သစ်များ စတင်သည့်ကာလအတွက် လက်မှတ်များကို အမေရိကန်ဒေါ်လာ ၁၄ ဒေါ်လာနှင့် အမေရိကန်ဒေါ်လာ ကိုးဒေါ်လာတို့မှ စတင်ရောင်းချသွားမည်ဖြစ်သည်။

ဟန္နိုင်း-တရုတ်(တိုင်ပေ) ခရီးစဉ်ကို အောက်တိုဘာလ ၃၀ ရက်မှစ၍လည်းကောင်း၊ ဟိုချီမင်း-ကောင်းရှွမ် ခရီးစဉ်အတွက်မူ ဒီဇင်ဘာလ ၁၂ ရက် မှစ၍လည်းကောင်း၊ ဟိုချီမင်း-ထိုင်နန် ခရီးစဉ်များကိုလည်း အောက်တိုဘာ ၂၀ ရက်မှစ၍ လည်းကောင်း ပျံသန်းပြေးဆွဲမည်ဖြစ်သည်။

ဟိုချီမင်းမှ တရုတ်(တိုင်ပေ)နှင့် ဟိုင်နန်မြို့များသို့ ပျံသန်းပြေးဆွဲမှုမှာ လူကြိုက်များခဲ့သည့်အပြင် ယခု ကောင်းရှွမ်နှင့် တရုတ်(တိုင်ပေ)သို့ ပြေး ဆွဲသော ခရီးစဉ်သစ်များကလည်း ကုန်စည်စီးဆင်းမှုနှင့် စီးပွားရေးဆက်သွယ်မှုများကို ချဲ့ထွင်ရန် ရည်ရွယ်သည့် Vietjet ၏ ကွန်ရက်အချိတ်အဆက် တိုးမြှင့်မှုများ၏ တစ်စိတ်တစ်ဒေသလည်း ဖြစ်သည်။ **မယ်သီတာ**

# အငယ်စား၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ဖိလစ်ပိုင်နိုင်ငံက အသုံးစရိတ် မြှင့်တင်မည်

ဖိလစ်ပိုင်နိုင်ငံ အငယ်စား၊ အသေးစားနဲ့ အလတ်စား (MSMES) များအတွက် အသုံးစရိတ်ကို ၂၀၁၇ ခုနှစ်မှာ အစိုးရဘတ်ဂျက် အသုံးစရိတ်ရဲ့ ထက်ဝက်အထိ သုံးစွဲဖို့ သတ်မှတ်ထားပြီး ၂၀၁၈ ခုနှစ်မှာ ထပ်မံတိုးမြှင့်သုံးစွဲဖို့ ကုန်သွယ်ရေးရဲ့ စက်မှုဝန်ကြီးဌာနက နည်းလမ်းရှာဖွေလျက်ရှိကြောင်း ဖိလစ်ပင်းစတား သတင်းမှာ ဖော်ပြပါတယ်။

ကုန်သွယ်ရေးနဲ့ စက်မှုဝန်ကြီးဌာနရဲ့ အဆိုပြုချက်မှာ ၂၀၁၇ ခုနှစ်ဘတ်ဂျက် လျာထားချက်ကို ပီဆို ၄ ဒသမ ၈ ဘီလီယံ အသုံးပြုဖို့ အဆိုပြုထားပါတယ်။ အဆိုပြုထားတဲ့ ဘတ်ဂျက်အနက် အငယ်စား၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးရေး အစီအစဉ်နဲ့ စီမံကိန်းတွေအတွက် လျာထားချက်က စုစုပေါင်း ဘတ်ဂျက်ရဲ့ ထက်ဝက်ခန့်ရှိကြောင်း ကုန်သွယ်ရေး ဝန်ကြီး ရာမွန်လိုပက်က ပြောပါတယ်။

“MSME အတွက် ဘတ်ဂျက်ကို ၂၀၁၈ ခုနှစ်မှာ တိုးမြှင့်ပေးမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ရဲ့ MSMES ကထုတ်လုပ်တဲ့ ထုတ်ကုန်တွေ ပြည်တွင်း ပြည်ပမှာ ဈေးကွက်ရရှိဖို့နဲ့ စက်မှုလယ်ယာဖွံ့ဖြိုးရေးနဲ့ ဆန်းသစ်တီထွင်ရေး အစီအစဉ်အရ ထုတ်ကုန်တွေရဲ့ ဝယ်လိုအားမြှင့်တင်ဖို့ သုံးစွဲသွားမှာ ဖြစ်ပါတယ် ”လို့ လိုပက်က ပြောပါတယ်။

လာမယ့်နှစ် ဘတ်ဂျက်မှာ ကမ္ဘာတစ်ဝန်းလုံးမှာ လုပ်ငန်းအထောက်အကူပြုစင်တာ (Negsyo Center) များ ထူထောင်ရေးအတွက် သုံးစွဲဖို့ ပီဆို ၅၃၉သန်း လျာထားပါတယ်။ လုပ်ငန်းအထောက်အကူပြုစင်တာများ ဆိုတာက MSMES လုပ်ငန်းများက စီးပွားရေးလုပ်ငန်းတွေ တိုးချဲ့ဆောင်ရွက်တဲ့အခါ လွယ်ကူမှုရှိအောင် အထောက်အပံ့ပေးဖို့နဲ့ MSMES တွေက ဝန်ဆောင်မှုလုပ်ငန်းတွေနဲ့ ဆက်သွယ်တဲ့အခါ လွယ်ကူချောမွေ့အောင် အကူအညီပေးတဲ့ စင်တာတွေ ဖြစ်ပါတယ်။

ဝန်ဆောင်မှုလုပ်ငန်းတွေ မျှဝေသုံးစွဲမှု အထောက်အကူပြု အစီအစဉ် (Shared Service Facilities) တွေ အကောင်အထည်ဖော်ဖို့အတွက်လည်း အနည်းဆုံး ပီဆို သန်း၇၀ လျာထားပါတယ်။

# ဗီယက်နမ်နိုင်ငံတွင် အသင့်စားခေါက်ဆွဲဈေးကွက် ရောင်းအားကျဆင်း

ဗီယက်နမ်တစ်ဦးရဲ့ အသင့်စားခေါက်ဆွဲ ဝယ်ယူမှုနှုန်းက တစ်နှစ် ပျမ်းမျှအထုပ်ရေ ၅၀မှ ၅၅ ထုပ်နှုန်းသာ ရှိခဲ့တဲ့အတွက် မကြာသေးမီ နှစ်များအတွင်းက ဝယ်ယူမှုနှုန်းနဲ့ နှိုင်းယှဉ်ပါက အနည်းငယ် ကျဆင်းခဲ့တယ်လို့ ကမ္ဘာ့အသင့်စားခေါက်ဆွဲအသင်း (World Instant Noddle Association) ရဲ့ ထုတ်ပြန်ချက်အရ သိရကြောင်း ဗီယက်နမ် နက်သတင်းမှာ ဖော်ပြပါတယ်။



၂၀၁၅ ခုနှစ်က ဗီယက်နမ်မှာ အသင့်စား ခေါက်ဆွဲစားသုံးမှုက အထုပ်ရေ ၄ဒသမ၈ ဘီလီယံ ရှိခဲ့ပြီး ၂၀၁၄ ခုနှစ်က ၅ ဘီလီယံနဲ့ ၂၀၁၃ ခုနှစ်မှာ ၅ဒသမ ၂ဘီလီယံရှိခဲ့ပါတယ်။ ဗီယက်နမ်နိုင်ငံရဲ့ အသင့်စား ခေါက်ဆွဲစားသုံးမှုက ကမ္ဘာမှာ အဆင့်လေးနေရာမှာရှိပြီး တရုတ် (တစ်နှစ်အထုပ်ရေ ဘီလီယံ ၄၀)၊ အင်ဒိုနီးရှား (၁၃ဘီလီယံ)နဲ့ ဂျပန် (၅ဘီလီယံ)တို့က အစဉ်လိုက်ရှိနေပါတယ်။

အခြားအသင့်စား အစားအစာအသစ် အမျိုးမျိုး ပေါ်လာတဲ့အတွက် ဗီယက်နမ်နိုင်ငံမှာ အသင့်စားခေါက်ဆွဲဈေးကွက် ကျဆင်းခဲ့ရခြင်းဖြစ်ကြောင်း CP Acecook Vietnam ရဲ့ ညွှန်ကြားရေးမှူးချုပ် ကာဂျီဝါရာက ပြောပါတယ်။ ဗီယက်နမ် ဈေးကွက်ဝေစုမှာ မာဆန်က ဒုတိယနေရာကို ရယူထားပါတယ်။ ဒါပေမယ့် အသင့်စား ခေါက်ဆွဲလုပ်ငန်းမှာ ယှဉ်ပြိုင်မှု ပြင်းထန်လွန်းတဲ့အတွက် ဈေးကွက်အလားအလာ မကောင်းဘူးလို့ ပြောပါတယ်။ ၂၀၁၅ ခုနှစ်မှာ ကုမ္ပဏီရဲ့ အသင့်စားခေါက်ဆွဲ တိုးတက်မှုနှုန်း ကျဆင်းခဲ့တာကို တွေ့ရပါတယ်။

ဒါကြောင့် အသင့်စားခေါက်ဆွဲရဲ့ခေတ် ကုန်သွားပြီလားလို့ ကုမ္ပဏီရဲ့ ရှယ်ယာဝင်တွေက မေးခွန်းထုတ်ခဲ့ကြပါတယ်။ ဂျပန်နိုင်ငံမှ ရောင်းအား ဒုတိယအကောင်းဆုံးဖြစ်တဲ့ အသင့်စားခေါက်ဆွဲ ထုတ်လုပ်ရေးလုပ်ငန်း နီဆင်က ဗီယက်နမ်မှာ မကြော်ရသေးတဲ့ အသင့်စားခေါက်ဆွဲ (Non-fried Instant Noddle) ကို ရောင်းချခဲ့ပါတယ်။ (တခြား အသင့်စားခေါက်ဆွဲတွေက ကြော်ထားတဲ့ ခေါက်ဆွဲတွေ ဖြစ်ပါတယ်)။ နီဆင်နဲ့ ယှဉ်ပြိုင်နိုင်ဖို့အတွက် Acecook ကလည်း မကြော်ရသေးတဲ့ ခေါက်ဆွဲ မီကိုချီကို ထုတ်လုပ်ရောင်းချခဲ့ပါတယ်။

ဒါပေမယ့် စားသုံးသူတွေရဲ့ စားသုံးမှု အလေ့အကျင့်ကို မပြောင်းလဲနိုင်တဲ့အတွက် ထုတ်ကုန်ပြောင်းလဲ ထုတ်လုပ်ရောင်းချမှုကလည်း အောင်မြင်မှု မရှိခဲ့ပါဘူးလို့ ဈေးကွက်ကျွမ်းကျင်သူတွေက ပြောပါတယ်။ အသင့်စားဈေးကွက်မှာ အသေးစား လုပ်ငန်း တွေသာမက ထုတ်လုပ်မှုလုပ်ငန်းကြီးတွေလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ အခက်အခဲ ရှိခဲ့တယ်လို့ ကုန်အမှတ်တံဆိပ် ကျွမ်းကျင်သူတွေက ပြောပါတယ်။ ဥပမာ - မီကိုချီတံဆိပ်သာမက သဘာဝကုန်ကြမ်းနဲ့ ထုတ်လုပ်တဲ့ ထုတ်ကုန်တွေ မှာလည်း အောင်မြင်မှုမရခဲ့ဘူးလို့ ပြောပါတယ်။

# အင်ဒိုနီးရှားနိုင်ငံရဲ့ အခွန်ကင်းလွတ်ခွင့်အစီအစဉ်ကို ယုံကြည်မှုပြန်လည်ရရှိလာ

အင်ဒိုနီးရှားနိုင်ငံရဲ့ အခွန်ကောက်ခံရေး အစီအစဉ်သစ်ရဲ့ ရည်ရွယ်ချက်က အခွန်ကောက်ခံမှု အခြေခံ နယ်ပယ်ကို ပိုမိုကျယ်ပြန့်အောင် ချဲ့ထွင်ဖို့နဲ့ ယုံကြည်မှုပြန်လည်တည်ဆောက်ဖို့ဖြစ်တယ်လို့ အင်ဒိုနီးရှား ဘဏ္ဍာရေးဝန်ကြီး ရှုရီမူလျာနီအိန္ဒရာဝတီက ပြောကြောင်း ချန်နယ်နယူးအေးရှားသတင်းမှာ ဖော်ပြပါတယ်။ ဒီအစီအစဉ်ကို အကောင်အထည်ဖော်တဲ့ ပထမလမှာ တိုးတက်မှု နှေးကွေးတဲ့အတွက် တိုးတက်မှုနှုန်း လျင်မြန်လာအောင် လက်တွေ့ကျကျ ချဉ်းကပ်ဆောင်ရွက်သွားမယ်လို့လည်း ပြောပါတယ်။

“အခုဆောင်ရွက်တဲ့ အခွန်ကင်းလွတ်ခွင့်ရဲ့ ရည်ရွယ်ချက်က ယုံကြည်မှုကို ပြန်လည်တည်ဆောက်ဖို့ သက်သက်သာ မကပါဘူး။ အခွန်ကောက်ခံမှုအခြေခံ နယ်ပယ်ကို ချဲ့ထွင်ပြီး အင်ဒိုနီးရှားနိုင်ငံရဲ့ စီးပွားရေးကို ကမ္ဘာမှာကြီးမားတဲ့ စီးပွားရေး အခြေခံစခန်းကြီး ဖြစ်လာအောင် ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်” လို့ တရုတ်နိုင်ငံ ဟန်ချောင်းမြို့မှာ ကျင်းပနေတဲ့ ဂျီ-၂၀ အစည်းအဝေးရဲ့ အလွတ်သဘော ဆွေးနွေးပွဲမှာ ချန်နယ်နယူးအေးရှသတင်းဌာနနဲ့ တွေ့ဆုံစဉ် သူမက ပြောပါတယ်။

အရေးကြီးတဲ့အချက်က နိုင်ငံကို ထူထောင်ဖို့အတွက် ကောင်းမွန်တဲ့ စီမံအုပ်ချုပ်မှုကို အခြေခံပြီး အခွန်ကောက်ခံဖို့လိုမယ်ဆိုတဲ့ အချက်ကို အခွန်ထမ်းတွေက သိမြင်ထားဖို့ လိုမယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်လို့ သူမက ပြောပါတယ်။

အခွန်ကောက်ခံမှု စနစ်သစ်ကို ဇူလိုင် ၁၈ရက်က တရားဝင်စတင်ခဲ့ပါတယ်။ အခွန်အကောက်ရငွေ တိုးမြှင့်ရေးအတွက် အခွန်ကောက်ခံမှု အစီအစဉ်ပြုပြင်ပြောင်းလဲရေးကို အကောင်အထည်ဖော်ရာမှာ အခွန်လွတ်ငြိမ်းချမ်းသာခွင့် အစီအစဉ်က အစိုးရရဲ့ နောက်ဆုံးကြိုးပမ်းချက် ဖြစ်ပါတယ်။ အစီအစဉ်သစ်အရ ချမ်းသာတဲ့ အင်ဒိုနီးရှား လူမျိုးတွေက မကြေညာဘဲထားတဲ့ ပိုင်ဆိုင်မှုတွေကို ပြန်လည်ထုတ်ဖော်လာအောင် အားပေးပါတယ်။ အခွန်လွတ်ငြိမ်း ချမ်းသာခွင့် သက်တမ်းကို ၂၀၁၇ ခုနှစ် မတ်အထိ တိုးမြှင့်ပေးထားပါတယ်။

အစီအစဉ်ကို စတင် အကောင်အထည်ဖော်ခဲ့တဲ့ ပထမလမှာ ကြေညာချက်ပေးခဲ့တဲ့ ပိုင်ဆိုင်မှုတန်ဖိုးက အမေရိကန်ဒေါ်လာ ၃ဒသမ ၂ဘီလီယံသာ ရှိခဲ့ရာ အစိုးရဘဏ္ဍာငွေအဖြစ် ရောက်ရှိလာမယ်လို့ ခန့်မှန်းထားတဲ့ အမေရိကန်ဒေါ်လာ ၃၀၂ ဘီလီယံနဲ့ နှိုင်းယှဉ်ရင် အချိုးအစား အနည်းငယ်သာ ရှိခဲ့ပါတယ်။



# မလေးရှားနိုင်ငံရဲ့ ရော်ဘာလက်အိတ် ထုတ်လုပ်မှု ၂၀၁၆ ဒုတိယနှစ်ဝက်မှာ တိုးမြှင့်ထုတ်လုပ်မည်

ကျန်းမာရေးအသိ မြင့်မားလာမှုနဲ့ ရောဂါဖြစ်ပွားမှုတွေ များပြားလာတဲ့အတွက် မလေးရှားနိုင်ငံရဲ့ ရော်ဘာလက်အိတ်ထုတ်လုပ်မှုက ၂၀၁၆ ခုနှစ်မှာ တိုးတက် ကောင်းမွန်ပြီး ပို့ကုန်တန်ဖိုး ရင်းဂစ် ၁၄ ဒသမ ၃ ဘီလီယံအထိ ရောက်ရှိကာ စံချိန်တင်နိုင်လိမ့်မယ်လို့ စတားအွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။ ရော်ဘာလက်အိတ် ထုတ်လုပ်မှုလုပ်ငန်းမှ ယခုနှစ်မှာ ပို့ကုန်ဝင်ငွေ ရင်းဂစ် ၁၄ဒသမ ၃ဘီလီယံရရှိအောင် ဆောင်ရွက်ဖို့ ရည်မှန်းထားတဲ့အတွက် ၂၀၁၅ ခုနှစ်က ရရှိခဲ့တဲ့ ပို့ကုန် ရင်းဂစ် ၁၃ဒသမ ၁ဘီလီယံနဲ့ နှိုင်းယှဉ်ရင် ၉ ဒသမ ၁ရာခိုင်နှုန်း မြင့်တက်ကာ စံချိန်တင်နိုင်မှာဖြစ်ကြောင်း မလေးရှား ရော်ဘာ ထုတ်လုပ်သူများအသင်း (MARGMA) ဥက္ကဋ္ဌ ဒင်းနစ်လိုးက စက်တင်ဘာ ၆ ရက်က ပြောပါတယ်။

“မလေးရှားနိုင်ငံက ယခုနှစ်မှာ ရော်ဘာလက်အိတ်အစုံ ၁၃၃ဒသမ ၆ ဘီလီယံကို တင်ပို့ဖို့ ရည်မှန်းထား ပါတယ်” လို့ ရှစ်ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ရော်ဘာလက်အိတ် ကွန်ဖရင့်နဲ့ ပြပွဲမှာ သူက သတင်းထောက်တွေကို ပြောပါတယ်။

၂၀၁၆ခုနှစ် ပထမနှစ်ဝက်မှာ ရော်ဘာထုတ်လုပ်မှု လုပ်ငန်းမှ ပို့ကုန်ဝင်ငွေ ရင်းဂစ် ၆ဒသမ ၄ဘီလီယံ ရရှိခဲ့ပါတယ်။ ရော်ဘာလက်အိတ်လုပ်ငန်းက ဒုတိယနှစ်ဝက်မှာ ရာသီအလိုက် ဖွံ့ဖြိုးတိုးတက်မှု မြင့်မားလာတဲ့ နည်းတူ ရောင်းအားလည်း မြင့်တက်လာလိမ့်မယ်လို့ လိုးက ပြောပါတယ်။

“ကမ္ဘာ့စီးပွားရေး နှေးကွေးကျဆင်းမယ်လို့ ခန့်မှန်းထားပေမယ့် ဇီကာဗိုင်းရပ်စ်ပိုး ဖြစ်ပွားမှုကြောင့် တရုတ်နဲ့ အိန္ဒိယ အပါအဝင် နိုင်ငံ အများအပြားမှာ ကျန်းမာရေးအသိ မြင့်တက်လာတဲ့အတွက် ရော်ဘာလက်အိတ် ဝယ်လိုအားက ဆက်လက် မြင့်တက်လာလိမ့်မယ်ဆိုတာ ကျွန်တော် ယုံကြည်ပါတယ်”လို့ သူက ပြောပါတယ်။

ဘာသာပြန်-မိုးမြင့် သန်းကို ဆိုဝါး ?

## ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**ဆိုးလ်**

ကမ္ဘာ့တစ်ဝန်းလုံးမှာ အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံဖိုးရှိ ကုန်စည်များ သောင်တင်နေတဲ့ ဟန်ဂျင်း သင်္ဘောလိုင်း ပြဿနာကို ဖြေရှင်းရေးအတွက် ဒုတိယအကြိမ် ငွေကြေးထောက်ပံ့ရေး အစီအစဉ်ကို သင်္ဘောလိုင်းရဲ့ အကြီးမားဆုံး ရှယ်ယာပိုင်ရှင် ကိုရီးယန်း အဲလိုင်းက စက်တင်ဘာ ၉ ရက်သို့ ရွှေ့ဆိုင်းလိုက်တဲ့အတွက် မရေရာမှုတွေ မြင့်မားလာကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

**ဝါရှင်တန်**

ဘဏ္ဍာရေး အကျပ်အတည်းကာလမှာ ဘဏ္ဍာရေးစနစ် ခြိမ်းခြောက်ခံရပါက ဆုံးရှုံးမှုများကို ကာကွယ် ဟန့်တားနိုင်ရန်အတွက် ဘဏ်များရဲ့ အရန်ငွေကြေးကို တိုးမြှင့်ထားရန် လိုအပ်လျက်ရှိတာကြောင့် ရန်ပုံငွေရှာဖွေရေး နည်းလမ်းများကို အမေရိကန်ဗဟိုဘဏ်က စက်တင်ဘာ ၈ ရက်မှာ ချမှတ်ပေးခဲ့ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

**ဗန်ကောက်**

ပြည်သူ့ဆန္ဒ ခံယူပွဲတွင် အခြေခံဥပဒေမူကြမ်းကို လက်ခံလိုက်ပြီးနောက်ပိုင်း ထိုင်းနိုင်ငံရဲ့ နိုင်ငံရေး အလားအလာများ ကောင်းမွန်လာတဲ့အတွက် ထိုင်းနိုင်ငံရဲ့ စားသုံးသူယုံကြည်မှုက ဩဂုတ်မှာ ဒုတိယမြောက်လအဖြစ် ဆက်လက်မြင့်တက်လာတယ်လို့ ထိုင်းကုန်သည်ကြီးများရဲ့ တက္ကသိုလ် စီးပွားရေးနဲ့ စီးပွားရေးလုပ်ငန်း ကြိုတင်ခန့်မှန်းရေးစင်တာ ညွှန်ကြားရေးမှူး သာနာဗတ်ဖွန်ဗီချိုင်းက စက်တင်ဘာ ၈ ရက်ကပြောကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

**ဟာနွိုင်း**

အဆင့်မြင့် နည်းပညာများကို အသုံးပြုပြီး ဘဏ်လုပ်ငန်းနဲ့ ဘဏ္ဍာရေးကဏ္ဍများကို တိုက်ခိုက်မှုများ မြင့်မားလာတဲ့အတွက် ကူးသန်းရောင်းဝယ်ရေးဘဏ်များနဲ့ ဖောက်သည်တွေအတွက် ဆောင်ရွက်ပေးနေတဲ့ အွန်လိုင်းငွေပေးချေမှုစနစ်ကို ပိုမိုလုံခြုံစိတ်ချရအောင် ဆောင်ရွက်ဖို့လိုတယ်လို့ ဗဟိုဘဏ်က စက်တင်ဘာ ၈ ရက်မှာ ကျင်းပတဲ့ အွန်လိုင်း ကွန်ဖရင့်မှာ ဗီယက်နမ်ဗဟိုဘဏ် ဒုတိယ အုပ်ချုပ်ရေးမှူး ငုယင်ကင်အန်းက ပြောကြောင်း ဗီယက်နမ်နယူးစ် သတင်းမှာ ဖော်ပြပါတယ်။

### South Asia

## အိန္ဒိယနိုင်ငံရဲ့ဝန်ဆောင်မှုကဏ္ဍ သုံးနှစ်ခွဲအတွင်းအမြင့်ဆုံးနှုန်းအထိမြင့်တက်

ပြည်တွင်း၊ ပြည်ပမှ ကုန်အမှာစာများ မြင့်တက်လာတဲ့အတွက် အိန္ဒိယနိုင်ငံရဲ့ ဝန်ဆောင်မှုကဏ္ဍက သုံးနှစ်ခွဲကာလအတွင်း အမြင့်ဆုံးနှုန်းအထိ တိုးတက်လာခဲ့ပါတယ်။ ဒါပေမယ့် ဈေးနှုန်းတွေ ကျဆင်းနေဆဲဖြစ်တဲ့အတွက် အိန္ဒိယဗဟိုဘဏ် (Reserve Bank of India) က အတိုးနှုန်းကို လျှော့ချမယ့် အလားအလာရှိတယ်လို့ စက်တင်ဘာ ၅ရက်ကထုတ်ပြန်တဲ့ လစဉ်စစ်တမ်းအစီရင်ခံစာမှာ ဖော်ပြကြောင်း တိုင်းမ်အော့ဖ် အိန္ဒိယသတင်းမှာ ဖော်ပြပါတယ်။ဝယ်လိုအား မြင့်တက်မှုက ရေရှည်တည်တံ့ဖို့ မသေချာတဲ့အတွက် ဈေးကွက်အလားအလာမှာ တိုးတက်မှုမရှိဘဲ တန့်နေဆဲဖြစ်ပါတယ်။

ဝန်ဆောင်မှုကဏ္ဍရှိ ကုမ္ပဏီတွေရဲ့ လအလိုက် ပြောင်းလဲမှု အခြေအနေကို ဖော်ပြတဲ့ Nikkei India Services Purchasing Managers' Index က ဇူလိုင်မှာ၅၁ဒသမ ၉ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပါတယ်။ ယခု မြင့်တက်မှုက ၁၄လမြောက်အဖြစ် ဆက်တိုက် မြင့်တက်ခဲ့တာ ဖြစ်ပါတယ်။

အညွှန်းကိန်းရမှတ်က ၅၀ အထက် ရမယ်ဆိုရင် လုပ်ငန်းဆောင်ရွက်မှု တိုးတက်တဲ့ သဘောဖြစ်ပြီး ၅၀ အောက်ကိုကျဆင်းပါက လုပ်ငန်းအခြေအနေကျဆင်းတဲ့သဘော ဖြစ်ပါတယ်။

“ဝန်ဆောင်မှုကဏ္ဍရဲ့ လုပ်ငန်းဆောင်ရွက်မှုက ဩဂုတ်လမှာ တိုးတက်မှုရှိတဲ့သဘောဖြစ်ပါတယ်။ လုပ်ငန်းသစ်တွေအတွက် ယှဉ်ပြိုင်မှုတွေ တိုးတက်နေတယ်ဆိုပေမယ့် စီးပွားရေးလုပ်ငန်းသစ်တွေက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အား ဖြစ်နေပါတယ်”လို့ IHS Markit မှ စီးပွားရေးပညာရှင် ပိုလျံနာဒီလီမာက ပြောပါတယ်။

### Middle East

## ရေနံစိမ်းဈေးနှုန်း မြှင့်တင်ရေးအတွက် ဆော်ဒီအာရေးဘီးယားနဲ့ ရုရှားတို့ရဲ့ဆောင်ရွက်မှုကို ကာတာနိုင်ငံက ချီးကျူး



ဂျီ-၂၀ ထိပ်သီးအစည်းအဝေးမှာ အလွတ်သဘော ဆွေးနွေးပွဲအဖြစ် ဆော်ဒီအာရေးဘီးယားနဲ့ ရုရှားနိုင်ငံတို့ ရေနံထုတ်လုပ်မှုနဲ့ ဈေးနှုန်းကိစ္စကို ဆွေးနွေးခဲ့ရာမှာ ရရှိခဲ့တဲ့ ရလဒ်တွေကို ကာတာနိုင်ငံက စက်တင်ဘာ ၅ရက်တွင် ကြိုဆိုခဲ့ကြောင်း ပင်နင်စူလာ ကာတာ သတင်းမှာ ဖော်ပြပါတယ်။

အစည်းအဝေးပြီးနောက် ဆော်ဒီအာရေးဘီးယားနဲ့ ရုရှား နှစ်နိုင်ငံစလုံးက ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့ပြီး ရေနံဈေးကွက်မှာ ရေနံအပိုအလျှံ မရှိအောင် ပူးပေါင်းဆောင်ရွက်မှာ ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဈေးကွက်ကို ကြီးကြပ်ဖို့နဲ့ ဈေးကွက် တည်ငြိမ်ပြီး ရေနံထုတ်လုပ်ရေးလုပ်ငန်းမှာ ပုံမှန်ရင်းနှီးမြှုပ်နှံရေးအတွက် လုပ်ငန်းအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းဖို့လည်း သဘောတူခဲ့ကြပါတယ်။ ကမ္ဘာမှာ ရေနံအများဆုံးထုတ်လုပ်တဲ့ နိုင်ငံကြီးနှစ်နိုင်ငံရဲ့ကြေညာချက်ကိုထောက်ခံကြောင်း ကာတာနိုင်ငံ စွမ်းအင်နှင့် စက်မှု ဒေါက်တာမိုဟာမက်ဘင်ဆာလဲအယ်လ်ဆာဒါက ပြောပါတယ်။

ဒေါက်တာ အယ်လ်ဆာဒါက အယ်လ်ဂျီးရီးယား စွမ်းအင်ဝန်ကြီး နူရီဒင်ဘိုတာဖာနဲ့ အိုပက်အထွေထွေအတွင်းရေးမှူး မိုဟာမက် ဆာနူဆီဘာကင်ဒိုနဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲမှာ ရေနံဈေးကွက် ကိစ္စများကို ပေါင်းစပ်ညှိနှိုင်းရေးနဲ့ စက်တင်ဘာအတွင်း အယ်လ်ဂျီးရီးယားမှာ ကျင်းပမယ့် အိုပက်အဖွဲ့ အလွတ်သဘော အစည်းအဝေးကျင်းပရေး ကိစ္စကို ဆွေးနွေးခဲ့ကြောင်း သူက ပြောပါတယ်။

ကာတာနိုင်ငံက အိုပက်အဖွဲ့ ဥက္ကဋ္ဌ တာဝန်ကို ယူထားရတဲ့အတွက် ရေနံဈေးကွက်မှာ ဈေးနှုန်းတည်ငြိမ်မှုအတွက် အခြားအဖွဲ့ဝင်များနဲ့အတူ ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း ဒေါက်တာအယ်လ်ဆာဒါက ပြောပါတယ်။

### East Asia

## ဒေဝါလီခံရန် လျှောက်ထားတဲ့ ဟန်ဂျင်း သင်္ဘောလိုင်းအတွက် မြီရှင်တို့က ချေးငွေထုတ်ပေးမည်

ဒေဝါလီခံရန် လျှောက်ထားခဲ့တဲ့ ဟန်ဂျင်း သင်္ဘောလိုင်း မိခင်ကုမ္ပဏီဖြစ်တဲ့ ဟန်ဂျင်းဂရုအနေနဲ့ အပေါင်ပေးမယ်ဆိုရင် အကြမ်းအားဖြင့် ဝမ် ဘီလီယံ ၁၀၀ (အမေရိကန်ဒေါ်လာ ၉၀ ဒသမ ၄၆ သန်း)ကို အစိုးရနောက်ခံထားတဲ့ မြီရှင်တွေက ထုတ်ချေးပေးမယ်လို့ တောင်ကိုရီးယား အစိုးရအရာရှိတွေက စက်တင်ဘာ ၅ ရက်က ပြောကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ကြွေးမြီများထူထပ်မှုကြောင့် ဟန်ဂျင်း သင်္ဘောလိုင်းက ဒေဝါလီခံဖို့အတွက် တရားရုံးရဲ့ စောင့်ရှောက်မှု ခံယူဖို့ စက်တင်ဘာ ပထမပတ်မှာ လျှောက်ထားခဲ့ပါတယ်။ ထိုသို့ လျှောက်ထားပြီးနောက်ပိုင်း ကမ္ဘာ့ကုန်သွယ်မှုကွန်ရက်မှာ ကသောင်းကနင်းတွေ ဖြစ်ခဲ့ရပြီး ဟန်ဂျင်းသင်္ဘောလိုင်းက ငွေမပေးချေနိုင်မှာစိုးရိမ်မှုကြောင့် ဆိပ်ကမ်းတွေက ဆိပ်ကမ်းကပ်ခွင့်မပြုသလို ကုန်တင် ကုန်ချသမားတွေကလည်း လုပ်ငန်းဆောင်ရွက်ရန်ငြင်းဆိုခဲ့ပါတယ်။

ဒေဝါလီခံခြင်းကို တောင်ကိုရီးယားတရားရုံးက အတည်ပြုခြင်း မပြုမီ ဩဂုတ်လကုန်အထိ စာရင်းအရ သင်္ဘောသယ်ယူ ပို့ဆောင်ခနဲ့ ဆိပ်ကမ်းအသုံးပြုခ အပါအဝင် ဟန်ဂျင်းသင်္ဘောလိုင်းက မပေးချေရသေးတဲ့ ကြွေးမြီ စုစုပေါင်း ဝမ်ဘီလီယံ ၆၀၀ခန့် ရှိကြောင်း တောင်ကိုရီးယားရေကြောင်းဝန်ကြီးဌာနက ပြောပါတယ်။ ၂၀၁၅ ခုနှစ် နှစ်ကုန်အထိ ကုမ္ပဏီက ပေးဆပ်ရန်ရှိတဲ့ ကြွေးမြီစုစုပေါင်းမှာ ဝမ် ၅ ဒသမ ၆ ထရီလီယံရှိတဲ့အတွက် ဒေဝါလီခံရာမှာ ရှင်းလင်းမယ့် ပမာဏက ကုန်သေတ္တာသင်္ဘောလိုင်း လုပ်ငန်းတွင် အများဆုံးပမာဏဖြစ်ပါတယ်။

စက်တင်ဘာ ၅ ရက်အထိ အခြေအနေအရ သင်္ဘော ၇၃ စင်းမှာ ထိန်းသိမ်းခံရခြင်း သို့မဟုတ် ကမ်းကပ်ခွင့် ငြင်းဆန်ခံရခြင်းတို့နဲ့ ရင်ဆိုင်နေရပါတယ်။ အဲဒီသင်္ဘောများတွင် ကုန်သေတ္တာတင်သင်္ဘော ၆၆ စင်းနဲ့ ဝမ်းပုံတင်သင်္ဘော ခုနစ်စင်း ပါဝင်ပါတယ်။

### Europe

## စီးပွားရေး အခက်အခဲတွေချိန်အတွက် ပြင်ဆင်ထားရမှာဖြစ်ကြောင်း ယူကေဝန်ကြီးချုပ် မေက ပြော

တရုတ်နိုင်ငံမှာ ကျင်းပတဲ့ ဂျီ-၂၀ ထိပ်သီးအစည်းအဝေးမှာ အီးယူမှ ဗြိတိန်နုတ်ထွက်မှု (ဘရက်ဇစ်) လွန်ကာလ ကုန်သွယ်မှုဆက်ဆံရေးကို အလေးပေး ဆောင်ရွက်လျက်ရှိရာ ဗြိတိန်နိုင်ငံ စီးပွားရေးက “ရှေ့မှာခက်ခဲတဲ့ ကာလ”ကို တွေ့ကြုံရဖွယ်ရှိတယ်လို့ ဝန်ကြီးချုပ် ထရီဆာမေက တွေ့ဆုံမေးမြန်းခန်းတစ်ခုမှာ ပြောကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

ဥရောပသမဂ္ဂမှ နုတ်ထွက်ဖို့ ဇွန်လ လူထုဆန္ဒခံယူပွဲအရ ဆုံးဖြတ်ခဲ့ပြီးနောက်ပိုင်း ဗြိတိန်နိုင်ငံမှာ တည်ငြိမ်မှုရှိဖို့လိုကြောင်းနဲ့ မကြာမီမှာ အထွေထွေရွေးကောက်ပွဲအသစ်ကို ကျင်းပမှာဖြစ်ကြောင်း မေက ဘီဘီစီရုပ်သံနဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ပြောပါတယ်။ ဗြိတိန်ရဲ့ စီးပွားရေး ကြံ့ခိုင်မှုနဲ့ ပတ်သက်ပြီး အကောင်းမြင်ဘက်မှာ ရှိနေပေမယ့် ရှေ့မှာခက်ခဲကြမ်းတမ်းမှုတွေ ရင်ဆိုင်ရဖွယ် ရှိကြောင်းလည်း သတိပေးထားပါတယ်။

“အားလုံး ချောမွေ့နေပြီလို့ ကျွန်မဟန်ဆောင် မပြောကြားလိုပါဘူး။ ရှေ့မှာ အခက်အခဲတွေနဲ့ ကြုံတွေ့လာရင် ရင်ဆိုင်နိုင်အောင် ကျွန်မတို့ ပြင်ဆင်ထားရပါတယ်။ ဒါပေမယ့် ကျွန်မကတော့ အကောင်းမြင်ဘက်မှာ ရှိပါတယ်”လို့ သူမက ပြောပါတယ်။

ဆန္ဒခံယူပွဲအပြီးမှာ ဝန်ကြီးချုပ်အဖြစ်မှ ဒေးဗစ်ကင်မရွန်း နုတ်ထွက်ပြီးနောက် ဇူလိုင်လမှာ မေက ဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်ခဲ့ပါတယ်။ မကြာမီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးဖို့ ရည်ရွယ်ထားကြောင်း သူမက ပြောပါ တယ်။

“နွေရာသီကာလအတွင်း အစိုးရရဲ့ဆောင်ရွက်ချက်များနဲ့ အီးယူနဲ့ ဆက်ဆံရေးနဲ့ပတ်သက်တဲ့ ရှေ့လုပ်ငန်းတွေကို ယခုရက်သတ္တပတ်အတွင်း ကျင်းပမယ့် ပါလီမန်မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်”လို့ သူမက ပြောပါတယ်။

မေက ဂျီ-၂၀ အစည်းအဝေးမှာ အမေရိကန်ပြည်ထောင်စုသမ္မတ ဘားရက်အိုဘားမား၊ တရုတ်သမ္မတ ရှီကျင်းဖျင်တို့နဲ့ တွေ့ဆုံဆွေးနွေးမှာ ဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

ဥရောပ ဗဟိုဘဏ် (အီးစီဘီ)က ချမှတ်မယ့် ငွေကြေးမူဝါဒ ဆုံးဖြတ်ချက် ထွက်ပေါ်လာရင် အာရှဒေသက ငွေကြေးတွေ တန်ဖိုးမြင့်တက်လာမယ်လို့ ရင်းနှီးမြှုပ်နှံသူတွေက မျှော်လင့်ထားကြပါတယ်။ ဒါပေမယ့် စက်တင်ဘာ ၈ ရက်က ကျင်းပတဲ့ ဥရောပဗဟိုဘဏ် အစည်းအဝေးမှာ စီးပွားရေး တွန်းအားပေးအစီအစဉ်ကို ထပ်မံဆောင်ရွက်မည့် အလားအလာကို မတွေ့ရတဲ့အတွက် ရက်သတ္တပတ်အလိုက် တန်ဖိုးမြင့်တက်ခဲ့တဲ့ အာရှငွေကြေး တန်ဖိုးများ စက်တင်ဘာ ၉ ရက်မှာ ကျဆင်းခဲ့ပါတယ်။

ကိုရီးယားကျွန်းဆွယ်မှာ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေး တင်းမာမှုများကြောင့် ရင်းနှီးမြှုပ်နှံသူတို့က ယခုနှစ်အတွင်း စွမ်းဆောင်ရည်မြင့်မားခဲ့တဲ့ အာရှငွေကြေးများကို ပြန်လည်ရောင်းချလာတာ တွေ့ရပါတယ်။

တရုတ်နိုင်ငံရဲ့ သွင်းကုန် တင်သွင်းမှုက နှစ်နှစ်အတွင်း ပထမဆုံး အကြိမ်အဖြစ် မြင့်တက်လာတဲ့အပြင် ပို့ကုန်တင်ပို့မှုကလည်း အနည်းငယ်သာ မြင့်တက်လာမှုကြောင့် ပို့ကုန်အားပြု အာရှနိုင်ငံတွေအတွက် အပြုသဘော အလားအလာတွေ ရှိနေပါတယ်။ ဒါကြောင့် တန်ဖိုးကျဆင်းမှုကို အနည်းငယ် သက်သာစေပါတယ်။

### တရုတ်ယွမ်

တရုတ်ဗဟိုဘဏ်က ဗဟိုဘဏ် ဖလှယ်နှုန်းကို လျှော့ချသတ်မှတ်ပြီးတဲ့နောက်ပိုင်း စက်တင်ဘာ ၉ ရက်မှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်တဲ့အခါ တရုတ်ယွမ်တန်ဖိုး ကျဆင်းခဲ့ပါတယ်။ ဟောင်ကောင်မှာ အရောင်းအဝယ်လုပ်နေတဲ့ Offshore ယွမ်က သုညဒသမ ၀၇ ရာခိုင်နှုန်း ကျဆင်းပြီး စက်တင်ဘာ ၉ ရက်မှာ အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၆၈၅၀ ယွမ်နှုန်း ရှိခဲ့ပါတယ်။ ရှန်ဟဲမှာ အရောင်းအဝယ်လုပ်နေတဲ့ Onshore ယွမ်က သုညဒသမ ၁၃ ရာခိုင်နှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၆ဒသမ ၆၇၅၅ ယွမ်နှုန်း ဖြစ်ခဲ့ပါတယ်။ တရုတ်ဗဟိုဘဏ်က ပျမ်းမျှဖလှယ်နှုန်းကို သုညဒသမ ၆၄ ရာခိုင်နှုန်း လျှော့ချပြီး အမေရိကန်တစ်ဒေါ်လာကို ၆ဒသမ ၆၆၈၄ ယွမ်နှုန်း သတ်မှတ်ပေးခဲ့ပါတယ်။

### အိန္ဒိယရူပီး

ပို့ကုန်လုပ်ငန်းရှင်များနဲ့ ဘဏ်များက အမေရိကန်ဒေါ်လာကို ဝယ်ယူမှု မြင့်မားလာတဲ့အတွက် ဘဏ်အချင်းချင်း ငွေကြေးဖလှယ်ရေး ဈေးကွက်မှာ စက်တင်ဘာ ၉ ရက် ရူပီးတန်ဖိုးက ဒေါ်လာနဲ့ ဖလှယ်ရာမှာ သုညဒသမ ၁၃ ရူပီးနှုန်း ကျဆင်းပြီး ၆၆ဒသမ ၅၅ ရူပီးနှုန်းရှိခဲ့ပါတယ်။

အခြားငွေကြေးတွေနဲ့ ဖလှယ်ရာမှာ အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်မှုနဲ့ ပြည်တွင်းရှယ်ယာဈေးနှုန်းတွေ ကျဆင်းမှုကလည်း ရူပီးငွေကြေး ကျဆင်းမှုအပေါ် အကျိုးသက်ရောက်မှု ရှိခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။

### ဂျပန်ယန်း

စက်တင်ဘာ ၉ ရက်က ယန်းငွေနဲ့ ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုး ကျဆင်းခဲ့ပြီး အမေရိကန်ပြည်ထောင်စုက အတိုးနှုန်းမြှင့်တင်ပေးမယ့် အချိန်နဲ့ ပတ်သက်ပြီး မရေရာမှုတွေ ဆက်လက်ဖြစ်ပွားနေတဲ့အတွက် ဒေါ်လာတန်ဖိုးက ရက်သတ္တပတ်အလိုက် ဆက်လက်ကျဆင်းမယ့် အလားအလာတွေ တွေ့နေရပါတယ်။

အမေရိကန်ဒေါ်လာ တန်ဖိုးက စက်တင်ဘာ ၈ရက်က ၁၀၂ ဒသမ ၆၀ ယန်းနှုန်းအထိ မြင့်တက်ခဲ့ရာမှ နောက်တစ်နေ့မှာ သုညဒသမ ၄ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၁၀၂ ဒသမ ၁၂ ယန်းနှုန်းအထိ ရှိခဲ့ပါတယ်။ ရက်သတ္တပတ်အလိုက် နှိုင်းယှဉ်ရင် ၁ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

စက်တင်ဘာ ၈ ရက်မှာ ဥရောပဗဟိုဘဏ်က အဓိက အတိုးနှုန်းကို မပြောင်းလဲဘဲ ဆက်လက်ထားရှိခဲ့ပြီးနောက် ယူရိုတန်ဖိုးက သုညဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ပြီး တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ဒသမ ၁၂၈၀ နှုန်းရှိခဲ့ပါတယ်။

### မလေးရှားရင်းဂစ်

အမေရိကန် ပြည်ထောင်စုမှာ အလုပ်လက်မဲ့ ခံစားခွင့်တောင်းခံမှု အခြေအနေ တိုးတက်မှုကြောင့် အမေရိကန် အလုပ်သမားဈေးကွက် ဆက်လက် ကောင်းမွန်နေကြောင်း ထုတ်ပြန်တဲ့ ကိန်းဂဏန်းအခြေအနေများ အရတွေ့ရပြီးနောက်ပိုင်း စက်တင်ဘာ ၉ ရက်မှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုး ကျဆင်းခဲ့ပါတယ်။

အမေရိကန် ဒေါ်လာနဲ့ ရင်းဂစ်တို့ရဲ့ ဖလှယ်နှုန်းက စက်တင်ဘာ ၈ ရက်မှာ တစ်ဒေါ်လာကို ၄ဒသမ ၀၄၂၀ ရင်းဂစ်နှုန်း ရှိရာမှ နောက်တစ်နေ့ နံနက် ၉နာရီမှာ တစ်ဒေါ်လာကို ၄ ဒသမ ၀၆၃၀ ရင်းဂစ်နှုန်း ရှိခဲ့ပါတယ်။ အခြားအဓိက ငွေကြေးနဲ့ ဖလှယ်ရာမှာလည်း အများအားဖြင့် ရင်းဂစ်တန်ဖိုး ကျဆင်းပါတယ်။

### တောင်ကိုရီးယားဝမ်

မြောက်ကိုရီးယား နိုင်ငံက နျူကလီးယားစမ်းသပ်မှုကို တိုးမြှင့်ဆောင်ရွက်တဲ့အတွက် ကိုရီးယားကျွန်းဆွယ်မှာ ပထဝီနိုင်ငံရေး တင်းမာမှုများ မြင့်တက်မှုကြောင့် စက်တင်ဘာ ၉ရက်မှာ ဝမ်တန်ဖိုး ကျဆင်းခဲ့ပါတယ်။ ဒေါ်လာနဲ့ ဖလှယ်ရာမှာ တောင်ကိုရီးယား ဝမ်တန်ဖိုးက ယခင်နေ့ ဈေးပိတ်ချိန်နဲ့ နှိုင်းယှဉ်ရင် ၈ဒသမ ၃၀မ်နှုန်း ကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၁၁၀၀ ဒသမ ၉၀ဝမ်နှုန်း ရှိခဲ့ပါတယ်။

### ထိုင်းဘတ်

ရိုက်တာ သတင်းဌာနက ပြုစုထားတဲ့ အချက်အလက်များအရ ထိုင်းဘတ်တန်ဖိုးကလည်း စက်တင်ဘာ ၈ရက်က အမေရိကန် တစ်ဒေါ်လာကို ၃၄ ဒသမ ၆၈ ဘတ်နှုန်းရှိရာမှ နောက်တစ်နေ့ နံနက်မှာ ဘတ်ငွေတန်ဖိုးက သုည ဒသမ ၁၇ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၃၄ ဒသမ ၇၄ ဘတ်နှုန်း ရှိခဲ့ပါတယ်။

## တောင်ကိုရီးယားဗဟိုဘဏ်က စက်တင်ဘာတွင် မူဝါဒအတိုးနှုန်းကို မပြောင်းလဲဘဲထားမည်

စက်တင်ဘာ ၉ရက်က တောင်ကိုရီးယားနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှု ခိုင်မာစေဖို့အတွက် တောင်ကိုရီးယားဗဟိုဘဏ်က မူဝါဒအတိုးနှုန်းကို စံချိန်တင် အနိမ့်ဆုံးအထိ သတ်မှတ်ပေးခဲ့ပါတယ်။ ဒီနှုန်းထားအတိုင်း မပြောင်းလဲဘဲ စောင့်ကြည့်အနေထားမျိုးနဲ့ ဆောင်ရွက်ခဲ့တာ သုံးလဆက်တိုက်ရှိခဲ့ပါတယ်။ ယခု စက်တင်ဘာမှာလည်း ဗဟိုဘဏ်ရဲ့ မူဝါဒအတိုးနှုန်းကို မူလအတိုင်း မပြောင်းလဲဘဲ ဆက်လက်ထားရှိမှာဖြစ်ကြောင်း စက်တင်ဘာ ၉ ရက်က ဆုံးဖြတ်ခဲ့ပါတယ်။

တောင်ကိုရီးယား နိုင်ငံမှာ အိမ်ထောင်စုကြွေးမြီတွေ အဆမတန် လျင်မြန်စွာ တိုးတက်လာခြင်းနဲ့ အမေရိကန်ပြည်ထောင်စုမှာ ဗဟိုဘဏ်အတိုးနှုန်း မြှင့်တင်ပေးမယ့် အလားအလာတွေ ရှိနေခြင်းတို့ကြောင့် ဗဟိုဘဏ်တာဝန်ရှိသူတို့က စိုးရိမ်မှုတွေ ရှိလာပါတယ်။ ဒါကြောင့် တောင်ကိုရီးယားဗဟိုဘဏ် ငွေကြေးမူဝါဒ ဘုတ်အဖွဲ့ဝင်တွေက ဗဟိုဘဏ် အတိုးနှုန်းကို ၁ ဒသမ ၂၅ ရာခိုင်နှုန်းအတိုင်း ဆက်လက်ထိန်းထားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

တောင်ကိုရီးယားဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်ရေးကို စဉ်းစားရာမှာ အမေရိကန် အတိုးနှုန်းမြှင့်တင်မှုအခြေအနေကိုကြည့်ပြီး ဆောင်ရွက်မှာဖြစ်ကြောင်း၊ ဗဟိုဘဏ်က ဒေါ်လာ-ဝမ် ဖလှယ်နှုန်း အတက်အကျကို အနီးကပ် လေ့လာလျက်ရှိကြောင်း တောင်ကိုရီးယား ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး လီဂျူယိုးက ပြောပါတယ်။

အလုပ်သမားဈေးကွက်ရဲ့ စွမ်းဆောင်ရည်၊ စီးပွားရေးလုပ်ငန်းများရဲ့ အလားအလာနဲ့ ငွေကြေးဖောင်းပွမှု အခြေအနေတွေ တိုးတက်ကောင်းမွန်လာတဲ့အတွက် ဗဟိုဘဏ် အဓိကအတိုးနှုန်းကို ပြောင်းလဲဖို့ အကြောင်းတရားတွေ များပြားလာပြီဖြစ်ကြောင်း အမေရိကန် ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျနက်ယယ်လင်က ဩဂုတ်လအတွင်းက ပြောခဲ့ပါတယ်။ ဒါပေမယ့် အတိုးနှုန်း မြှင့်တင်ပေးမယ့်ရက်ကိုတော့ ထုတ်ဖော်ပြောကြားခြင်း မရှိသေးပါဘူး။

## ၂၄ယောက်မြောက် အိန္ဒိယ ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးအဖြစ် ပေတဲ တာဝန်ယူ

အိန္ဒိယဗဟိုဘဏ်ရဲ့ ၂၄ယောက် မြောက် အုပ်ချုပ်ရေးမှူးအဖြစ် အာဂျစ်အာပေတဲက စက်တင်ဘာ ၄ရက်မှာ စတင်တာဝန်ထမ်းဆောင်ခဲ့ကြောင်း တိုင်းမ်အော့အိန္ဒိယသတင်းမှာ ဖော်ပြပါတယ်။

မွမ်ဘိုင်းမြို့ မင်တိုလမ်းရှိ အိန္ဒိယဗဟိုဘဏ်မှာ အုပ်ချုပ်ရေးမှူး အလွှဲအပြောင်းလုပ်ရာမှာ တခမ်းတနား ဆောင်ရွက်လေ့ရှိသော်လည်း ပေတဲ တာဝန်လွှဲပြောင်းချိန်တွင်မူ တခမ်းတနား ဆောင်ရွက်ခြင်းမရှိဘဲ နောက်တစ်နေ့ ဗဟိုဘဏ်ရဲ့ သတင်းထုတ်ပြန်ချက်မှာသာ ထည့်သွင်းကြေညာပေးခဲ့ပါတယ်။ အလားတူပင် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပေတဲက သိုသိုသိပ်သိပ်ပင် လုပ်ဆောင်လိမ့်မယ်လို့ လေ့လာဆန်းစစ်သူတို့က မျှော်လင့်ထားပါတယ်။

တရားဝင်လုပ်ငန်း မလွှဲပြောင်းမီ တစ်ရက်အလိုမှာ ရာဂျန်က သူဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းရဲ့ ရှေ့လုပ်ငန်းစဉ်ကို ကြေညာခဲ့ရာ ရာဂျန်ရှေ့မှ တာဝန်ယူခဲ့သူ ဒီဆပ်ဘရောင်းလည်း တက်ရောက်ခဲ့ပါတယ်။ အလားတူပင် ဆပ်ဘရောင်းနဲ့ ရာဂျန်တို့ တာဝန်လွှဲပြောင်းစဉ်ကလည်း ငွေကြေး ထိန်းချုပ်ရေးကို ပထမဦးစားပေးအဖြစ်ထားရှိကြောင်း ဆပ်ဘရောင်းက ကြေညာခဲ့သည်။

ပေတဲက မင်တိုလမ်းမရှိ ဗဟိုဘဏ်နဲ့ စိမ်းသူမဟုတ်ဘဲ ၂၀၁၃ ခုနှစ် ဇန်နဝါရီမှစ၍ အိန္ဒိယဗဟိုဘဏ် ငွေ ကြေးမူဝါဒ ဌာနခွဲကို ကြီးကြပ်ရတဲ့ ဒုတိယအုပ်ချုပ်ရေးမှူး ဖြစ်ပါတယ်။ ယခုနှစ် ဇန်နဝါရီမှာ သူ့ကို ဒုတိယသက်တမ်းအဖြစ် ဆက်လက် ခန့်ထားခဲ့ခြင်း ဖြစ်ပါတယ်။ ဆပ်ဘရောင်းနဲ့ ရာဂျန်တို့ တာဝန်ယူခဲ့ရတဲ့ ၂၀၀၈ ခုနှစ် ၂၀၁၃ ခုနှစ်အတွင်း အိန္ဒိယ စီးပွားရေး မှေးမှိန်နေချိန်နဲ့ နှိုင်းယှဉ်ပါက ပေတဲ တာဝန်ယူချိန်မှာ အိန္ဒိယရဲ့ ငွေကြေးဖောင်းပွမှုနှုန်းက အနည်းငယ်သာ ရှိခဲ့ပါတယ်။ ဒ့ါအပြင် သူတာဝန်ယူချိန်မှာ ရှိတဲ့ အိန္ဒိယနိုင်ငံရဲ့ စီးပွားရေးက အဓိက ကမ္ဘာ့စီးပွားရေးများတွင် တိုးတက်မှု အလျင်မြန်ဆုံးရှိခဲ့ပါတယ်။ ဒါပေမယ့် စိန်ခေါ်မှုတွေက ရှိနေဆဲဖြစ်ပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

အရုပ်

# အင်းကြွင်းစံ

## ကလေးကစားကွင်းနှင့်သံထည်လုပ်ငန်း

(လျှော၊ ဒန်း၊ ဆီးလျှော၊ ကစားစရာအမျိုးမျိုး၊ အဆောက်အဦနှင့် သံပန်း၊ သံတံခါးအမျိုးမျိုး)









အမှတ်(၃၅၇)၊ ၆၄-ရပ်ကွက်၊ ဖောင်ကြီးလမ်းနှင့်မိုးမခ(၁)လမ်းထောင့်၊ တောင်ဒဂုံမြို့နယ်။
09-5175237, 09-448033887, 09-448050188

## MYA FAMILY CUSTOMS CLERING AGENCY



အမှတ် ၁၂၁၊ ဗိုလ်ရှဲလမ်း၊ လသာမြို့နယ်။
ဖုန်း- ၀၁ ၃၇၇၂၆၂၊ ၀၁ ၃၈၉၇၇၆၊ ၀၉ ၅၁၈၃၂၁၇ ဖက်စ်- ၃၈၉၇၇၆၊
အိမ်ဖုန်း- ၀၁ ၅၄၆ ၂၉၈Hot Line ; ၀၉၅၀၀၁၉၅၃
e.mail: myafamily.mm@gmail.com

## ကမ္ဘာကျော်

စားသောက်ကုန်၊ ဆေးဝါး၊ ရေသန့် နှင့် ဓာတုဗေဒကုန်ကြမ်း ရောင်းဝယ်ရေး




အမှတ် (၁၁၁)၊၂၇လမ်း (အလယ်)ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။
Ph : 01-378613,381169,09-73246652,09-5082816,09-250506751
Email:kabarkyawchemical@gmail.com


"Stay with "ALPINE"
ALPINE®
Purified Drinking Water
'Live Longer
and
Healthier'
ACM
ISO 22000
UKAS
ALPINE PROMISES HEALTH

# ဇီကာပိုင်းရပ်စ် ပြဿနာကို အတူတကွ ဖြေရှင်းကြဖို့ အာဆီယံကို စင်ကာပူဝန်ကြီးချုပ်က နှိုးဆော်

ဇီကာပိုင်းရပ်စ်ပိုးက အရှေ့တောင်အာရှဒေသတွင် အမြစ်တွယ်နေတော့မယ့် သဘောရှိကြောင်းနဲ့ ဇီကာပိုင်းရပ်စ်ပိုးရောဂါကူးစက်မှုကြောင့် ဒေသတွင်းကုန်သွယ်မှု မထိခိုက်စေရေးအတွက် လက်တွဲ ဖြေရှင်းကြဖို့ စင်ကာပူဝန်ကြီးချုပ် လီရှန်လုံးက စက်တင်ဘာ ၆ရက်က တိုက်တွန်းကြောင်း စထရိတ်တိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။

ဇီကာပိုင်းရပ်စ်ပိုးကို ရေရှည်နှိမ်နင်းရေးအတွက် ပြင်ဆင်ထားကြဖို့ လီက (၂၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှာ ပြောပါတယ်။

"အေဒီးစ်ခြင်ကျားက ကျွန်တော်တို့ ဒေသတွင်းမှာ တွေ့ရှိနေပြီဖြစ်တဲ့အတွက် ဇီကာပိုင်းရပ်စ်ပိုးကလည်း သွေးလွန်တုပ်ကွေးရောဂါလို အမြဲဖြစ်ပွားတတ်တဲ့ ရောဂါမျိုးဖြစ်လာနိုင်ပါတယ်" လို့ သူက ပြောပါတယ်။ ၂၀၀၇ ခုနှစ် နောက်ပိုင်းကစပြီး ဒီရောဂါပိုးက နိုင်ငံပေါင်း ၇၂နိုင်ငံမှာ ပြန့်ပွားနေပြီဖြစ်ကြောင်း သူက ပြောပါတယ်။

ဇီကာပိုင်းရပ်စ်ပိုး တိုက်ဖျက်ရေးအတွက် ပြင်ဆင်ထားသင့်ကြောင်းနဲ့ တစ်ဆက်တည်းမှာ ဒေသတွင်း စီးပွားရေးလုပ်ငန်းတွေနဲ့ ကုန်သွယ်မှုကို ဆက်လက် ချိတ်ဆက်သွယ်နိုင်အောင် ဆောင်ရွက်ထားရန်လိုကြောင်း သူက ပြောပါတယ်။ ဇီကာပိုင်းရပ်စ်ပိုး တိုက်ဖျက်ရေးအတွက် စင်ကာပူနိုင်ငံက ပူးပေါင်းဆောင်ရွက်ဖို့ ဆန္ဒရှိကြောင်း လီက အတည်ပြု ပြောကြားပါတယ်။

ယခုလက်ရှိ အခြေအနေမှာ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နဲ့ မလေးရှားတို့မှာလည်း ဖြစ်ပွားနေကြောင်း သတင်းရရှိထားပါတယ်။

ဇီကာပိုင်းရပ်စ်ပိုးက အာဆီယံဒေသတွင်းနိုင်ငံများမှာ ရင်ဆိုင်နေရတဲ့ ကျန်းမာရေးဆိုင်ရာ ခြိမ်းခြောက်မှုဖြစ်ကြောင်းနဲ့ မီးခိုးမြူအပါအဝင် ပြဿနာဟောင်းတွေကိုပါ ပူးတွဲဖြေရှင်းဖို့ လိုအပ်ကြောင်း လီက ပြောပါတယ်။ ဥပမာအားဖြင့် လွန်ခဲ့တဲ့ သုံးနှစ်က ချမှတ်ခဲ့တဲ့ အာဆီယံ မီးခိုး မြူ စောင့်ကြည့်ရေးစနစ်ကို လက်တွေ့ အကောင်အထည်ဖော်ရန် အရေးကြီးကြောင်း သူက ပြောပါတယ်။ ဒီလို ဆောင်ရွက်နိုင်မယ်ဆိုရင် မီးခိုးမြူညစ်ညမ်းမှုကို ဖြစ်ပေါ်စေတဲ့ ကုမ္ပဏီတွေကိုပြတ်ပြတ်သားသား သတိပေးလိုက်သလို ဖြစ်နိုင်ကြောင်း သူက ပြောပါတယ်။

**ဉာဏ်တင်**




Japan, Korea, Singapore, Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO SERVICES ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

SL SINOR LINES

RO/RO SERVICE FOR MYANMAR

<< AUGUST And SEPTEMBER Sailing Schedule >>

DATE : 12th September 2016

| VESSEL | Height (m) | | | | | JAPAN | | | | | | KOREA | | | SINGAPORE | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | KOBE | SAKAI SENBOKU | HAKATA | YOKOSUKA | NAGOYA | YOKOHAMA | MASAN | INCHEON | ULSAN | SINGAPORE | YANGON | LAEM CHABANG |
| MV.CITY OF MUMBAI V.32 | 1.55 | 1.90 | 2.20 | 3.50 | X | 12.7.2016 | | 9.7.2016 | | 13.7.2016 | 14.7.2016 | | | | 23.7.2016 | 27.7.2016 | 4.8.2016 |
| | S/O CUT | | | | | 8.7.2016 | | 5.7.2016 | | 9.7.2016 | 10.7.2016 | | | | | | |
| MV.HOEGH CHENNAI V.26 | 1.55 | 1.90 | 2.20 | 3.50 | X | 27.7.2016 | | | | 30.7.2016 | 29.7.2016 | | | | 7.8.2016 | 12.8.2016 | |
| | S/O CUT | | | | | 23.7.2016 | | | | 26.7.2016 | 25.7.2016 | | | | | | |
| MV.CITY OF MUMBAI V.33 | 1.55 | 1.90 | 2.20 | 3.50 | X | 17.8.2016 | | 15.8.2016 | | 18.8.2016 | 19.8.2016 | | 13.8.2016 | | 27.8.2016 | 1.9.2016 | 8.9.2016 |
| | S/O CUT | | | | | 13.8.2016 | | 11.8.2016 | | 14.8.2016 | 15.8.2016 | | | | | | |
| MV.HOEGH CHENNAI V.27 | 1.55 | 1.90 | 2.20 | 3.50 | X | 31.8.2016 | | | | 1.9.2016 | 2.9.2016 | | | | 12.9.2016 | 16.9.2016 | |
| | S/O CUT | | | | | 27.8.2016 | | | | 28.8.2016 | 29.8.2016 | | | | | | |

***** SUBJECT TO CHANGE WITH OR WITHOUT NOTICE *****

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542, 2306027, 2306028
Mobile : + 95 9 5035797
Fax : + 95 1 2305543
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ),
: docs.gle@gmail.com ( Document ), gleltd.marketing@gmail.com ( Marketing ),
: goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)

Business Development Manager : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Tin Tun Aung (95 9 448049234)
Mr. Thiha Theik (95 9 5145801)
Customer Service : Ms. Hilda (95 9 402794677)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing : Ms. Ja Seng Eain ( 95 9 262611717)
Marketing : Mr.Kyaw Kyaw Aung(959420085073)

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။